# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

**လောကဝဂ်(ဓမ္မပဒ - ၁၇၂)**


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၀၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဗြိတိန်နိုင်ငံအောက်လွှတ်တော် ဥက္ကဋ္ဌအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Mr. John Bercow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ည ၆ နာရီတွင် ဇမ္ဗူသီရိမြို့နယ်ရှိ ၎င်း၏နေအိမ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ တက်ရောက်လာကြသူများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စကားပြောကြားပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ မြန်မာနိုင်ငံဆိုင်ရာဗြိတိန်သံအမတ်ကြီး Mr. Andrew Patrick နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ **Mr. John Bercow** အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ် (သတင်းစဉ်)



# ခရီးသွားလုပ်ငန်းဖြင့် ဒေသ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်

**နေပြည်တော် အောက်တိုဘာ ၄**

ခရီးသွားလုပ်ငန်းဆောင်ရွက်ရာတွင် ရရှိမည့် အကျိုးအမြတ်များကို ဒေသခံပြည်သူများအနေဖြင့် သွယ်ဝိုက်အကျိုးကျေးဇူးများသာမက တိုက်ရိုက်အကျိုးကျေးဇူးရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကယားပြည်နယ်ရှိ လူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည်။

ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူသည် ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုး၊ ဗိုလ်ချုပ် သန်းထွဋ်၊ ဒေါက်တာထွန်းနိုင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပန်ပက်ကျေးရွာအုပ်စုရှိ ကယန်း(ပဒေါင်)တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)


KBZ BANK
STRENGTH OF MYANMAR
သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ပိတ်ဆို့မှုများအလွန် စီးပွားရေးတည်ဆောက်မှု

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေရိကန်ခရီးစဉ်အတွင်း ထူးခြားသော နိုင်ငံရေး၊ စီးပွားရေးအောင်မြင်မှုများကို ရရှိခဲ့သည်။ ထိုအထဲတွင် ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များဆိုင်ရာ ပိတ်ဆို့ထားမှုများကို ဖြေလျှော့ပေးခြင်း (SDN) နှင့် အထူးကုန်သွယ်မှု အခွင့်အလမ်းများ (GSP) ပြန်လည်ပေးအပ်ခြင်းများ ပါဝင်ခဲ့သည်။

ထို့သို့အထူးကုန်သွယ်မှုအခွင့်အလမ်းပေးအပ်သော ဖွံ့ဖြိုးပြီးနိုင်ငံ ၁၁ နိုင်ငံရှိသည့်အနက် ဥရောပမှ ၂၀၁၃ ခုနှစ်၌ GSP ပြန်လည်ပေးအပ်မှုကြောင့် မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် အဝတ်အစားတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၆၅ ဘီလီယံရရှိခဲ့သည်ဟု သိရသည်။ အမေရိကန်နှင့် မြန်မာကြားကုန်သွယ်နိုင်သော ပစ္စည်းအမျိုးအမည် ၅၀၀၀ ခန့်အနက် မည်သည့်ပစ္စည်းများ ကုန်သွယ်ခွင့်ရမည်ကို နိုဝင်ဘာ ၁၃ ရက်တွင် သိရှိရမည်ဟု ဆိုပါသည်။ ယခင်အစိုးရလက်ထက်က GSP ပြန်လည်မရရှိခြင်းမှာ အဓိကအကြောင်းရင်း သုံးရပ်ကြောင့်ဖြစ်သည်။ ၎င်းတို့မှာ အလုပ်သမားအခွင့်အရေးအပြည့်အဝ မရှိမှု၊ ကလေးအလုပ်သမား အသုံးပြုမှု၊ ဉာဏပစ္စည်း မူပိုင်ခွင့်များနှင့် ပတ်သက်သော အခိုင်အမာဥပဒေမရှိမှုစသည်တို့ ဖြစ်သည်။ ယခုအစိုးရလက်ထက်တွင်လည်း ထိုနယ်ပယ်သုံးရပ်၌ သိသိသာသာတိုးတက်မှုမရှိသည့်တိုင်အောင် GSP အခွင့်အရေးပြန်လည်ရရှိခဲ့ရာ အဓိကအားဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာ၊ အရှိန်အဝါနှင့် ကြိုးပမ်းအားထုတ်မှုကြောင့်ဟုပင် ဆိုရပါမည်။

သို့သော် ပိတ်ဆို့မှုများဖယ်ရှားပြီး ကုန်သွယ်မှုအထူးအခွင့်အရေးများ ရရှိသည့်တိုင်အောင် မိမိတိုင်းပြည်အတွက် အကျိုးအမြတ်ရရှိအောင် ထိုအခွင့်အလမ်းများကို အမိအရအသုံးချနိုင်ရေးအတွက် လိုအပ်ချက်များစွာ ရှိနေပါသည်။ တရားဥပဒေ စနစ်ခိုင်မာမှု၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန် ဥပဒေများအဆင်ပြေစွာ လုပ်ဆောင်နိုင်မှု၊ ကုမ္ပဏီစည်းမျဉ်း ဥပဒေများနှင့် လုပ်ပိုင်ခွင့်ပေးအပ်မှုများ စနစ်တကျဖြစ်မှု၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ လုပ်ငန်းစနစ်၊ လုပ်ထုံးလုပ်နည်းများ၊ ခွင့်ပြုထားသော ကဏ္ဍများ၊ ပြန်လည်သုံးသပ်ရန် လိုအပ်မှု၊ အလုပ်သမားအခွင့်အရေးများကို နိုင်ငံတကာအဆင့်မမီလျှင်တောင်မှ မိမိနိုင်ငံအနေအထားအရ ကိုက်ညီအောင် ပြုပြင်သွားရန်လိုအပ်မှု၊ အသိဉာဏ်ပစ္စည်းဆိုင်ရာနှင့် ပတ်သက်သော ဥပဒေများ အသက်ဝင်နေရန်လိုအပ်မှု၊ ယခင်က မြေဈေးကြီးမြင့်မှုကြောင့် တပ်လန်သွားသော ကုမ္ပဏီများစွာရှိခဲ့သည့်အတွက် မြေယာအသုံးချမှုပေါ်လစီကို ရင်းနှီးမြှုပ်နှံသူများလက်ခံလာအောင် လုပ်ဆောင်ပေးရန်လိုအပ်မှု၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး အခြေခံအဆောက်အအုံဆိုင်ရာများ တိုးချဲ့ရန်လိုအပ်မှု၊ ငွေကြေးခဝါချမှုနှင့်ဆိုင်သော ဥပဒေများရှိရန်လိုအပ်မှု၊ လက်ဝါးကြီးအုပ်မှု၊ ပြိုင်ဆိုင်မှုနှင့် ပတ်သက်သော ဥပဒေများလေ့လာရန်လိုအပ်မှု၊ ငွေလဲလှယ်မှု၊ ငွေလွှဲမှုနှင့် ဆိုင်သော နည်းစနစ်များ လေ့လာရန်စသော များပြားသည့် လိုအပ်ချက်များ ရှိနေပါသည်။

အခြားအရေးကြီးသောကိစ္စများတွင် အဂတိလိုက်စားမှု ကင်းစင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေးကိစ္စများ ပါဝင်ပါသည်။

ကမ္ဘာ့ဘဏ်က ပြုလုပ်သည့် ကုမ္ပဏီကြီးများဆိုင်ရာ အချက်အလက်ဆန်းစစ်ချက် (၂၀၁၄) အရ အချို့သောလုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ ဥပဒေအားဖြင့် လုပ်ပိုင်ခွင့်လိုင်စင်၊ ပြည်တွင်းသို့ တင်သွင်းခွင့်လိုင်စင်ရယူခြင်း၊ လျှပ်စစ်ဆက်သွယ်မှုပိုင်းဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိရန်ဆောင်ရွက်ခြင်း သို့မဟုတ် အခွန်အရာရှိများနှင့် အစည်းအဝေးများပြုလုပ်ခြင်းတို့တွင် အဂတိလိုက်စားမှုများရှိနေပြီး မြန်မာနိုင်ငံ၏အဂတိလိုက်စားမှုသည် အာရှပစိဖိတ်ဒေသ၏ ပျမ်းမျှထက် သိသာစွာမြင့်မားနေသည်ဟု ဆိုပါသည်။ အမေရိကန်ကုမ္ပဏီများနှင့် တွဲဖက်လုပ်ဆောင်လိုလျှင် ပွင့်လင်းမြင်သာမှုသည်လည်း အရေးကြီးကိစ္စတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ထိပ်တန်းအခွန်ဆောင်သူအယောက် ၁၀၀၀ ကို ထုတ်ပြန်ကြေညာပေးခြင်းအားဖြင့် အစိုးရကပွင့်လင်းမြင်သာမှုကို မြှင့်တင်ပေးခဲ့သည်။

"ပွင့်လင်းမြင်သာမှုမရှိရင် တာဝန်ခံမှုဆိုတာလည်း ရှိမှာမဟုတ်ပါဘူး။ ပွင့်လင်းမြင်သာမှုမရှိသရွေ့ကတော့ အခုဒီရင်းနှီးမြှုပ်နှံမှုတွေဟာ ပြည်သူလူထုကိုပဲအကျိုးပြုမလား၊ မပြုဘူးလားဆိုတာရယ်၊ ဒါမှမဟုတ် အနည်းငယ်သော အခွင့်ထူးခံတချို့သာ အကျိုးရှိမလားဆိုတာတွေကို ဘယ်လိုနည်းနဲ့မှ သိနိုင်မှာမဟုတ်ပါဘူး"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ထို့ကြောင့် အစိုးရ၏လွတ်လပ်၊ တက်ကြွသော နိုင်ငံခြားရေးပေါ်လစီဖြင့် ကမ္ဘာ့အလယ်တွင် နိုင်ငံရေးအရရပ်တည်ရန် ကြိုးပမ်းနေသလို၊ ပွင့်လင်းမြင်သာသော၊ အဂတိကင်းစင်သော၊ လုပ်သာကိုင်သာရှိသော စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် နိုင်ငံတကာမှရင်းနှီးမြှုပ်နှံသူများရော၊ ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြည်သူများပါ ခံစားရရှိနိုင်မည့် လူမှုစီးပွားရေးရပ်ဝန်းတစ်ခု တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ။




## မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖမ်းဆီးနည်းဆင့်ပွားသင်တန်း အမှတ်စဉ် (၂/၂၀၁၆) ဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်း၌ အောက်တိုဘာ ၃ ရက်က ဖမ်းဆီးနည်း ဆင့်ပွားသင်တန်းအမှတ်စဉ် (၂/၂၀၁၆) သင်တန်းဖွင့်ပွဲကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှ ရဲမှူးနှင့်ရဲအရာရှိများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများနှင့်သင်တန်းနည်းပြများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆင့်ပွားသင်တန်းတွင် ခရိုင်အတွင်းမှ သင်တန်းသားအရာရှိ ခုနစ်ဦးနှင့် အခြားအဆင့်ရှစ်ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းကာလမှာ အောက်တိုဘာ ၃ ရက်မှ ၁၄ ရက်အထိဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

ထင်သာမြင်သာပြုပြင်စရာ

# ရေဗွက်အိုင်ကြီးနှင့်အမှိုက်ပုံအား ပြုပြင်ရှင်းလင်းပေးစေလို

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်ကွက် နှင်းဆီလမ်းထိပ်ရှိ ဗွက်အိုင်ကြီးမှာ ကာလရှည်ကြာလာသည်နှင့်အမျှ အနံ့အသက်ဆိုးများ ပျံ့လွင့်လျက်ရှိပြီး အဆိုပါရေဗွက်အိုင်ကြီးအနီးတွင် အမှိုက်များကိုပါ လာရောက်စွန့်ပစ်ထားသဖြင့် ပတ်ဝန်းကျင်နေပြည်သူများမှာ စိတ်အနှောင့်အယှက်ဖြစ်လျက်ရှိနေကြောင်း သိရသည်။

"ဒီဗွက်အိုင်က မိုးဦးကတည်းက ရေဝပ်နေတာ ခုချိန်ထိပါပဲ။ ဘယ်မှလည်း ရေစီးစရာမရှိဘူး။ ဗွက်အိုင်ကလမ်းထိပ်မှာ လမ်းလုံးပြည့်ဖြစ်နေတော့ လမ်းသွားချင်တဲ့ လူတွေက ဘယ်လိုမှ သွားလို့လာလို့ကို မရဘူး။ ဒီကြားထဲ အိမ်တချို့က လမ်းသွားတဲ့သူတွေ ခြေနင်းဖြစ်အောင် လုပ်သလိုလိုဘာလိုလိုနဲ့ ဗွက်အိုင်ဘေးမှာအမှိုက်တွေလာပုံကြတယ်။ ကြာတော့ အမှိုက်ပုံက လမ်းထိပ်ရောက်နေပြီ တဖြည်းဖြည်းနဲ့ အမှိုက်ပုံကြီးဖြစ်လာတော့မယ်။ ကားတစ်စီးလောက် ဖြတ်မောင်းသွားရင် အဲဒီဗွက်အိုင်က ရေပုပ်အနံ့က ပတ်ဝန်းကျင်အထိပြန့်တယ်"ဟု အဆိုပါလမ်းတွင်နေထိုင်သူတစ်ဦးက ပြောသည်။

အဆိုပါဗွက်အိုင်မှ အနံ့အသက်ဆိုးများထွက်လျက်ရှိသည့်အပြင် ဗွက်အိုင်အနီးတွင် စွန့်ပစ်အမှိုက်များမှာ စုပုံနေပြီဖြစ်၍ လမ်းသွားလမ်းလာကြသူများနှင့် နေအိမ်များ ကျန်းမာရေးအတွက်ပါ စိုးရိမ်ရပါသဖြင့် ရပ်ကွက်နေပြည်သူများက လမ်းနှင့်အမှိုက်ပုံအား ပြုပြင်ရှင်းလင်းပေးကြရန် ဆန္ဒရှိနေကြကြောင်း သိရသည်။



**နေအောင်(ပြန်/ဆက်)**

# ဝက်ထီးကန်၌ မူခင်းအသိပညာပေးဟောပြော

**ပြည် အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်ရဲစခန်းနယ်မြေ ဝါးရုံဆိပ်ကျေးရွာ အုပ်စု ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မူခင်းအသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာလနောက်ဆုံးပတ်က ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူး မောင်မောင်စိုးက မူခင်းကျဆင်းရေးဆိုင်ရာများနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ဝက်ထီးကန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်တင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်အမှတ်အသားများနှင့် ဆိုင်ကယ်စီးနင်းသူများလိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း ဟောပြောခဲ့ပြီး တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ဝ၅၅)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၄-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၁၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၈ · ၈၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ · ၇၇၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၃၂ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာရှိ ထီးပွင့်ကန်ကို ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အတူ ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာရှိ လူထုအခြေပြု ခရီးသွားလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ထီးပွင့်ကန်သို့ သွားရောက် ကြည့်ရှုလေ့လာသည်။

အဆိုပါ ထီးပွင့်ကန်သည် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအနီး ငွေတောင်ဆည်၏ အရှေ့မြောက်ဘက်၌ တည်ရှိပြီးအလျား ၂၂၇ ပေ၊ အနံ ၁၁၅ ပေရှိ၍ ရွှံ့နုန်းမြေများဖြင့် ထီးပွင့်သဏ္ဌာန်ရေပြင်ပေါ်သို့ ပြူတက်တည်ရှိသည်။ ထီးပွင့်ကန်သည် ဘူမိဗေဒသဘောအရ မြေပြင်အနီးကပ် ဖြစ်ထွန်းလာသည့် မီးတောင်ဟောင်းဖြစ်ပြီး ချော်ခဲများတွင် ထုံးခါတ်များများပါရှိသည်။ ထိုချော်ခဲတုံးနှင့် ရေထိတွေ့သည့်အခါ အခိုးထွက်လာပြီး သဲနုန်းများပါဝင်၍ တဖြည်းဖြည်း ရေပြင်ပေါ်တွင် ထီးသဏ္ဌာန် ဖြစ်ပေါ်လာကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တနီးလာလဲကျေးရွာအနီးရှိ ကန်ခုနစ်ဆင့်သို့ရောက်ရှိကြရာ ဖိုးဗျားခန်းမ၌ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း အဖွဲ့ဝင် ကျေးရွာဥက္ကဋ္ဌ ဦးတီရယ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တနီးလာလဲလေ့လာရေးခရီးစဉ်၌ ကယားတိုင်းရင်းသား ရိုးရာချည်မျှင်ထုတ် လုပ်ငန်းနှင့် ရိုးရာဓလေ့ထုံးတမ်းများ ပြန်လည်ဖော်ထုတ်တင်ဆက်နေမှု၊ ရပ်ရွာဓလေ့ဖြစ်သည့် တောလိုက်ခြင်း၊ ရိုးရာတံခွန်တိုင်လှူဒါန်းထူခြင်း ကြက်ရိုးထိုးခြင်းတို့ကို ခရီးသွားများအား ဆွဲဆောင်နေမှု၊ International Trade Center (ITC)၏ အကူအညီဖြင့် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များကို သင်တန်းများပို့ချပေးနေမှု၊ ဒေသဆိုင်ရာခရီးသွား ဧည့်လမ်းညွှန်များမွေးထုတ်ပေးနေမှု၊ ဘာဒိုကျေးရွာ၌ သဘာဝ အခြေခံခရီးသွားလုပ်ငန်းနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီးခရီးသွားလုပ်ငန်းဖြင့် ဒေသ၏ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကိုလက်ဆင့်ကမ်း အမွေပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ကန်ခုနစ်ဆင့် ရေကန်အနီးရှိ တောတောင်များကို စဉ်ဆက်မပြတ် သဘာဝအတိုင်း တည်ရှိနေရန် ဒေသခံပြည်သူများနှင့်အတူ လက်တွဲထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်ပါကြောင်း၊ လူထုအခြေပြုခရီးသွားလုပ်ငန်း၏ သဘောသဘာဝကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင် ပညာပေး ဆောင်ရွက်ခြင်းဖြင့် ဒေသခံများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမှသည် လုပ်ငန်းများပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဖိုးဗျားခန်းမအတွင်းရှိ ကယားတိုင်းရင်းသား ရိုးရာချည်မျှင်ထုတ်လုပ်ငန်းနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များ၊ ဖိုးဗျားရိုးရာအိမ်၊ ကန်ခုနစ်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ကယားပြည်နယ်သို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ပြည်ပခရီးသွား ဧည့်သည် ၃၉၈၆ ဦး ဝင်ရောက်ခဲ့ပြီး လိုင်စင်ရဧည့်လမ်းညွှန်နှင့် ဒေသဆိုင်ရာဧည့်လမ်းညွှန် စုစုပေါင်း ၂၃၄ ဦး ရှိသည်။ ကယားပြည်နယ်၌ တောင်ကွဲစေတီ၊ မြို့နာမ်စေတီ၊ ကန္ဒရဝတီဟော်နန်း၊ ထီးပွင့်ကန်၊ ကန်ခုနစ်ဆင့်၊ ထီးစဲခါးရေတံခွန်၊ လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကြွတ်ဂူ၊ နောင်ယားကန်၊ ပန်ပက်ကျေးရွာနှင့် တနီးလာလဲကျေးရွာခရီးစဉ်များကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသို့ရောက်ရှိပြီး ကယန်း (ပဒေါင်) တိုင်းရင်းသားများအားရင်းရင်းနှီးနှီး နှုတ်ဆက်၍ ရိုးရာလက်မှုလုပ်ငန်းများ၊ ရိုးရာယဉ်ကျေးမှုအကများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယသမ္မတက ဒေသခံတိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း ပြောကြားပြီး ကျေးရွာယဉ်ကျေးမှု အဖွဲ့သို့ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်ဆည်ကို သွားရောက်ကြည့်ရှုလေ့လာသည်။

ငွေတောင်ဆည်ကို ၁၉၆၂ ခုနှစ်တွင် ငွေကျပ် ၂၀ ဒသမ ၁၇ သန်း အကုန်အကျခံ၍ မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ လယ်ယာမြေဧက ၅၈၇၇ ဧကကို ဆည်ရေပေးဝေနိုင်ခဲ့သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ အရှေ့ဘက် ၁၀ မိုင်အကွာ၌ တည်ရှိသည့် ထုံးကျောက်သဘာဝလိုဏ်ဂူသို့ သွားရောက် ကြည့်ရှုလေ့လာသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကယားပြည်နယ် ခန်းမ၌ ကျင်းပသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်နှင့် မူခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုအခြေအနေအား ရှင်းလင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) တို့ သဘောတူလက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံစီမံကိန်း (Country Programme) (၂၀၁၄-၂၀၁၇)တွင် ပါဝင်သည့် အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲ အကောင်အထည်ဖော်ရေး အတွက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက နေပြည်တော် ရှိုင်ရယ် အေစီအီးဟိုတယ်၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် UNODC မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ Mr. Troels Vester က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ပြောင်းလဲလာသော မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အယူအဆများ၊ မြန်မာနိုင်ငံမှုခင်းကြိုတင်ကာကွယ်ရေးတွင် အဓိကဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူ့အခွင့်အရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ဒုတိယရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ကြသည်။





အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို နံနက် ၁၁ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ဆက်လက်ကျင်းပခဲ့ရာ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များနှင့် လမ်းညွှန်ချက်များ၊ အတွေ့အကြုံကောင်းများ၊ မြန်မာနိုင်ငံ၌ နှစ်အလိုက် ဖြစ်ပွားခဲ့သော မှုခင်းအမျိုးအစားများနှင့် အရင်းခံ အကြောင်းတရားများ၊ အန္တရာယ်ဖြစ်စေသော အကြောင်းတရားများ၊ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်နှင့် မှုခင်းကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက်အထိ နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် မူဝါဒချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ Help Age International အဖွဲ့နှင့် ထိုင်းနိုင်ငံ Themasat University တို့ ပူးပေါင်းဆောင်ရွက်သော မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် မူဝါဒချမှတ်ခြင်းဆိုင်ရာအတွေ့အကြုံများရှင်းလင်းဆွေးနွေးပွဲ ("Experience Sharing Workshop on Policy Analysis and Policy Development Processes with Focus on NCDs") ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန်းဝင်းက အမှာစကားပြောကြားပြီး Help Age International မှ နည်းပညာအကြံပေး ဒေါက်တာစိုးမြင့်က မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် မူဝါဒချမှတ်အကောင်အထည်ဖော်မှု၏အရေးကြီးပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ Themasat University မှ အပြည်ပြည်ဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှစ်ဦးက ထိုင်းနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို တင်ပြဆွေးနွေးရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# De Heus တိရစ္ဆာန်အစာစပ်စက်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

အောက်တိုဘာ ၁ ရက် ညနေပိုင်းတွင် မော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီး၌ ကျင်းပသည့် နယ်သာလန်နိုင်ငံ De Heus ကုမ္ပဏီ တိရစ္ဆာန်အစာစပ်စက်ရုံဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်အရပ်ရပ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။



ယင်းနောက် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများကထုတ်လုပ်ပြီး တိရစ္ဆာန်အစာများ စနစ်တကျ သိုလှောင်ထားရှိမှုများ၊ ထုပ်ပိုးနေမှုများ၊ စက်ရုံတစ်ခုလုံး၏ လည်ပတ်ထုတ်လုပ်နေမှု အဆင့်တိုင်းကို အဆင့်မြင့်စက်ကိရိယာများဖြင့် ထိန်းချုပ် ဆောင်ရွက်နေမှုများအား အသေးစိတ် ရှင်းလင်းပြသကြသည်။

ထို့နောက် နယ်သာလန်နိုင်ငံ De Heus ကုမ္ပဏီ တိရစ္ဆာန်အစာစပ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက အဖွင့်အမှာစကား ပြောကြားရာ၌ မွေးမြူရေးကဏ္ဍတွင် အဓိကသွင်းအားစု အရင်းအနှီးတိရစ္ဆာန်အစာ ကုန်ကျစရိတ်လျှော့ချနိုင်ရေးအတွက် ဈေးနှုန်းချိုသာပြီး အစာအရည်အသွေးကောင်းမွန်မှု၊ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာနှင့် စံချိန်စံညွှန်း ကောင်းမွန်မှု၊ မွေးမြူရေးခြံနည်းပညာပံ့ပိုးပေးမှု၊ မွေးမြူရေးသမားများ၏ လုပ်ငန်းလုပ်ဆောင်ရည် တိုးမြှင့်လာစေရေးနှင့် အကျိုးအမြတ် ဖြစ်ထွန်းရေးတို့အတွက် De Heus ကုမ္ပဏီမှ စီမံဆောင်ရွက်ထားရှိမှုများကို ကြိုဆိုပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တင်သွင်း/တင်ပို့ခြင်းဆိုင်ရာ စည်းကမ်းချက်များ ထုတ်ပြန်၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းတင်ပို့ရာတွင် အဟန့်အတားဖြစ်စေသည့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ (ခွာနာလျှာနာ၊ ကြက်ငှက်တုပ်ကွေး၊ ဝက်ဝမ်းကျ) အစရှိသည့် ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ကင်းရှင်းပပျောက်စေရန် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ အာဆီယံ အသားကဏ္ဍလုပ်ငန်းအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (Sustainable Development Goal)နှင့်အညီ ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေပြီး အကျိုးအမြတ်များသည့် လယ်ယာ၊ သား၊ ငါးထုတ်ကုန်ပစ္စည်းများအား တိုးမြှင့်ထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ကဏ္ဍအသီးသီးမှ သက်ဆိုင်သူများအားလုံးတို့က ပူးပေါင်းဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားသည်။

မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထောက်ပံ့မှုများ ပေးနိုင်ရေးအတွက် နယ်သာလန်နိုင်ငံမှ ကုမ္ပဏီများနှင့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကမ္ဘာပေါ်တွင် တိရစ္ဆာန်အစားအစာ ထုတ်လုပ်သည့် ထိပ်သီးကုမ္ပဏီ ၁၅ ခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိ De Heus ကုမ္ပဏီသည် နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံတွင် တိရစ္ဆာန်အစာစပ်စက်ရုံ လာရောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

**အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉ ။)**

**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အရေးပေါ်စီမံမှုအက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၇။)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



**နေပြည်တော်ဒက္ခိဏသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးရှိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ရန်အောင်မြင်အုပ်စု ရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အောက်တိုဘာ ၁ ရက်က ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောစဉ်**
ကိုမျိုး(ရွှေပေါက်ကံ့)

# ပဲခူး၌ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေး

**ပဲခူး အောက်တိုဘာ ၄**

ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ အသက်



(၁၀ နှစ်)ပြည့် ကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၂ ရက်က နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးတင့် ဦးဆောင်သော ဝန်ထမ်းများသည် နန်းတော်ရာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်ညိုနှင့် အဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၏ ကူညီပံ့ပိုးမှုဖြင့် အသက်(၁၀ နှစ်)ပြည့်ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသူ ကျောင်းသား ကျောင်းသူ ၃၂၅ ဦးတို့ကို နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

# မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ မင်းကင်း၌ကျင်းပ

**မင်းကင်း အောက်တိုဘာ ၄**

မင်းကင်းမြို့နယ် မောက္ကတော်ကျေးရွာ အထက(ခွဲ)ကျောင်း၌ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ နောက်ဆုံးပတ်က ကျင်းပခဲ့ရာ အဆိုပါဟောပြောပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်းက မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပြီး မောက္ကတော်နယ်မြေရဲစခန်းမှူး ရဲအုပ် ချစ်မင်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မဝေ**

# စုံညီခုံရုံးက အယူခံမှုအမှတ် (၁၄)နှင့် (၁၅)တို့အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၄**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးကျော်ရွှေ (ရခိုင်အမျိုးသားပါတီ)အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကျော်ခင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်) အား ဦးကျော်ခင်က ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၁၄/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။

အယူခံမှုတင်သွင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးက ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဦးကျော်ရွှေသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးကျော်ခင်၏ ကန့်ကွက်လျှောက်ထားလွှာကို စရိတ်နှင့်တကွ ပယ်ကြောင်း ချမှတ်ခဲ့သည့် မူလခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်ကို ဆက်လက်အတည်ပြု၍ အယူခံလျှောက်ထားသူ၏ အယူခံမှုကို စရိတ်နှင့်တကွ ပယ်ကြောင်း၊ အမှုစရိတ်ငွေကျပ် တစ်သိန်းကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအား ပေးစေသည့် အပြီးသတ်အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးစစ်နိုင် (ရခိုင်အမျိုးသားပါတီ)အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသခင်ချို (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်) အား ဦးသခင်ချိုက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၁၅/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။

အယူခံမှုတင်သွင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးက ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစစ်နိုင်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးသခင်ချို၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်ကြောင်း ချမှတ်ခဲ့သည့် မူလခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်အမိန့်အား ဆက်လက်အတည်ပြု၍ အယူခံလျှောက်ထားသူ၏ အယူခံမှုကို စရိတ်နှင့်တကွ ပယ်ကြောင်း၊ အယူခံမှုအမှုစရိတ် ငွေကျပ်တစ်သိန်းတိတိကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူအား ပေးစေသည့် အပြီးသတ်အမိန့် ချမှတ်ခဲ့ကြောင်း သိရှိရသည်။

**( သတင်းစဉ် )**

# ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ၌ အရှည်ပေ ၇၀၀ ခန့်ရှိ ရေဆိပ်တံတားပြုပြင်ပြီးစီး



**ကျွန်းစု အောက်တိုဘာ ၄**

ကျွန်းစုမြို့နယ်၌ ကမ္ဘာ့ဘဏ်၏အထောက်အပံ့အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ ရေဆိပ်တံတားပြုပြင်ပြီးစီး၍ အောက်တိုဘာ ၃ ရက် နံနက် ၁၁ နာရီက ဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတံတားမှာ အလျားပေ ၇၀၀၊ အကျယ် ရှစ်ပေရှိ ကွန်ကရစ်တံတားဖြစ်ပြီး ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ငွေကျပ် သိန်း ၃၄၀၊ စခန်းသစ်ကျေးရွာနေ အလှူရှင် ဦးအုန်းမြင့်-ဒေါ်စန်းမြင့် (ထွင့်ခေါင်ဆောက်လုပ်ရေး) နှင့် ရွာသူ/ရွာသားများ၏ ထည့်ဝင်ငွေကျပ် ၃၇၈ သိန်း၊ စုစုပေါင်းငွေကျပ် ၇၁၈ သိန်း အကုန်အကျခံကာ တံတားကို ပြုပြင်ပြီးစီးခဲ့သည်။

အဆိုပါတံတားဖွင့်ပွဲသို့ ကမ္ဘာ့ဘဏ်မှ ဩစတြေးလျနိုင်ငံသား Mr.Wigder Nofer နှင့် အမေရိကန်နိုင်ငံသူ Mrs. Susanelizabet Wong၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းထွန်း၊ မြို့နယ်ကျေးလက် ဦးစီးဌာနဦးစီးမှူး ဦးသန်းထွန်းဦးနှင့် ဝန်ထမ်းများ၊ ဒေသခံများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရန်နိုင် (ပြန်/ဆက်)**

❀ *ကျောဖုံးမှ*

အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကုန်သည်/စက်မှုအသင်းချုပ်၌ ကျင်းပစဉ် ဦးမျိုးသန့်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာပို့ကုန်များအဆင်ပြေချောမွေ့စွာတင်ပို့နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပို့ကုန်များအနေဖြင့် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်သင့်ကြောင်း၊ အရည်အသွေးထိန်းချုပ်မှုအားနည်းသည့် ပို့ကုန်များအနေဖြင့် ရေရှည်တွင်အောင်မြင်ရန်ခက်ခဲကြောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့သွားရန် လိုအပ်ကြောင်း၊ တရုတ်နိုင်ငံဘက်မှ မြန်မာပို့ကုန်များ၏အားနည်းချက်များကို အခွင့်ကောင်းယူ၍ မတန်တဆဈေးနှိမ်ဝယ်ယူနေမှုကို ကျော်လွှားနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာပို့ကုန်တင်ပို့သူများ၊ ထုတ်လုပ်သူများအနေဖြင့် ပို့ကုန်များ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်တင်ပို့ရန် လိုအပ်လာမည်။

# ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပြုလုပ်နိုင်ရန် အောက်တိုဘာလလယ်တွင် ကွင်းဆင်းစစ်ဆေးမည်

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ခြောက်မြို့ ခရိုင်သုံးခရိုင် ကျေးရွာ ၁၆ ရွာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်နိုင်ရန် အောက်တိုဘာလလယ်တွင် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းထံမှ သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ရောဝတီမြစ်ဘေးရှိ ကျေးရွာ ၁၆ ရွာအတွက် ခွင့်ပြုငွေကျပ် ၃၆၄၉ ဒသမ ၅ သန်း ကျပြီးဖြစ်သည်။ အဆိုပါ ခွင့်ပြုငွေထဲမှ အရေးပေါ်ကမ်းပြိုကာကွယ်ရေးအတွက် သန်း၁၅၀ ပါဝင်ပြီးဖြစ်သည်။ ကမ်းပြိုကာကွယ်ရေးတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဉ့်ကူးမြို့၊ မတ္တရာမြို့၊ ပုသိမ်ကြီးမြို့၊ စဉ့်ကိုင်မြို့၊ မြင်းခြံမြို့နှင့် တောင်သာမြို့တို့ဖြစ်ကြပြီး ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်တို့ဖြစ်သည်။

အဆိုပါ ခရိုင်များထဲတွင် ပြင်ဦးလွင်ခရိုင်တွင် ရွှေကျင်ကျေးရွာအုပ်စု အင်္ဂတီကျေးရွာ၊ ထုံးကြီးကျေးရွာ၊ စားကျက်ကြီးကျေးရွာ၊ ထီးကုန်းသာယာဝတီကျေးရွာ၊ ဟသ်ာမကျေးရွာ၊ သဒ္ဒေးကုန်းကျေးရွာ၊ ဆည်သည်ကျေးရွာ၊ သဖန်းထောင်ကျေးရွာ၊ ရွာတန်းရှည်ကျေးရွာ၊ ကျွန်းဆင်ကျေးရွာ၊ သမင်ခြံကျေးရွာ ရွာ ၁၁ ရွာအတွက် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ရန် ငွေကျပ်သန်း ၂၅၇၅ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျောက်ဆည်ခရိုင်တွင် မြို့ပြင်သစ် သက်တော်ရှစေတီတော်ရှေ့နှင့် ဇောတိကသစ်စက်ရှေ့၊ ပုလိပ်ကျေးရွာ တောင်ကင်းရပ်ကွက်နှင့် မြောက်မြေရပ်ကွက် ကမ်းပြိုကာကွယ်ရေးအတွက် ငွေကျပ်သန်း ၅၁၆ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြင်းခြံခရိုင်တွင်လည်း ရန္တပိုကျေးရွာ ရန်ပြေမာန်စေတီတော်၊ ရဘဲကျေးရွာ၊ ဒါးကျွန်းကျေးရွာအတွက် ငွေကျပ်သန်း ၄၀၇ ဒသမ ၈ သန်းနှင့် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ်သန်း ၁၅၀ အား တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**

# ရန်ကုန်တိုင်းဒေသကြီးအဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဆင်နွှဲ

**ရန်ကုန် အောက်တိုဘာ ၄**

နေပြည်တော်တွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သရဖီခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားကို ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်က "တိုင်းပြည်နဲ့ လူမျိုးအတွက် အင်မတန်အရေးကြီးတဲ့ အမျိုးသားယဉ်ကျေးမှုအနုပညာရပ်တွေ ထိန်းသိမ်းမြှင့်တင်ရေးတာဝန်တစ်ရပ်ကို လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်လိုက်တာပဲဖြစ်ပါတယ်။ ပြိုင်ပွဲဝင် လူငယ်မောင်မယ်တွေအနေနဲ့လည်း ဆုတံဆိပ်တွေရရှိတဲ့ အဆင့်သာမက အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တွေ ထိန်းသိမ်းမြှင့်တင်နိုင်တဲ့အဆင့်ထိ ကြီးမားတဲ့အောင်မြင်မှုကို ရယူကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သဘင်ပညာဌာနမှ ကျောင်းသူလေးများက




ပခန်းယိမ်းအကများဖြင့် လည်းကောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးသီချင်းပြိုင်ပွဲတွင်ဆုရရှိသည့် မခင်မြတ်မွန်က ဗိုလ်ရှုသဘင် သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခြေခံပညာ(၁၀-၁၅)အဆင့်ပြိုင်ပွဲတွင် ဆိုင်းအဖွဲ့လိုက်(အမျိုးသမီး) အဖွဲ့က ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပြိုင်ပွဲဝင်များက သတ်မှတ်ထားသော နေရာများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ယင်းပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်တွင် ဆက်လက်ကျင်းပရာ ပထမဆုရရှိသူသည် အောက်တိုဘာလလယ်တွင် နေပြည်တော်၌ကျင်းပမည့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးသို့ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ထွန်းအောင်ရှိန်**
**ဓာတ်ပုံ-မောင်မောင်**

## သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# ရဟန်း၊ သာမဏေများအတွက် သာသနာ့ဝင်စိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေး

**လားရှိုး အောက်တိုဘာ ၄**

လားရှိုးမြို့နယ် နောင်မွန်ကျေးရွာ မဟာကုသလာရာမ ကျောင်းတိုက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လင်းနှင့် ဝန်ထမ်းများက စက်တင်ဘာလ နောက်ဆုံးပတ်က ရဟန်းတစ်ပါးနှင့် သာမဏေ ၆၄ ပါးတို့အား သာသနာ့ဝင် စိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး စိစစ်ရေးကတ်ပြားများကို ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လင်းတို့က မဟာကုသလာရာမ ကျောင်းတိုက်ဆွမ်းစားဆောင်၌ ရဟန်း၊ သာမဏေများလက်ဝယ်သို့ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း တံခွန်စိုက်ဖလားဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ဦးဆောင်ကာ (၃၉) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ အမျိုးသမီးလေးပေါက်တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ၂၁၂ မှတ် ရရှိ၍ ရန်ကုန်တိုင်းဒေသကြီးအသင်းက ၂၄၁ မှတ်ဖြင့် အနိုင်ရရှိကာ အမျိုးသားခြောက်ပေါက်တန်းပြိုင်ပွဲ၌ မန္တလေးတိုင်းဒေသကြီးအသင်းက ၃၆၇ မှတ်ရရှိပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းက ၃၉၃ မှတ်ဖြင့် အနိုင်ရရှိကာ တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိခဲ့သည်။ **(ယာပုံ)**

ပြိုင်ပွဲအပြီး အမျိုးသမီးလေးပေါက်တန်းတွင် ပထမ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယ မန္တလေးတိုင်းဒေသကြီး၊ တတိယ ဧရာဝတီတိုင်းဒေသကြီးတို့က လည်းကောင်း၊ အမျိုးသားခြောက်ပေါက်တန်းတွင် ပထမ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယ မန္တလေးတိုင်းဒေသကြီး၊ တတိယ မကွေးတိုင်းဒေသကြီးတို့က လည်းကောင်း၊ တက်သစ်စအမျိုးသားဆု ကရင်ပြည်နယ်မှ ဝင်းကိုကိုရှိန်း၊ အမျိုးသမီးဆု မန္တလေးတိုင်းဒေသကြီးမှ သီရိကျော်၊ အကောင်းဆုံးအမျိုးသားဆုရ မန္တလေးတိုင်းဒေသကြီးမှ ခိုင်ဇော်မင်း၊ အမျိုးသမီးဆုရ ရန်ကုန်တိုင်းဒေသကြီးမှ သင်းသင်းခိုင်တို့အား ငွေသားဆုနှင့် ဆုတံဆိပ်များကို တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းတင့်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဒုတိယဥက္ကဋ္ဌများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုချီးမြှင့်ကြပြီး တံခွန်စိုက်ဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်တို့က ချီးမြှင့်သည်။

မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းကို ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး**

# မင်္ဂလာပါ ------------ဆရာမ

## စိမ်း(ဥပဒေ)

ဆရာ။ ဆရာဆိုသည်မှာ အမည်ပညတ်အားဖြင့် နှိုင်းဆချင့်ချိန်ဆုံးဖြတ်တတ်သည့် ပညာရှိဟု အဓိပ္ပာယ်ရရှိပါတယ်။ မြန်မာအဘိဓာန်တွင် ဆရာဟူသောဝေါဟာရကို ပညာသင်ကြားပို့ချပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်ပညာ လုပ်ငန်း တစ်ရပ်ရပ်တွင် ကျွမ်းကျင်သူပုဂ္ဂိုလ်လို့ ဖွင့်ဆိုထားပါတယ်။

ဆရာဟုဆိုရာမှာ အဓိကအားဖြင့် အတတ်ပညာသင်ကြားပေးသည့်အာစရိယဆရာနှင့်တပည့်တို့ကို လိမ္မာယဉ်ကျေးအောင် ပဲ့ပြင်သွန်သင်ဆုံးမပေးသည့် ဥပဇ္ဈာယ်ဆရာဆိုပြီး နှစ်မျိုးရှိပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဆရာအဖြစ်နှင့် အသက်မွေးဝမ်းကျောင်းမှု ပြုလုပ်ရတာ အလွန်တာဝန်ကြီးမားလှပါတယ်။ အကြောင်းကတော့ မြန်မာ့ယဉ်ကျေးမှုဓလေ့အရ ကျောင်းသား ကျောင်းသူတပည့်များရဲ့ ဘဝတစ်လျှောက်လုံးအတွက် အာစရိယဆိုတဲ့ ဆရာအပေါ်မှာ လုံးဝဥဿုံယုံမှတ်ပြီး ပုံအပ်ထားလို့ပဲဖြစ်ပါတယ်။

ကိုယ်တိုင်က ကျောင်းဆရာမတစ်ယောက်အဖြစ် ရပ်တည်နေတဲ့ ကျွန်မ။ ဆရာတစ်ယောက်ရဲ့ ရင်တွင်းခံစားချက်၊ တပည့်တွေအပေါ်မှာထားတဲ့ နာသုံးနာဖြစ်တဲ့စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတာကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ပါတယ်။ ဥပဒေဘာသာအထူးပြုဖြင့် ဘွဲ့ရခဲ့ပေမယ့် ကိုယ်တိုင်ကဝါသနာပါတာက ကျောင်းဆရာမပါ။ မိဘနှစ်ပါးစလုံးကလည်း ဆရာ ဆရာမများဖြစ်ကြပြီး ငယ်စဉ်ကတည်းက ဆံထုံးလေးထုံး၊အင်္ကျီအဖြူရင်ဖုံးလေးနဲ့ လုံချည်အစိမ်းလေးဝတ်ကာ ဆွဲခြင်းလေးဆွဲ ကျောင်းသွားတဲ့မိခင်ကြီးကိုကြည့်ပြီး အားကျစိတ်ကဝင်နေခဲ့တာပါ၊ စိတ်ကူးယဉ်ခဲ့တဲ့ အနာဂတ်ဘဝဟာလည်း ကျောင်းဆရာမတစ်ယောက် ဖြစ်ချင်နေခဲ့တာပါ။

တက္ကသိုလ်ဝင်တန်းအောင်တော့ ကျွန်မကိုဖခင်ကြီးက ဥပဒေအရာရှိတစ်ယောက်ဖြစ်စေချင်ခဲ့တယ်။ ဖခင်ကြီးအလိုဆန္ဒအရ ဥပဒေဘာသာ အဓိကနဲ့ဘွဲ့ယူခဲ့ပါတယ်။ ဒါပေမယ့် ရင်တွင်းဆန္ဒကတော့ ကျောင်းဆရာမသာဖြစ်ချင်ခဲ့တာပါ၊ ဥပဒေနဲ့ အသက်မွေးဝမ်းကျောင်းဖို့ ပါရမီမပါခဲ့တဲ့ကျွန်မ ကျောင်းဆရာမတစ်ယောက်အဖြစ် ပညာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒေသမရွေး တာဝန်ထမ်းဆောင်ပါမယ်လို့ ခံဝန်ကတိထိုးထားခဲ့ရတဲ့ ကျွန်မတို့ဆရာ ဆရာမတွေ ကျရာဒေသကိုသွားခဲ့ရပါတယ်။ တောင်တွင်းကြီးမြို့နယ်က ဖွဲ့ကုန်းဆိုတဲ့ရွာလေးတစ်ရွာမှာ တာဝန်ထမ်းဆောင်ဖို့ သွားရောက်ခဲ့ရပါတယ်။

ဩဂုတ်လရဲ့မိုးနဲ့အတူ တာဝန်ကျတဲ့ဒေသဆီကို စတင်ထွက်ခွာလာခဲ့ပါတယ်။ မိဘဆွေမျိုးမပါဘဲ တာဝန်အတူကျတဲ့ ဆရာမများနှင့်အတူ ကျွန်မတစ်ခါမှ မရောက်ဖူးတဲ့ဒေသ၊ မမြင်ဖူးတဲ့ သူစိမ်းတွေဆီကို စတင်ထွက်ခွာလာခဲ့ပါတော့တယ်။ ကားတတန်၊ ဆိုင်ကယ်တတန်နဲ့သွားအပြီးမှာ ကျောင်းစုဆိုတဲ့ရွာလေးကိုအရောက်မှာတော့ မိုးကသည်းထန်စွာရွာချပါတော့တယ်။ ရွှံ့မြေတွေဖြစ်တော့ ဆိုင်ကယ်လည်းဆက်ပြီးမောင်းလို့မရတော့ပါ။ ဒါနဲ့ဆိုင်ကယ်ဆရာကလည်း ဆရာမလေးတို့ လမ်းလျှောက်ကြပါစို့လို့ပြောတော့ ကျွန်မတို့ကိုးယောက်အဖွဲ့ တပျော်တပါးလမ်းလျှောက်ကြပါတော့တယ်။ မြို့ကြီးပြကြီးမှာ မွေးဖွားလာခဲ့တဲ့ကျွန်မ မိုးရွာလို့ချော်နေတဲ့လမ်းကို မလျှောက်တတ်ပါဘူး။ ဖိနပ်စီးလို့ဘယ်လိုမှ အဆင်မပြေတော့ ဖိနပ်ချွတ်ပြီး ခြေချောင်းလေးတွေကိုကုပ်ထားပြီး ချော်မလဲအောင် ကြိုးစားပမ်းစား လျှောက်ခဲ့ရပါတယ်။

တဖြည်းဖြည်းနဲ့ တောတောင်တွေကို ကျွန်မမြင်လာခဲ့ပါတယ်။ မိုးကလည်းအငြိုးတကြီးရွာနေပါတယ်။ တောင်ပေါ်ကိုကျွန်မတို့အဖွဲ့ လေးဖက်ထောက်တက်ခဲ့ရပါတယ်။ ၄၅ မိနစ်လောက်လမ်းလျှောက်အပြီးမှာ ချောင်းမကြီးချောင်းရဲ့ စက်လှေဆိပ်ကို ရောက်သွားပါတယ်။ မိုးကလည်းစဲသွားပါပြီ။ စက်လှေဆိပ်ကနေ မိနစ် ၄၀ လောက် စက်လှေစီးခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်မတို့တာဝန်ကျတဲ့ရွာလေးကို မရောက်သေးပါဘူး။ စက်လှေကမ်းကပ်တော့ ကျွန်မတို့ကို ၇ တန်း၊ ၈ တန်းအရွယ် ကျောင်းသားလေး ၁၀ ဦးလောက်လာကြိုကြပါတယ်။ ရွှံ့နွံတွေ အင်မတန်များတာကြောင့် ကမ်းစပ်အထိစက်လှေကပ်မရတဲ့အခါ ကျွန်မတစ်သက်နှင့်တစ်ကိုယ် မကြုံဖူးတဲ့ ပေါင်ရင်းအထိရောက်နေတဲ့ ရွှံ့နွံတွေကို တစ်ဦးလက်တစ်ဦး မြဲမြဲကိုင်ပြီး နာရီဝက်လောက်ဖြတ်ခဲ့ရပါတယ်။ ကုန်းပေါ်အရောက်မှာတော့ တဲအိမ်လေးတစ်လုံးကို တွေ့လိုက်ရတဲ့ခဏ ကျွန်မသိပ်ပျော်သွားခဲ့ပါတယ်။ ကျွန်မအလွန်ပင်ပန်းနေပြီလေ၊ နားချင်နေပါပြီ။ အိမ်ရှင်တွေရဲ့ သဘောကောင်းမှု၊ စေတနာကောင်းမှုတွေကြောင့် ကျွန်မတို့အဖွဲ့ ခရီးတစ်ထောက်နားခဲ့ကြပါတယ်။ သရက်ချောင်းဆိုတဲ့ရွာဆီကိုသွားဖို့ အချိန်မရတော့လို့ အဲဒီအိမ်လေးမှာ အားလုံးညအိပ်ခဲ့ရပါတယ်။ နောက်နေ့နံနက်စောစောမှာ တဲအိမ်လေးရှေ့ကို ကျွဲလှည်းတွေရောက်လာပါတယ်။

တစ်သက်နှင့်တစ်ကိုယ် နွားလှည်းသာစီးဖူးတဲ့ကျွန်မ၊ ကျွဲလှည်းကိုမြင်တော့ အံ့သြနေမိတယ်။ အဲဒီနောက်တော့ ကျွဲလှည်းကြီးကို တစ်နာရီခွဲလောက် စီးအပြီးမှာ သရက်ချောင်းဆိုတဲ့ရွာကို ကျွန်မတို့အဖွဲ့ရောက်ရှိသွားခဲ့ပါတယ်။ ရွာအုပ်ချုပ်ရေးမှူးမိသားစုက ဖော်ရွေစွာ ဆီးကြိုနေရာချပေးတော့ ကျွန်မတို့လည်း မနေ့ကခံစားခဲ့ရတဲ့ ပင်ပန်းခဲ့ရတဲ့ ပင်ပန်းမှုတွေပျောက်သွားခဲ့ပါတယ်။

ရွာအုပ်ချုပ်ရေးမှူးအိမ်မှာခဏနားပြီး ရေချိုးကြ၊ ထမင်းစားကြနဲ့ သက်ဆိုင်ရာတာဝန်ကျတဲ့ ရွာကလူတွေလာအခေါ်ကို စောင့်နေခဲ့ကြတယ်။ တစ်အောင့်လောက်ကြာတော့ ကျွန်မတို့တာဝန်ကျတဲ့ရွာက လူကြီးတွေလာကြိုကြပါတယ်။ တစ်နေ့နဲ့တစ်ညလုံးအတူတူခရီးနှင်ခဲ့ကြတဲ့ ကျွန်မတို့ဆရာမများအဖွဲ့ အချိန်တိုလေးအတွင်းမှာ သံယောဇဉ်တွေဖြစ်ခဲ့ကြပြီး တစ်ခါပြန်ခွဲခွာကြရပြန်ပါတယ်။ ကျွန်မနဲ့အတူ တာဝန်ကျတဲ့ ဆရာမလေးကို တာဝန်ကျကျေးရွာက လူကြီးတွေက လာကြိုကြပါပြီ။ ထုံးစံအတိုင်းကျွဲလှည်းကြီးနဲ့ပါ။ မွန်းတည့် ၁၂ နာရီလောက်ကနေစတင်ပြီး ကျွဲလှည်းကြီးစီးလာတဲ့ကျွန်မ လမ်းကကြမ်း၊ လှည်းကြီးကတအိအိနဲ့ မညီတဲ့လမ်းပေါ်မှာ ၄၅ ဒီဂရီလောက်စောင်းသွားတဲ့အခါ မျက်စိမျက်နှာပျက်နဲ့ ထိတ်လန့်နေခဲ့ရပါတယ်။ လှည်းပေါ်ကနေ ပြုတ်ကျသွားမှာစိုးလို့ လှည်းဘေးတန်းတွေကို လက်နှစ်ဖက်နဲ့ မြဲမြဲဆုပ်ကိုင်ထားလို့ နောက်တစ်နေ့ အိပ်ရာကနိုးတော့ လက်မောင်းရင်းတွေ နာခဲ့တဲ့အထိပါပဲ။ ကားမူးတာကိုသာကြုံဖူးတဲ့ကျွန်မ လှည်းမူးတာကို အဲဒီအခါမှာ ကိုယ်တိုင်ကိုယ်ကျ ခံစားလိုက်ရပါတယ်။ လမ်းတစ်လျှောက် ချောင်းတစ်ချောင်းတည်းက တောင်တွေကို ကွေ့ဝိုက်စီးဆင်းနေခဲ့တာ အားလုံးချောင်းဖြတ်ပေါင်း ၁၇ ဖြတ်ပါ။ လှည်းစီးလာရင်းနဲ့ ကျွန်မမြင်ကွင်းတွေအများကြီး ပြောင်းလဲသွားပါတယ်။ မြေညီမြေပြန့်ဆိုတာ သိပ်မတွေ့ရတော့ပါဘူး။ ဘေးပတ်ပတ်လည်မှာ အမျိုးအမည်မသိတဲ့ တောင်တွေအများကြီးပါ။ ကျွန်မအလွန်အံ့သြသွားခဲ့ပါတယ်။ မဲဇာတောထဲရောက်နေသလားလို့တောင် တွေးမိပါတယ်။ တဲအိမ်လေးတွေကို တစ်လုံးစ နှစ်လုံးစတွေ့လိုက်၊ ချောင်းတွေ တစ်ချောင်းပြီးတစ်ချောင်းဖြတ်လိုက်၊ တောင်တွေတစ်တောင်ပြီး တစ်တောင်မြင်လိုက်နဲ့ အံ့သြပြီးရင်းအံ့သြနေတဲ့ ကျွန်မ၊ ညနေ ၆ နာရီခန့်မှာ တာဝန်ကျတဲ့ ဖွဲ့ကုန်းရွာလေးကို ရောက်ရှိခဲ့ပါတော့တယ်။

ဖွဲ့ကုန်းရွာလေးဟာ အိမ်ခြေ ၄၀ ခန့်ပဲရှိပါတယ်။ တစ်အိမ်နဲ့တစ်အိမ် အလှမ်းဝေးလှပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးအိမ်မှာ ကျွန်မတို့တစ်ညအိပ်ခဲ့ရပါတယ်။ နောက်နေ့နံနက်ရောက်တော့ အဆာပြေစားပြီးချိန်မှာ ကျောင်းကော်မတီလူကြီးတွေက ကျွန်မတို့ဆရာမနှစ်ယောက်ကို လာခေါ်ပါတယ်။ ကျွန်မတို့ ဆရာမနှစ်ယောက်လည်း ကျောင်းကော်မတီလူကြီးတွေနဲ့အတူ တာဝန်ထမ်းဆောင်ရမည့် ကျောင်းလေးဆီသို့ လိုက်ပါသွားရပါတယ်။

လယ်ကန်သင်းပေါင်တွေပေါ်ကနေ နာရီဝက်ခန့် လျှောက်လာလို့အပြီးမှာ ကျွန်မတာဝန်ထမ်းဆောင်ရမယ့် ကျောင်းလေးဆီကို ရောက်ခဲ့ပါတယ်။ အခြေခံပညာမူလတန်းကျောင်း အမကဖွဲ့ကုန်းကျေးရွာလို့ ဆိုင်းဘုတ်ထောင်ထားတဲ့ ခြေတံရှည်လေးပင်ကျောင်းလေးကကျွန်မကို ဆီးကြိုနေပါတယ်။ ကျောင်းပေါ်ကို ရောက်ရောက်ချင်းမှာတော့ ခနော်ခနဲ့စာရေးခုံလေးတွေနဲ့ ကျောင်းဝတ်စုံရယ်လို့ သတ်သတ်မှတ်မှတ် မဝတ်ထားတဲ့ညစ်ပေပေ ကလေးတွေကို ကျွန်မမြင်တွေ့လိုက်ရပါတယ်။ ၂၀၀၇ ခုနှစ်ကစပြီး ရွာထဲက ကလေးတွေရဲ့အနာဂတ် အမှောင်မဖုံးစေချင်တဲ့ စိတ်နဲ့ ကိုယ့်အားကိုယ်ကိုးထူထောင်ခဲ့ပြီး စာသင်ပေးမယ့်ဆရာတွေကို ရပ်ရွာကစုပြီး အခကြေးငွေနဲ့ငှားရမ်းထားခဲ့လို့ အစိုးရကခန့်အပ်ထားတဲ့ အဖြူအစိမ်းဝတ်ဆရာဆရာမတွေကို မမြင်ဖူးသေးတဲ့ ညစ်ပေပေကလေးငယ်လေးတွေရဲ့ ဖြူစင်သော မျက်ဝန်းတွေက တအံ့တသြနဲ့ ကျွန်မတို့ကိုငေးကြည့်နေကြပါတယ်။ ကျွန်မက ပြုံးပြလိုက်တော့ ဝမ်းသာအားတက်သွားတဲ့ သူတို့လေးတွေမျက်နှာကို ကျွန်မ အခုအချိန်အထိ မြင်ယောင်နေတုန်းပါပဲ။

ရပ်ရွာကစီစဉ်ပေးထားတဲ့ ကျောင်းလေးရဲ့အနောက်ဘက်က တဲအိမ်လေးမှာ ကျွန်မတို့ဆရာမနှစ်ယောက် နေရပါတယ်။ လျှပ်စစ်မီးမရှိ၊ ရေချိုးရင် ဘုန်းကြီးကျောင်းဝင်းထဲက ရေဘုံဘိုင်မှာသွားချိုးရနဲ့၊ ထမင်းချက်စရာ မီးသွေးတောင်မရှိတဲ့ရွာလေးမှာ ထင်းနဲ့သာထမင်းချက်ပြုတ်စားသောက်ခဲ့ရတဲ့ ကျွန်မ၊ လောကဓံဆိုတာ ဒါပါလားလို့တောင် တွေးမိပါရဲ့ရှင်။ သီးခြားကမ္ဘာလေးတစ်ခုလိုဖြစ်နေခဲ့တဲ့ ရွာကလေး၊ ဘေးပတ်ပတ်လည် ပဲခူးရိုးမတောင်တန်းကြီးက ဝန်းရံထားတဲ့ ရွာကလေး၊ နိစ္စဓူဝလယ်ယာလုပ်ငန်းလုပ်၊ အမဲလိုက်၊ ဝါးခုတ်စတဲ့ အလုပ်တွေနဲ့ပဲ ဘဝကိုဖြတ်သန်းနေကြတဲ့သူတို့၊ စိတ်ရင်းစိတ်ထားလေးတွေက ဖြူစင်ကြသော်လည်း မြို့ကြီးပြကြီးဆို တောင်တွင်းကြီးမြို့လောက်ပဲ ရောက်ဖူးတဲ့သူတို့၊ စကားပြောဆိုရာမှာတော့ ဘွင်းဘွင်းကြီးနဲ့ ဒုတ်ထိုးအိုးပေါက်၊ မြို့ကြီးသူကျွန်မနားထဲမှာ အစပိုင်းတော့ ကြားရတာနားခါးစရာပါ။ သို့ပေမယ့်လည်း မြင်ပါများတော့ယဉ်ဆိုသလို အနေကြာလာတော့ သူတို့ရဲ့ရိုးသားဖြူစင်ပြီး ချစ်စရာကောင်းတဲ့စိတ်၊ ဆရာဆရာမအပေါ်ဆို အင်မတန်ရိုသေ၊ ဆရာ ဆရာမရှေ့ဆိုစကားတောင် ကျယ်ကျယ်မပြောရဲတဲ့ကျွန်မရဲ့ တောပန်းလေးတွေ၊ ဆရာမနှစ်ယောက်ကို ထမင်းစားဖိတ်ကြတဲ့အခါ၊ ရွာထဲ အလှူ၊ မင်္ဂလာဆောင်ရှိလို့သွားတဲ့အခါ သူတို့ရဲ့သားသမီး၊ မြေးအရွယ်တွေဖြစ်ပေမယ့် ကျွန်မတို့ရဲ့ ဆရာဆိုတဲ့ဂုဏ်ကို အလေးအမြတ်ပြုကြတဲ့အနေနဲ့ အိမ်ဦးခန်းမှာ နေရာထိုင်ခင်းစီစဉ်ပေးတဲ့ ချစ်စရာရွာသူရွာသားတွေရဲ့ စိတ်ထားလေးတွေကြောင့် အိမ်ကိုလွမ်းတဲ့စိတ်တွေတောင် မရှိတော့သလောက်ပါပဲ။

အသားငါးရယ်လို့ မြို့ပေါ်မှာလိုဝယ်မရတော့ အသီးအရွက်တွေကိုပဲ အားပြုစားခဲ့ရတဲ့ကျွန်မ၊ သုတ်ကိုင်းမိထားတဲ့ တောဝက်သားကို ဆရာမတို့စားစေချင်တဲ့ စေတနာနဲ့ သွေးသံရဲရဲ တောဝက်သားကိုကိုင်ဆွဲလို့ လာပို့တဲ့ကျောင်းသားအကြီးတွေကြောင့် ခြေလေးချောင်းသားကိုမစားတဲ့ကျွန်မ အတော်လေးအခက်ကြုံရပါတယ်။ နေ့လယ်ထမင်းစားကျောင်းဆင်းချိန်ဆို အိမ်ကပါလာတဲ့ ထမင်းချိုင့်လေးတွေကိုဖွင့်လို့ ကိုယ်စီအဖွဲ့လေးတွေနဲ့ ဝိုင်းစားတတ်တဲ့ ကျွန်မရဲ့ကလေးတွေ၊ ဆရာမတို့စားပါဆိုပြီး ဦးဦးဖျားဖျားလာကျွေးတဲ့ မှိုဟင်း၊ ပိန်းဥကြော်၊ ရွှေဖရုံသီး၊ ငရုတ်သီးချက်ဆိုတဲ့ မျက်နှာမွဲလှတဲ့ဟင်းလေးတွေမှာ ဘယ်နေရာမှာမှဝယ်မရနိုင်တဲ့ မေတ္တာစေတနာတွေ အပြည့်နဲ့ပါ။ ကျွန်မလည်း တပည့်လေးတွေရဲ့ မင်္ဂလာပါ ဆရာမဆိုတဲ့ အသံလေးကိုနားယဉ်သွားခဲ့ပါပြီ၊ ဆရာတပည့် သံယောဇဉ်ငြိတွယ်ခဲ့ပါပြီ။ မနက်ဆိုစောစောလာပြီး ကျွန်မတို့သုံးဖို့ရေကို ဘုန်းကြီးကျောင်းကနေခပ်ပေးတတ်တဲ့ လေးတန်းကျောင်းသားလေးတွေ၊ ဆရာမတို့စားဖို့ဆိုပြီး ခြံထွက်အသီးအနှံတွေ ယူလာပေးကြတဲ့ တပည့်လေးတွေ၊ လစဉ်သရက်ချောင်းရွာကို လချုပ်သွားပို့ပေးရတဲ့ ကျွန်မ၊ ရေမကူးတတ်ပေမယ့် ရေမကြောက်တတ်တော့တဲ့ သတ္တိတွေရှိလာခဲ့ပါတယ်။ လှည်းနဲ့သွားရင် ၆ နာရီ ခြေကျင်လျှောက်တော့ ၄ နာရီပဲလျှောက်ရတာမို့ ခြေကျင်သွား၊ လုပ်စရာရှိတဲ့စာရင်းတွေကို သရက်ချောင်းရွာ ကျောင်းအုပ်ဆီမှာလုပ်၊ တစ်ညအိပ်ပြီး နောက်နေ့ဖွဲ့ကုန်းရွာကို ခြေကျင်ပြန်ခဲ့ပါတယ်။ ဖွဲ့ကုန်းရွာထိပ်လောက်ရောက်ရင်ပဲ ကျွန်မပြန်လာတာကို အပြေးအလွှားလာကြိုကြတဲ့ ကျွန်မရဲ့တပည့်လေးတွေ မျက်နှာမြင်တွေ့လိုက်ရတော့ ပင်ပန်းမှုဆိုတာ ဘယ်ဆီနေမှန်းမသိတော့ပါ။

**ထမင်းစားကျောင်းဆင်းချိန်ဆို အိမ်ကပါလာတဲ့ ထမင်းချိုင့်လေးတွေကိုဖွင့်လို့ ကိုယ်စီအဖွဲ့လေးတွေနဲ့ ဝိုင်းစားတတ်တဲ့ ကျွန်မရဲ့ကလေးတွေ၊ ဆရာမတို့စားပါဆိုပြီး ဦးဦးဖျားဖျားလာကျွေးတဲ့ မှိုဟင်း၊ ပိန်းဥကြော်၊ ရွှေဖရုံသီး၊ ငရုတ်သီးချက်ဆိုတဲ့ မျက်နှာမွဲလှတဲ့ဟင်းလေးတွေမှာ ဘယ်နေရာမှာမှဝယ်မရနိုင်တဲ့ မေတ္တာ စေတနာတွေ အပြည့်နဲ့ပါ။ ကျွန်မလည်း တပည့်လေးတွေရဲ့ မင်္ဂလာပါ ဆရာမဆိုတဲ့ အသံလေးကို နားယဉ်သွားခဲ့ပါပြီ၊ ဆရာတပည့် သံယောဇဉ်ငြိတွယ်ခဲ့ပါပြီ။**

ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲကျင်းပပေးတော့ ကျောင်းသား ကျောင်းသူလေးတွေရဲ့ အားကစားပြိုင်ပွဲကနေ မထင်မှတ်ဘဲ ရွာသူရွာသားတွေရဲ့ အားကစားပြိုင်ပွဲကြီးဖြစ်လာခဲ့တာလည်း ဘဝမှာမမေ့နိုင်စရာပါ။ သူငယ်တန်းကနေ ၄ တန်းအထိကို ဆရာမနှစ်ယောက် တက်ညီလက်ညီ စိတ်တူကိုယ်တူနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ရောက်ခါစမှာ အဆင်မပြေမှုတချို့ကြောင့် စိတ်ညစ်ခဲ့ရပေမယ့် ကြာလာတော့အားလုံးနဲ့ တစ်သားတည်းလိုဖြစ်လာခဲ့တဲ့ ကျွန်မပါ။

အခုအချိန်မှာတော့ ထိုရွာလေးနဲ့ခွဲခွာခဲ့တာ ကာလအတန်ကြာခဲ့ပါပြီ။ ပဲခူးရိုးမတောင်တန်းကြီးကိုလည်း တစ်ခါတစ်ရံ သတိရမိပါတယ်။ ပိန်းဥကြော်ကိုလည်း လွမ်းနေမိပါတယ်။ ဖရုံသီး၊ ငရုတ်သီးချက်ကိုလည်း ကျွန်မနေမကောင်းဖြစ်တဲ့အခါ လွမ်းနေမိပါတယ်။ တောပန်းမျိုးစုံ နေ့စဉ်ရှိနေတတ်တဲ့ ကျွန်မရဲ့စားပွဲလေးကိုလည်း လွမ်းနေမိပါတယ်။ နွမ်းညစ်နေတဲ့ အဝတ်အစားလေးတွေနဲ့ ဖြူစင်တဲ့အပြုံး၊ အပြစ်ကင်းစင်တဲ့မျက်နှာလေးတွေနဲ့ ချစ်စရာတပည့်လေးတွေကိုလည်း လွမ်းနေမိပါတယ်။ ကျောင်းရှေ့လှည်းလမ်းကြောင်းပေါ်မှ နွားငေါက်သံတွေ၊ ခလောက်သံတွေနဲ့နွားလှည်းတန်းကြီးကိုလည်း တစ်ခါတစ်ရံလွမ်းနေမိပါတယ်။ မြို့ကြီးပြကြီးရဲ့ မွန်းကျပ်မှုတွေနဲ့မတူတဲ့ စိမ်းလန်းတဲ့လယ်ကွင်းပြင်ကို ဖြတ်ကျော်လာတဲ့ လတ်ဆတ်တဲ့လေနုအေးကို ရှူရှိုက်ရတဲ့အရသာကိုလည်း ကျွန်မလွမ်းမိပါတယ်။

ကျွန်မရဲ့ဆရာမဘဝအစ ထိုဖွဲ့ကုန်းရွာလေးကိုတော့ဖြင့် ဘယ်သောအခါမှ မေ့မယ်မထင်ပါ။ အခါအခွင့်သင့်ရင်ဖြင့်ထိုရွာလေးဆီသို့ တစ်ခေါက်တစ်ခါတော့သွားဦးမယ်လို့စိတ်မှာရည်မှန်းလျက်-----။

## ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းဆိုင်ရာ သင်တန်းဖွင့်

**ဆားလင်းကြီး အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် တုံကျေးရွာ လောကမာန်အောင်စေတီ ဓမ္မာရုံ၌ အောက်တိုဘာ ၃ရက်က ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (VDP) ရေးဆွဲခြင်းဆိုင်ရာသင်တန်း (၇/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုးခိုင်က “ ဆားလင်းကြီးမြို့နယ်မှာ ကျေးရွာအုပ်စု ၅၉ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၅၀ ရှိရာ ၂၀၁၅-၂၀၁၆ဘဏ္ဍာ နှစ်က ကျေးရွာငါးရွာကို ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲခဲ့ပြီးဖြစ်လို့ ကျန်ရှိနေတဲ့ကျေးရွာ ၁၄၅ ရွာကို ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်မှာ မြို့နယ်လုံးကျွတ် ပြီးစီးအောင်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာတစ်ရွာလျှင် ကိုယ်စားလှယ်နှစ်ဦးစီနဲ့ သင်တန်းများကိုဖွင့်လှစ်လျက်ရှိရာ ယခုသင်တန်းက အပတ်စဉ် ( ၇ )ခုမြောက် ဖွင့်လှစ်တဲ့ သင်တန်းဖြစ်ပါတယ် ” ဟု ပြောသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ( VDP ) ရေးဆွဲခြင်းဆိုင်ရာသင်တန်းသို့ ဆားလင်းကြီးမြို့နယ်အတွင်းရှိ တုံကျေးရွာအပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာ၁၄ရွာမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် သင်တန်းတွင် ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များနှင့်ပတ်သက်သည့် စီမံချက်ရေးဆွဲခြင်းဆိုင်ရာ ပညာရပ်များကို စာတွေ့ လက်တွေ့ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

# အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို အောက်တိုဘာ ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ဆောင်ရွက်ရန်လျာထား

**နေပြည်တော် အောက်တိုဘာ ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ(**ယာပုံ**) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုပြီးဖြစ်သည့် “**အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**”ကို မှတ်တမ်းတင်ခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော “**အငြင်းပွားမှု ဖျန်ဖြေရေးလုပ်ငန်းစဉ်ဆိုင်ရာ အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြု ဝင်ရောက်ရန်**” ကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)၏ အငြင်းပွားမှုဖျန်ဖြေရေး လုပ်ငန်းစဉ်ဆိုင်ရာ အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ၂၀၁၀ခုနှစ် ဧပြီ ၈ ရက်တွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

ယခုနောက်ဆက်တွဲ စာချုပ်ကို အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ အတည်ပြုဝင်ရောက်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ အတည်ပြုရန် ကျန်ရှိနေပါကြောင်း၊ အတည်ပြုဝင်ရောက်ရန် ကျန်ရှိသည့် နိုင်ငံများအနေဖြင့် ယခုစာချုပ်ကို အတည်ပြုနိုင်ရေးအတွက် ပြည်တွင်း လုပ်ထုံးလုပ်နည်းများကို ပြီးစီးအောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက အဆိုပါစာချုပ်သည် အာဆီယံနိုင်ငံအချင်းချင်း အငြင်းပွားမှုများ ဖြစ်ပွားလာပါက ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေး၊ အာဆီယံပြည်သူများနှင့် အဖွဲ့ဝင်နိုင်ငံများအားလုံး ငြိမ်းချမ်းစွာ နေထိုင်သွားနိုင်ရေး၊ အာဆီယံပဋိညာဉ်စာတမ်းနှင့် အခြားအာဆီယံ စာချုပ်စာတမ်းများကို အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ယန္တရားများကို ပြဋ္ဌာန်းထားခြင်းဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် အတည်ပြုချုပ်ဆိုရန် လိုအပ်သည့် စာချုပ်ဖြစ်ပါကြောင်း။

ယခု နောက်ဆက်တွဲစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်များ ရရှိပြီးဖြစ်သည့်အပြင် စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်များလည်း ရရှိပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အငြင်းပွားမှုဖျန်ဖြေရေးလုပ်ငန်းစဉ်ဆိုင်ရာ အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်ကို အတည်ပြုဝင်ရောက်ခြင်းဖြင့် ဒေသတွင်း ယုံကြည်ကိုးကားထိုက်သော အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည့်အပြင် ငြိမ်းချမ်းသာယာ၍ တိုးတက်ကောင်းမွန်သည့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သည့် ဝန်းကျင်တစ်ခုကို ထိန်းသိမ်းတည်တံ့စေပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပဋိပက္ခဖြစ်ပွားခြင်း၊ ထိပ်တိုက်တွေ့ဆုံခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးရေးအတွက် ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

လွှတ်တော်နာယက က ယင်းပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို အောက်တိုဘာ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်တွင် ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

**(သတင်းစဉ်)**



# ပြည်ပဆက်သွယ်ရေး အော်ပရေတာများကိုလည်း ကွန်ရက်များတိုးချဲ့တည်ဆောက်သွားနိုင်ရေး ညှိနှိုင်းသွားမည်

**နေပြည်တော် အောက်တိုဘာ ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းနှစ်ခုမေးမြန်းဖြေကြားပြီး အဆိုတစ်ခုအား ဆွေးနွေးခဲ့ကြသည်။

နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလု၏ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ **နန်းယွန်းမြို့နယ်နှင့် ပန်ဆောင်၊ ဒုံဟီးမြို့နယ်ခွဲတို့တွင် GSM–3G ဖုန်းလိုင်းများအား မည်သည့်အချိန်တွင် အပြီးတပ်ဆင်ပေးမည်ကို သိလိုခြင်းမေးခွန်း**နှင့် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၏ **အင်းစိန်မြို့နယ်အတွင်းရှိ မီးရထားစက်ခေါင်းစက်ရုံနှင့် မီးရထားအိမ်ရာဝင်းအတွင်းရှိ အလုပ်သမားဝန်ထမ်းမိသားစုအိမ်ခန်းများနှင့် လိုင်းခန်းများတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းတို့နှင့်** စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆက်သွယ်မှုရရှိစေရန် နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့များတွင် လိုင်းအင်အား ၇၅၀ ပါ CDMA-450 MHZ စခန်းတစ်ခုစီ ဖွင့်လှစ်၍ မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒုံဟီးမြို့နယ်တွင်လည်း တယ်လီဖုန်းလိုင်း လေးလိုင်းပါ MPT Satellite Terminal ဆက်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ဒုံဟီးမြို့နယ်တွင် GSM 3G စနစ် မိုဘိုင်းဆက်သွယ်ရေးစခန်း တည်ဆောက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ခန့်တွင် 3G မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နန်းယွန်းမြို့နယ်နှင့် ပန်ဆောင်မြို့နယ်ခွဲများတွင် တာဝါတိုင် အစားထိုးတည်ဆောက်ပြီးမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပဆက်သွယ်ရေး အော်ပရေတာများကိုလည်း ကွန်ရက်များ တိုးချဲ့တည်ဆောက်သွားနိုင်ရေး တိုက်တွန်းညှိနှိုင်းသွားမည် ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် နယ်စွန်နယ်ဖျားအားလုံး ဆက်သွယ်ရေးစနစ်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



ဦးသန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အင်းစိန်မီးရထားစက်ခေါင်းစက်ရုံနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ့မီးရထားဝန်ထမ်းအိမ်ရာတွင် ၂၄ နာရီ လျှပ်စစ်မီး အချိန်ပြည့်ရရှိစေရန် လိုအပ်သည့် မီတာ၊ Transformer နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ရေးအတွက် YESC နှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်၍ ကုန်ကျငွေအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာငွေခွင့်ပြုချက် ရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်၏ မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယခုထက် ပိုမိုရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်းမြှင့်တင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးတို့က ထောက်ခံဆွေးနွေးကြသည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စိုးစိုးကြည်က မီးရထားစီးနင်းခြင်း၏ ကောင်းကျိုးများကြောင့် ပြည်သူများသည် ရထားစီး၍ ခရီးနှင်လိုကြသည်မှာ အမှန်တရားပင်ဖြစ်ကြောင်း၊ သို့သော် ထိန်းသိမ်းပြုပြင်မှုနည်းပြီး ခေတ်မမီတော့သည့် ရထားပို့ဆောင်ရေးကြောင့် ပြည်သူများအခြားသော ခရီးလမ်းကြောင်းများကိုသာ ရွေးချယ်ခရီးနှင်နေကြရကြောင်း၊ မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မည်ဆိုပါက ပြည်သူများအတွက် ငွေကြေးကုန်ကျမှုများစွာ သက်သာမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး စရိတ်အကုန်အကျနည်းမည်ဖြစ်သည့်အတွက် ကုန်ဈေးနှုန်းကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးကဏ္ဍ၏ လိုအပ်ချက်များကို ပြင်ဆင်သင့်ကြောင်း၊ ရထားများ၏ ထွက်ခွာချိန်၊ ဆိုက်ရောက်ချိန် မှန်ကန်ရေးကိုလည်း အမြဲစစ်ဆေးသွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအခွင့်အရေးနှင့် ဝန်ထမ်းများခန့်ထားနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ရထားလက်မှတ် ရောင်းချရေးစနစ်ကိုလည်းပြောင်းလဲသင့်ပါကြောင်း၊ မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို အရှုံးခံရင်းနှီးမြှုပ်နှံပေးသင့်ကြောင်း၊ မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသင့်ကြောင်း ဆွေးနွေးသည်။



ဦးဝမ်းလု
နန်းယွန်းမဲဆန္ဒနယ်

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်က မျက်မှောက်ကာလတွင် ကားလမ်းကိုသာ အဓိကထား အသုံးပြုနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လမ်းများပိုမိုကောင်းမွန်လာခြင်း၊ ယာဉ်လိုင်းများ အပြိုင်အဆိုင်ပြေးဆွဲခြင်း၊ ဝန်ဆောင်မှုကောင်းခြင်း၊ အချိန်မြန်ဆန်ခြင်းနှင့် Door to Door ရောက်ရှိနိုင်ခြင်းတို့ကြောင့် ကားလမ်းကို အသုံးပြုနေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင် မီးရထားသယ်ယူပို့ဆောင်ရေးကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါကြောင်း၊ အဓိကအကြောင်းရင်းမှာ အချိန်တိကျမှုနှင့် ငွေကြေးအကုန်အကျသက်သာခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ မြန်မာ့မီးရထားကဏ္ဍကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်လိုက် ရည်မှန်းချက်များချမှတ်က တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မီးရထားပို့ဆောင်ရေးကဏ္ဍ အရှုံးပေါ်နေသည်ကို အဖြေရှာရန်လိုအပ်ကြောင်း၊ မီးရထားရင်းနှီးမြှုပ်နှံမှုသည် ငွေကြေးအင်အား လွန်စွာများပြားပြီး ရေရှည်ဆောင်ရွက်မှသာ အကျိုးအမြတ်ရရှိနိုင်သည့် လုပ်ငန်းဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများ စိတ်ပါဝင်စားလာရန် ရေရှည်ခိုင်မာပြီး အာမခံချက်ရှိသည့်၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ရေရှည် အကျိုးစီးပွားကို ရှေးရှုသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ နည်းဥပဒေများကို ထုတ်ပြန်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားကဏ္ဍ အဆင့်မြင့်မားလာစေရန် ဘဏ္ဍာငွေတိုးမြှင့်ထောက်ပံ့မတည်ပေးခြင်း၊ မီးရထားပို့ဆောင်ရေးဌာနအနေဖြင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍကို အားဖြည့်မြှင့်တင်ဝင်ငွေရှာပြီး ရေရှည်ရပ်တည်နိုင်ရန် ကြိုးပမ်းခြင်းနှင့် ခရီးသည်ဝန်ဆောင်မှုများတွင်လည်း ပြည်တွင်း ပြည်ပစီးပွားရေး လုပ်ငန်းရှင်များကို ရင်းနှီးမြှုပ်နှံစေခြင်းတို့ဖြင့် မြန်မာ့မီးရထားပို့ဆောင်ရေးကဏ္ဍ နိုင်ငံတကာအဆင့်မီနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ငါးနှစ်အတွင်း အားလုံးပြီးစီးအောင် မလုပ်နိုင်သည့်အတွက် အဆိုကို မှတ်တမ်းတင်ပေးနိုင်ရန် ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကျင်းပ

**ပုသိမ် အောက်တိုဘာ ၄**

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ဦးစီးကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီနှင့် တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၆၅ ဦး တက်ရောက်ခဲ့သည်။

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းသည့် အစီအစဉ်တွင် မေးခွန်းသုံးခုကို မေးမြန်းဖြေကြားရာ “**သာပေါင်းမြို့နယ် သရက်တောကျေးရွာအုပ်စုရှိ ရေလဲကြီး ရေကာတာနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေနှင့် ဆီဆုံကျေးရွာအုပ်စု၊ ဒယ်ကုန်းကျေးရွာအုပ်စု၊ မကျီးကုန်းကျေးရွာအုပ်စုများသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကျေးရွာချင်းဆက် ရေကာတာအား ပြုပြင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ**”နှင့် စပ်လျဉ်း၍ သာပေါင်းမြို့နယ် မဲဆန္ဒနယ်(၂)မှ ဦးအောင်အောင်ဦး၏မေးခွန်းကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးဘဟိန်းက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ဘဏ်အကူအညီဖြင့် အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများကဲ့သို့ ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ စူးစမ်းလေ့လာမှုများကို အနည်းဆုံး သုံးနှစ်ခန့် အချိန်ယူဆောင်ရွက်ရမည်

**နေပြည်တော် အောက်တိုဘာ ၄**

လိုအပ်သည့် စူးစမ်းလေ့လာမှုများ ပြုလုပ်ပြီး အမှန်တကယ်အကျိုးဖြစ်ထွန်းမှုရှိသည့် လုပ်ငန်းဖြစ်ပါက **ပုဏ္ဏားကျွန်းမြို့နယ်တွင် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများကို** နိုင်ငံတော်ဘဏ္ဍာငွေမှကျခံ၍ဖြစ်စေ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများထံမှ ငွေကြေးအကူအညီ အထောက်အပံ့များရယူ၍ဖြစ်စေ ဆောင်ရွက်နိုင်ရေး စီစဉ်ပေးသွားမည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားသည်။



ဒေါက်တာ ထွန်းဝင်း
ဒုတိယဝန်ကြီး

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **"ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် သို့မဟုတ် အခြားဘဏ်များ၏ ကူညီထောက်ပံ့ငွေ သို့မဟုတ် ချေးငွေဖြင့် အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းကဲ့သို့သော စီမံကိန်းများ အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ပုဏ္ဏားကျွန်းမြို့နယ်တွင် ရေချိုထိန်းသိမ်းသိုလှောင်ပြီး သောက်သုံးရေပေးဝေနိုင်ရေးအတွက် ခမီးကြိမ်ချောင်းရေလှောင်တမံကို တည်ဆောက်ခဲ့ပြီးဖြစ်သည့်အပြင် တန်ခိုးရေငန်တားတာ၊ မဏ္ဍလာကျရေငန်တားတာ၊ အထုပ်သည်လယ်သမားတာ၊ မဒေသာလယ်သမားတာ၊ ဆင်အင်းကြီးလယ်သမားတာများ ပြုပြင်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း တံဘက်လှမ်းလယ်သမားတာ၊ ခမောင်းတောလယ်သမားတာနှင့် ကျောက်ဆိပ်ပြင် လယ်သမားတာတို့ကို ဆက်လက်ပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပုဏ္ဏားကျွန်း မြို့နယ်အတွင်းရှိ ပဒေသာချောင်း၊ တောက်တဲ့ချောင်း၊ တန်ခိုးချောင်းနှင့် အိုင်ဒင်ချောင်းများ ဖြတ်သန်းစီးဆင်းနေသော ရပ်ဝန်းတွင် ကမ္ဘာ့ဘဏ်အကူအညီဖြင့် အောက်မြန်မာပြည်စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများကဲ့သို့ ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်း သဘောသဘာဝအရ လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်မည်ဖြစ်သည့်အတွက် လိုအပ်သည့် စူးစမ်းလေ့လာမှုများကို အနည်းဆုံး သုံးနှစ်ခန့် အချိန်ယူ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အမှန်တကယ် အကျိုးဖြစ်ထွန်းမှုရှိပါက ဒီဇိုင်းပြုတွက်ချက်ကာ လိုအပ်သည့်ရန်ပုံငွေကို တင်ပြ၍ နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံ၍ဖြစ်စေ၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများထံမှ ငွေကြေးအကူအညီ အထောက်အပံ့များရယူ၍ဖြစ်စေ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်သန်း၏ **"ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရတနအုပ်စုနှင့် ခြံဆွယ်အုပ်စုတွင်ရှိသည့် ကျိုးပေါက်နေသော တာတမံများကို ဆားငန်ရေမဝင်ရောက်နိုင်စေရန် ပြည်ထောင်စုဘတ်ဂျက်ငွေဖြင့် သင်္ဂနက်ကျွန်တောင်နှင့် လကွက်တောင်တို့ကို သွယ်တန်း၍ ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ကျောက်ဖြူမြို့နယ် ရတနအုပ်စုနှင့် ခြံဆွယ်အုပ်စုရှိ ကျိုးပေါက်နေသော လယ်သမားတာ စုစုပေါင်း ၄၃ ခုကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် သင်္ဂနက်ကျွန်တောင်မှ လကွက်တောင်အထိ အလျားပေ ၉၈၀၀ နှင့် လကွက်တောင်မှ ရွာသဘော်ဆိပ်တောင်အထိ အလျားပေ ၁၆၀၀၀ ဆည်ဖို့ဆောင်ရွက်ရန် လိုအပ်သဖြင့် အကျယ်ပေ ၁၁၉ ပေ၊ ပျမ်းမျှ အနက်ပေ ၂၀ ရှိ တိန်ချောင်းကို ပိတ်ဆို့ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။



ဦးခင်မောင်လတ်
ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)

ထို့ပြင် ရေထုတ်နုတ်နိုင်ရန် ကွန်ကရစ်ရေတံခါးလေးလုံး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ဧရိယာ ၃၉၀၀ ကေခန့်ကို ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **"ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြောက်ဘက်ခြမ်းတွင်တည်ရှိသော ငွက်စွယ်ကျွန်းကို ရေငန်တားတမံအသစ်တစ်ခု ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ငွက်စွယ်ကျွန်းအား ရေငန်တားတမံအသစ်တစ်ခု ဆည်ဖို့ပေးရန် ဖြစ်မြောက်နိုင်စွမ်း အကြိုကွင်းဆင်းစစ်ဆေးမှု၊ မြေပြင်တိုင်းတာမှု၊ ဒေသန္တရဆိုင်ရာ စူးစမ်းလေ့လာမှုနှင့် ခန့်မှန်းကုန်ကျစရိတ် အသေးစိတ်တွက်ချက်မှုများ ဆောင်ရွက်ရန်လိုအပ်သည့်အပြင် ရန်ပုံငွေရရှိရေး လုပ်ငန်း အခြေအနေအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်မှု မရှိသေးပါကြောင်းနှင့် အသေးစိတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မှုများပြုလုပ်ပြီး ဖြစ်မြောက်နိုင်စွမ်းရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေတွင် ဦးစားပေးအလိုက် ထည့်သွင်းတင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၏ **"ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဘဏ်ခွဲအသစ်တစ်ခု ဖွင့်လှစ်မည်ဆိုပါက ဘဏ်ခွဲဖွဲ့စည်းပုံရရှိရန် လိုအပ်ခြင်း၊ ဝန်ထမ်းအင်အား စုစုပေါင်း၏ သုံးပုံနှစ်ပုံအင်အားကိုသာ ခန့်ထားခွင့်ပြုသည့် ကန့်သတ်ချက်ရှိနေခြင်း၊ ရုံးအဆောက်အအုံ လိုအပ်ခြင်း၊ ရန်ပုံငွေလိုအပ်ချက်ရှိခြင်း စသည့် အကန့်အသတ်များ ရှိနေပါသဖြင့် လောလောဆယ်တွင် ရပ်စောက်မြို့နယ် ဘဏ်ခွဲအသစ်တစ်ခု ဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ဥပဒေကြမ်း ကော်မတီဝင် ဦးဆန်းမြင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **"မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့တွင် ဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# တာမွေ(ယာယီ)ဈေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ခေတ်မီဈေးသစ်ကြီး တည်ဆောက်သွားမည်

**ရန်ကုန် အောက်တိုဘာ ၄**

ယခင် ရန်ကုန်မြို့တော်စည်ပင်သာယာက ပြုပြင်တည်ဆောက်ရန် စီစဉ်ထားသည့် ရန်ကုန်မြို့တာမွေမြို့နယ်ရှိ တာမွေ(ယာယီ) ဈေးကြီးကို ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ခေတ်မီဈေးသစ်ကြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ပြောသည်။

ယနေ့ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယနေ့) တွင် တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့် မေးမြန်းသည့် တာမွေမြို့နယ်ယာယီဈေးနေရာတွင် ဈေးသူ/ဈေးသား၊ သက်ဆိုင်ရာအာဏာပိုင်များနှင့် သဘောတူညီချက်ရရှိပြီးဖြစ်သော ယာယီဈေးနေရာတွင် မြို့နယ်အင်္ဂါရပ်နှင့် ပြည့်စုံသည့် အဆင့်မြင့်ဈေးသစ်ကြီးတစ်ခုကို ကန်ထရိုက်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာဆောက်လုပ်ရန် ၂၀၁၆ ခုနှစ် မကုန်မီ စတင်ရန် အစီအစဉ် ရှိ/မရှိ ရှိပါက မည့်သည့်အချိန်တွင် အကောင်အထည်ဖော်မည်ကို သိရှိလိုပါကြောင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



တာမွေ (ယာယီ)ဈေးအား တွေ့ရစဉ်

အဆိုပါယာယီဈေးနှင့်ပတ်သက်၍ မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်က "တာမွေဈေး(ယာယီ)ကို ၁၉၉၄ ခုနှစ်ကစပြီးတော့ မူလတာမွေဈေးနေရာကနေ ပြောင်းလာတာ အခုဆိုရင် ၂၂ နှစ်ရှိပြီဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က တာမွေဈေး(ယာယီ)ကို BOT စနစ်နဲ့ တည်ဆောက်ဖို့ လျာထားခဲ့တာပါ။ ဒါပေမယ့် ဈေးသူ ဈေးသားတွေရဲ့ မညီညွတ်မှု၊ ဆောက်ခွင့်ရကုမ္ပဏီရဲ့ ဈေးသစ်စီမံကိန်းဟာလည်း ပွင့်လင်းမြင်သာမှုမရှိတာကြောင့် ပျက်ပြယ်သွားတာဖြစ်ပါတယ်။တာမွေဈေး(ယာယီ)ကို အဆင့်မြင့်ဈေးတစ်ခုဖြစ်ဖို့ အကောင်အထည်ဖော်ပြီးသားပါ။ ခုဆိုရင် ယာယီဈေးဟာ ဟောင်းနွမ်းပျက်စီးနေပါတယ်။ ဈေးသည်တွေဟာလည်း မိမိမူရင်းနေရာမှာ ရောင်းချမှုမရှိတာကို တွေ့ရသလို ဝယ်မယ့်သူကလည်း လာရောက်ဝယ်ယူမှု နည်းနေတာကို တွေ့ရတယ်။ သူတို့ကိုယ်တိုင်ရော တရားမဝင်တဲ့ ကျူးကျော်ဈေးတွေအားလုံးဟာ လမ်းမပေါ်မှာထွက်ပြီးရောင်းနေတာကို တွေ့နေရတယ်။ လမ်းမတွေပေါ် ထွက်ရောင်းတဲ့အတွက် ဈေးရောင်း၊ ဝယ်တဲ့သူတွေ၊ စည်းကမ်းမရှိတဲ့ ကားတွေကြောင့် လမ်းတွေပိတ်ဆို့တယ်။ အထူးသဖြင့် ပြောရရင် စည်းကမ်းမဲ့တဲ့ပြယုဂ်နေရာတစ်ခု အဖြစ်ရှိနေတာ နှစ်ပေါင်းများစွာကြာမြင့်ပါပြီ။ ဒီနေရာဟာ ယာဉ်မတော်တဆ ဖြစ်မှုတွေကလည်း ခဏခဏဖြစ်တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတာမဟုတ်ပါဘူး။ သက်ဆိုင်ရာကို တိုက်တွန်းချင်တာပါ" ဟု ယနေ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

ယခု ရောင်းဝယ်ဖောက်ကားမှု ပြုနေသောတာမွေ(ယာယီ) ဈေးကို ၁၉၉၄ ခုနှစ် ဧပြီ ၁ရက်က တာမွေကြီး (က+ခ) ရပ်ကွက်ရှိ ယခင် တာမွေဈေးဟောင်း(ယခုတာမွေပလာ)နေရာမှ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဈေးဆိုင်ခန်းများအနေဖြင့် မှတ်ပုံတင်ဆိုင်ခန်း ၄၄၃ ခန်း၊ တာမွေပလာဇာဆင်းဆိုင်ခန်း ၁၆၀ နှင့် ပုံကျကတ်ပြားဈေးသည် ၇၆၁ စုစုပေါင်း ဆိုင်ခန်း ၁၃၆၄ ခန်းရှိကြောင်း သိရသည်။

"ဒီဈေးကြီးကို ယာယီဈေးအဖြစ် တည်ဆောက်တာလည်း ကြာပါပြီ။ တာမွေ(ယာယီ)ဈေးကတော့ ဖျက်ကိုဖျက်ရတော့မှာ။ ဖျက်ပြီးတော့ အဆင့်မြင့်ဈေးသစ်ကြီး တည်ဆောက်ရမှာ။ အခု လွှတ်တော်ကိုယ်စားလှယ်မေးတာကြောင့် ဈေးနဲ့ပတ်သက်ပြီး ဆောက်ခွင့်ရ ကန်ထရိုက်ကို စစ်တဲ့အခါမှာ သူတို့ဆောက်မယ့် ဈေးပုံစံက အဆင့်မြင့်ဈေးအင်္ဂါရပ်နဲ့ မညီဘူးဖြစ်နေတယ်။ လက်ရှိ စည်ပင်သာယာက တည်ဆောက်ထားတဲ့ ဈေးတွေအကုန်လုံးကြည့်ရင်လည်း နှစ်ထပ်ဈေးတွေပဲ။ အဲဒီဈေးတွေကိုကြည့်ရင် ဈေးမှာရောင်းသူရော၊ ဝယ်သူရောမရှိဘဲနဲ့ ဈေးအပြင်မှာပဲ ရောက်နေကြတာကိုတွေ့ရတယ်။ ဈေးရှိပြီးတော့ ဈေးထဲမှာလည်းဈေးသည်က မရောင်းချင်ဘူး။ တာမွေ(ယာယီ)ဈေးက အရင်ကတည်းက မကောင်းဘူးဆိုတာ သိပါတယ်။ အဲဒီတော့ ဈေးရဲ့ဆောက်မယ့် ဒီဇိုင်းကို ပြန်ကြည့်တော့ မကြိုက်ဘူး။ ဆောက်ပြီးတဲ့အခါလည်း ဒီဈေးကအဟောင်းတိုင်းဖြစ်မှာ။ ဈေးရောင်းတဲ့သူက အပြင်ရောင်းဦးမှာပဲ။ အခုနောက်ပိုင်း အဆင့်မြင့်ဈေးဆောက်ချင်တဲ့အခါကျတော့ ဈေးအောက်ထဲမှာ ကားထားဖို့ရော၊ ဈေးစို၊ ဈေးခြောက် အဆင့်လိုက်ထားဖို့ ဒီဇိုင်းတွေ ပြန်ခေါ်တယ်။ အဲဒီအဆင့်မြင့်ဈေးအတွက် သူ့ဒေသနဲ့ လိုက်ဖက်တဲ့ ဈေးဒီဇိုင်းကို ပြန်ဖော်နေပါတယ်။ ဈေးမြင်တာနဲ့ ဝင်ဝယ်ချင်အောင် ဒီဇိုင်းရေးဆွဲနေပါတယ်။ ပွင့်လင်းမြင်သာမှုရှိအောင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ တင်ဒါခေါ်ပြီး တည်ဆောက်သွားမှာဖြစ်တယ်"ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက လွှတ်တော်ကိုယ်စားလှယ်မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

ယခုလက်ရှိ တာမွေ(ယာယီ)ဈေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနက ကိုင်တွယ်လျက်ရှိပြီး လက်ရှိ ဈေးတာဝန်ခံတစ်ဦး၊ ဝန်ထမ်းလေးဦးနှင့် ဈေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားကာ လပြည့်၊ လကွယ်ရက်များကို ဈေးပိတ်ရက်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ (မိုး/ဇလ)

# စနစ်ကျနသည့် အချက်အလက်ကောက်ယူမှုဆိုင်ရာ သင်တန်းဖွင့်



**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ အချက်အလက်ကောက်ယူမှုဆိုင်ရာ စနစ်ကျနမှုသင်တန်း Survey Methodology သင်တန်းကို ယနေ့နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြန်မာ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(CESD)သည် အဆိုပါဝန်ကြီးဌာနအပါအဝင် အာဆီယံစီးပွားရေးသုတေသနအင်စတီကျု၊ အရှေ့တောင်အာရှလေ့လာရေး အင်စတီကျု၊ နိုင်ငံတကာ ဖွံ့ဖြိုးမှု သုတေသနစင်တာ ကနေဒါနိုင်ငံနှင့် ကမ္ဘာ့ဘဏ်စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ မူဝါဒများ ချမှတ်နိုင်ရန် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ထို့ပြင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် ပူးပေါင်းကာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခြေအနေ လေ့လာဆန်းစစ်ခြင်း စစ်တမ်းကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်းရှိ အထည်ချုပ်လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်မှု ကဏ္ဍနှင့် အခြားကဏ္ဍများအပြင် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် သင်တန်းသည် ဝန်ထမ်းများအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုလည်းဖြစ်ပြီး ဗဟုသုတစွမ်းအား မြှင့်တင်ပေးရာလည်း ရောက်ကြောင်း၊ တစ်ဦးချင်း စွမ်းဆောင်ရည် မြင့်မားစေပြီး ဝန်ထမ်းများအတွက် စစ်တမ်းများကောက်ယူမှတ်သားရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရန်ရှောင်ရန်များနှင့် စနစ်တကျ စစ်တမ်းကောက်ယူရေး နည်းလမ်းများကို ပိုမိုသိရှိလာမည်ဖြစ်ကြောင်း အခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက ပြောကြားသည်။

အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနအနေဖြင့် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်း၊ နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်၊ ကိုယ်တိုင်နှင့် အခြားလုပ်ငန်းများရှိ အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်း၊ အလုပ်အကိုင် အခကြေးငွေနှင့် အလုပ်ချိန်ဆိုင်ရာ စစ်တမ်း စသည့် စာရင်းနှင့် စစ်တမ်းကောက်ယူမှုလုပ်ငန်းများကို နှစ်စဉ်ကောက်ယူပြုစုရာတွင် သင်တန်းက များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

နောင်နှစ်များတွင် အချိန်နှင့်တစ်ပြေးညီ တိကျသည့် စာရင်းအင်းများ ရရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံမှုရှိသည့် လုပ်သားအင်အားစစ်တမ်းကို ၂၀၁၇ ခုနှစ်တွင် နှစ်ကြိမ်ခွဲကာ စာရင်းကောက်ယူရန် ရည်ရွယ်ထားကြောင်း အဆိုပါ သင်တန်းမှ သိရှိရသည်။

သင်တန်းသို့ သက်ဆိုင်ရာဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၂၇ ဦးနှင့် CESD မှ သင်တန်းသား ငါးဦးတို့ တက်ရောက်လျက်ရှိပြီး စာရင်းအင်းကောက်ယူခြင်းဆိုင်ရာများနှင့် သုတေသနဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို မြန်မာ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးဇော်ဦးနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခ၊ ဌာနမှူး ဒေါက်တာခင်မေသန်းတို့က မျှဝေပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့နိုင်ငံမှာ သုတေသနလုပ်ငန်းတွေက ဖွံ့ဖြိုးတိုးတက်လာနေတာကို တွေ့ရပါတယ်။ သုတေသနလုပ်ငန်းတွေ ပိုမိုအရှိန်မြင့်လာလေလေ နိုင်ငံအတွက် လိုအပ်တဲ့ ကိန်းဂဏန်းအချက်အလက်တွေကို ဖြည့်ဆည်းပြီး မူဝါဒချမှတ်ရာမှာ၊ ဆုံးဖြတ်ချက်တွေချမှတ်ရာမှာ အများကြီးအထောက်အကူပြုနိုင်မှာပါ။ အဲဒီနေရာမှာလည်း မှန်ကန်တဲ့ စာရင်းအင်းအချက်အလက်ကောက်ခံမှုတွေနဲ့ ရလာမယ့် result တွေကို အကောင်အထည်ဖော်ဖို့အတွက် မှန်ကန်တဲ့ နည်းလမ်းတွေက အားရစရာဖြစ်လာမယ်"ဟု ဒေါက်တာဒေါ်ခင်မေသန်းက ပြောကြားသည်။

**သတင်း-ခင်ရတနာ**

**ဓာတ်ပုံ-မေဦးမိုး**



## ရန်ကုန်လေဆိပ်၌ ဇီကာပိုင်းရပ်စ်ပိုး စစ်ဆေး

**ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြည်တွင်း ပြည်ပ ခရီးသွားများက ဇီကာဗိုင်းရပ်စ်ပိုး စစ်ဆေးနေသည်ကို အောက်တိုဘာ ၄ ရက်က တွေ့ရစဉ်**

မျိုးမင်းသိန်း(မရမ်းကုန်း)

# ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ဇီကာဗိုင်းရပ်စ်ရောဂါဆိုသည်မှာ ရောဂါပိုးသယ်ဆောင်ထားသည့် အေးဒိစ် ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သော ရောဂါတစ်မျိုးဖြစ်ပါသည်။ အဆိုပါရောဂါပိုးကို ၁၉၄၇ ခုနှစ်ကတည်းက ယူဂန္ဓာနိုင်ငံရှိ မျောက်များတွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ယူဂန္ဓာနိုင်ငံနှင့် တန်ဇန်းနီးယားနိုင်ငံတို့၌ လူသို့ ကူးစက်မှုရှိခဲ့ပါသည်။ ထိုင်းနိုင်ငံ၌ ၂၀၁၂ ခုနှစ်က စတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၄ ခုနှစ်အထိ ဖြစ်ပွားသူ စုစုပေါင်း ခုနစ်ဦးရှိကြောင်း သိရှိရသည်။

ဇီကာဗိုင်းရပ်စ်သယ်ဆောင်လာသော အေးဒိစ်ခြင်ကျားသည် ရေကြည် ရေသန့်တွင် ပေါက်ပွားသည်။ ရေလှောင်ထားသော အိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုး၊ ရေတင်ကျန်လျက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကားတာယာ၊ ပလတ်စတစ်ခွက် စသည်တို့တွင် တွေ့ရသည်။ နေ့အချိန်တွင် လူကိုကိုက်ခြင်းမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားစေပါသည်။ ခြင်ကိုက်ခံရပြီး နှစ်ရက်မှ ခုနစ်ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပေါ်လာနိုင်ပါသည်။ ရောဂါကူးစက်ခံရသူငါးဦးတွင် တစ်ဦး၌ ရောဂါလက္ခဏာပေါ်ပေါက်ကြောင်း သိရှိရသည်။

အဓိကလက္ခဏာများမှာ ဖျားခြင်း၊ အရေပြားပေါ်တွင်အနီစက်များ ထွက်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သား / အဆစ်များ နာကျင်ခြင်းတို့ဖြစ်တတ်ပါသည်။ လတ်တလောတွင် ဘရာဇီးနိုင်ငံ၌ ဇီကာဗိုင်းရပ်စ် ရောဂါပိုးကူးစက်ဖြစ်ပွားခြင်း၏ နောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဦးနှောက်သေးငယ်သော ကလေးငယ်များ မွေးဖွားလာခြင်းအပေါ် ဆက်စပ်မှုရှိ၊ မရှိ သက်သေပြနိုင်ရန် ပညာရှင်များအနေဖြင့် ကြိုးစားလျက် ရှိပါသည်။

ဇီကာရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ရောဂါလက္ခဏာ သက်သာရန်အတွက်သာ ကုသပေးနိုင်ပါသည်။ အနားယူခြင်း၊ ရေလုံလောက်စွာ သောက်သုံးခြင်း၊ ဆေးမြီးတိုများနှင့် အခြားအကိုက်အခဲပျောက်ဆေးများကို မသောက်ရန်၊ ပါရာစီတမော့ကိုသာ အညွှန်းအတိုင်း သောက်သုံးရန်နှင့် ဇီကာရောဂါလက္ခဏာများတွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဌာန၊ ဆေးရုံ / ဆေးခန်းများသို့ သွားရောက်ပြသ၍ စစ်ဆေးကုသမှုခံယူရန် လိုအပ်ပါသည်။

ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကျားပိုးလောက်လမ်း နှိမ်နင်းရေးနှင့် ခြင်ကိုက်ခံရခြင်းမရှိအောင် နေထိုင်ရေးဖြစ်ပါသည်။ အိမ်တိုင်း၊ ကျောင်းတိုင်း၊ ရုံးဌာနတိုင်း၌ ခြင်ကျားလောက်လမ်း တစ်ကောင်မျှ မရှိစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။

- ဖုံး - ရေလှောင်ထားသောအိုးခွက်များတွင် ခြင်များဝင်ရောက်မဥနိုင်ရန် လုံခြုံစွာဖုံးအုပ်ထားရန်၊
- သွန် - အိုးခွက်နံရံတွင် ကပ်နေသော ခြင်ဥများသေစေရန် အိုးခွက်များ၏ အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြောရန်၊ ခြင်ကျားလောက်လမ်း တွေ့ရှိသောရေများကိုသွန်ပစ်ရန် သို့မဟုတ် အခြားအိုးထဲသို့ ရေစစ်ဖြင့် ပြောင်းထည့်ရန်၊
- လဲ - ပန်းအိုး၊ နတ်အိုးများ၏ အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြော၍ ရေများကို တစ်ပတ်နှစ်ကြိမ် လဲလှယ်ရန်၊
- စစ် - ခြင်ကျားလောက်လမ်းများမပါစေရန် ရေဖြည့်သည့်အခါ ရေစစ်ဖြင့် စစ်ထည့်ရန်၊
- လောင်း - ရေထည့်ထားသော ကြောင်အိမ်အောက်ခံခွက်များနှင့် ရေမြောင်းများတွင် ဒီဇယ်ဆီနှင့် စက်ဆီဟောင်းများ လောင်းထည့်ရန်၊
- ထောင် - ဘယ်အချိန်အိပ်အိပ်၊ ဘယ်နေရာအိပ်အိပ် ခြင်ထောင်ထောင် အိပ်ရန်၊ တတ်နိုင်က ဆေးစိမ်ခြင်ထောင် အသုံးပြုရန်၊
- မြှုပ် - အသုံးမပြုတော့သော ရေတင်ကျန်နေသည့် စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ရန်၊
- ရှင်း - အိမ်အတွင်း၊ အပြင် ခြင်များမခိုအောင်းနိုင်ရန် သန့်ရှင်းစွာထားရန်၊ ချုံများရှင်းရန်၊
- ဖွင့် - အလင်းရောင်ရရန် ပြတင်းပေါက်များကို ဖွင့်ထားရန်၊
- မှုတ် - လူနာရှိက ဆေးမှုတ်မည့်အဖွဲ့ကို ကူညီရန်။

ထို့အပြင် ခြင်ကိုက်မခံရစေရန် ခြင်ဆေးလိမ်းခြင်း၊ အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ နေအိမ်၌ ခြင်လုံဆန်ခါတပ်ခြင်းစသည်တို့ ဆောင်ရွက်ရန် လိုအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ခြင်ကျားလောက်လမ်းတစ်ကောင်မျှ မရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် စသည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို လူတိုင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဇီကာရောဂါအပါအဝင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုမရှိအောင် ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသောစက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဒေါက်တာမေမွန် | မေ့ရင်သွေးကျန်းမာစေဖို့ | ၃၀၀၀ိ/- | Favorite Press Books |
| ၂ | ကျော်မောင်(မြိတ်) | ထေရဝါဒမြတ်ဗုဒ္ဓကထိန် | ၁၂၀ဝိ/- | သစ္စာအလင်း |
| ၃ | ပျဉ်းမနားမောင်နီသင်း | ကျားကလေးစုတ်ဖွားနှင့်အခြားပုံပြင်များ | ၁၀၀၀ိ/- | ဆုစာပေ |
| ၄ | ပျဉ်းမနားမောင်နီသင်း | မြစံပယ်နှင့်အခြားပုံပြင်များ | ၁၀၀၀ိ/- | ဆုစာပေ |
| ၅ | ရဲမှူးချုပ် မောင်မောင်သန်း(ငြိမ်း) | မယ် ဆိုသည်မှာ | ၂၀၀၀ိ/- | ဟန်သာဆုစာပေ |
| ၆ | မင်းသိခ် | ဘဝဝက်တ | ၃၅၀ဝိ/- | ဘုမ္မာဝတီစာပေ |
| ၇ | ရွှန်းမီ | ကျွန်မရေးကြည့်ကလိမ်သည်(လူမှုကွန်ရက်ပေါ်က သရော်စာများ) | ၁၅၀ဝိ/- | PICA media |
| ၈ | မောင်သစ်ဝေ(မြင်းခြံ) | ငါ့ဂီတ ကဗျာများ | ၁၅၀ဝိ/- | PICA media |
| ၉ | ဝေဖြိုးမောင် | ညွှန့်ညွှန့်စိန်ရဲ့ကျွန်မလူကြီးသမီးပါမောင် | ၂၀၀ဝိ/- | စာပေနန်းတော် |
| ၁၀ | နေခြည်နှင့်နုသပြေ | ပုံပမာ ကာတွန်း | ၁၅၀ဝိ/- | ရုပ်ပြောင်စာပေ |
| ၁၁ | အောင် (ရေကြောင်းအင်ဂျင်နီယာ) | စွမ်းအားရှင် ဂမုန်းပင်များ | ၄၀၀ဝိ/- | မိုးကျော်စာပေ |
| ၁၁ | ဦးခင်ဇော်(မရမ်းကုန်း) | ရှေ့နေရှေ့ရပ်ဆိုင်ရာ စီရင်ဆုံးဖြတ်ချက်များ(၁၉၆၂)မှ(၂၀၁၁) | ၅၀၀ဝိ/- | ဦးခင်ဇော် |
| | (တရားလွှတ်တော်ရှေ့နေ) | | | (မရမ်းကုန်းစာပေ) |
| ၁၂ | ဇင်ဝေသော်-မြန်မာပြန် | မစ္စတာချိုင်းနား | ၄၀၀ဝိ/- | ကမ်းလက်စာပေ |
| ၁၃ | ကိုပွ | ကျွန်တော်နှင့်ကျွန်တော်ရေးခဲ့သော အပိုင်းအစများ(၂) | ၂၄၀ဝိ/- | ကံ့ကော်ဝတ်ရည်စာပေ |
| ၁၄ | ကျိုက်လတ်မိုးမြင့် | မမြင်နိုင်သော သတင်းစာပညာ | ၆၀ဝိ/- | ရွက်စိမ်းစာပေ |
| ၁၅ | ဇန်းမော်သိန်းဖေ | မျှဝေလိုသော အတွေးများ | ၂၅၀ဝိ/- | ပဥ္စဂံစာပေ |
| ၁၆ | The key collection | ဟီလာရီကလင်တန် | ၁၅၀ဝိ/- | The Key Collection |
| ၁၇ | The key collection | ဂျော့ဝါရှင်တန် | ၁၅၀ဝိ/- | The Key Collection |
| ၁၈ | လင်းဆေး | စွယ်တော်ရွက်ဟောင်းလေး | ၁၅၀ဝိ/- | ယဉ်မျိုးစာပေ |
| ၁၉ | မာန်(တောင်လုံးပြန်) | တစ်ခါတုန်းက မြန်မာပြည်မှာ(၁၉၈၈-၂၀၁၅)တတိယတွဲ | ၂၅၀ဝိ/- | GPG စာပေ |
| ၂၀ | ပန်းချီ-ရဲမာန် | VOL.4 ရွှေမောင်းဆေးရောင်စုံ ရုပ်ပြ ဓမ္မရသသုတရုပ်စုံ ၁၂ အုပ်ပေါင်းချုပ် (No.37 to 48) | ၇၅၀ဝိ/- | ရွှေမောင်းစာပေ |
| ၂၁ | မေတ္တာရှင်(ရွှေပြည်သာ) | စူဠသောတာပန်ကျင့်စဉ် | ၈၅၀ဝိ/- | မေတ္တာရှင်စာပေ |
| ၂၂ | နတ်ရွာမိုး | ကြွေ | ၁၇၀ဝိ/- | အောင်မြင်စာပေ |
| ၂၃ | ထွန်းမျိုးဌေး | ဘာသာတူဘာသာခြားမှတ်ပုံတင်၍ ထိမ်းမြားခြင်းများ | ၂၅၀ဝိ/- | ဝန်ချတောင်စာပေ |

*(ဆက်လက်ဖော်ပြပါမည်)*

# ဒူတက်တေး၏ပြင်းထန်သောစကားလုံးများကို အမေရိကန်ပြည်ထောင်စုက လျစ်လျူရှုရန် အကောင်းဆုံးလုပ်ဆောင်နေ



**ဝါရှင်တန် အောက်တိုဘာ ၄**

အမေရိကန်အရာရှိများသည် ဖိလစ်ပိုင်သမ္မတ ရိုဒရီကိုဒူတက်တေး၏ ရင့်သီးသော စကားလုံးများကို လျစ်လျူရှုရန် အကောင်းဆုံး လုပ်ဆောင်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် မကြာသေးမီက ၎င်းကို၎င်း ဟစ်တလာနှင့်ခိုင်းနှိုင်းခဲ့သော ဖိလစ်ပိုင်သမ္မတ ရိုဒရီကို ဒူတက်တေးအား ပေါက်ကွဲမှုများ ထပ်မံဖြစ်ခွင့် မပေးတော့ကြောင်း၊ တစ်ချိန်တည်းမှာပင် အောက်အဆင့် စစ်ရေးဆိုင်ရာနှင့် အခြားပူးပေါင်းဆောင်ရွက်မှုများတွင် ဖိအားများပေးသွားမည်ဖြစ်ကြောင်း အမေရိကန်အရာရှိများက အောက်တိုဘာ ၃ ရက်တွင် ပြောခဲ့သည်။

တရုတ်၏ရန်လိုမှုကြီးထွားလာသည့် ဒေသတွင် ဖိလစ်ပိုင်နှင့် တိတိလင်းလင်း ပြတ်စဲလိုက်ခြင်းသည် ပြဿနာများကို ဖန်တီးသလို ဖြစ်မည်စိုး၍ ဖိလစ်ပိုင်အား ဒဏ်ခတ်မှုများပြုလုပ်ရန် အရေးပါသော ဆွေးနွေးမှုများ မဆောင်ရွက်ရသေးကြောင်း အမေရိကန်အရာရှိနှစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ဖိလစ်ပိုင်သုံးသန်းနီးနီး နေထိုင်နေသော်လည်း အမေရိကန်အရာရှိများအနေဖြင့် ဖိလစ်ပိုင်သမ္မတအား ၎င်း၏ပြောစကားများကို တာဝန်ယူလာအောင် ဖိအားပေးမည့် တိုက်တွန်းပြောကြားမှုများ ဘာတစ်ခုမျှမပြုလုပ်စေချင်ကြောင်း ပြောကြားခဲ့သည်။

၎င်းသည် အမေရိကန်သမ္မတလောင်း ထရန့်နှင့်တူကြောင်း အာရုံစူးစိုက်မှုရရှိအောင် လုပ်ဆောင်နေကြောင်း၊ အာရုံစူးစိုက်မှုရလေလေ လက်မခံနိုင်စရာတွေ ပိုမိုလုပ်လေလေဖြစ်ကြောင်း အရှေ့တောင်အာရှအကြီးတန်းအရာရှိတစ်ဦးက ပြောခဲ့သည်။

ထို့ကြောင့် ၎င်းကို လျစ်လျူရှုဖို့လိုကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**

# ငြိမ်းချမ်းရေးစာချုပ် ခိုင်မြဲရေး ကိုလံဘီယာသမ္မတကြိုးပမ်းမည်

**ဘိုကိုတာ အောက်တိုဘာ ၄**

ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်တို့စ်က အစိုးရထိပ်တန်းအရာရှိကြီးများဖြင့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းကာ ဖော့ခ်သူပုန်များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှုအပေါ် အတိုက်ခံအုပ်စုများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် စီစဉ်ခဲ့သည်။ မစ္စတာ ဆန်တို့စ်က နိုင်ငံရေးပါတီများနှင့် ဆွေးနွေးညှိနှိုင်းမှုအပြီး ထိုသို့ကြေညာခဲ့ခြင်းဖြစ်သည်။



ဖော့ခ်သူပုန်များနှင့် ငြိမ်းချမ်း ရေးစာချုပ်မှာ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သည့် လူထုဆန္ဒခံယူပွဲအပြီး မဲအရေအတွက်ကွာခြားချက်အနည်းငယ်ဖြင့် ငြင်းပယ်ခြင်းခံခဲ့ရသည်။ ယခင်သမ္မတဟောင်း အယ်ဗာရိုယူရီဘီသည် ဖော့ခ်သူပုန်များနှင့် ငြိမ်းချမ်းရေးစာချုပ်ကို ငြင်းဆန်သည့်ဘက်မှ ဖြစ်ပြီး သမ္မတနှင့် နိုင်ငံရေးပါတီများ၏ ဆွေးနွေးပွဲကိုလည်း တက်ရောက်ခဲ့ခြင်းမရှိပေ။

သို့သော် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ရန် ကိုယ်စားလှယ်သုံးဦးခန့်အပ်ခဲ့သည်။ မစ္စတာ ယူရီဘီသည် ဒီမိုကရက်တစ် ဗဟိုပါတီခေါင်းဆောင်ဖြစ်ပြီး ၎င်း၏ဆန္ဒမှာ ရာဇဝတ်မှုကျူးလွန်ခဲ့သည့် သူပုန်များကို ၎င်းတို့နှင့် ထိုက် တန်သည့်ပြစ်ဒဏ်များ ခံစားစေလိုသူလည်းဖြစ်သည်။ ထို့ပြင် ဖော့ခ်သူပုန်ခေါင်းဆောင်ပိုင်းမှ နိုင်ငံရေးလောက အတွင်း ဝင်ရောက်လာခြင်းကို လက်မခံ နိုင်သူလည်းဖြစ်သည်။ ဖော့ခ်သူပုန်များနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုပွဲမှာ လေးနှစ်နီးပါးဆွေးနွေးညှိနှိုင်းခဲ့ပြီးမှ ချုပ်ဆိုနိုင်ခြင်းဖြစ်ပြီး ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**(ဘီဘီစီ)**

# ဂူလန်နှင့် တရားမဝင်ဆက်သွယ်သည့် သံသယရှိမှုဖြင့် ရဲအရာရှိ ၁၂၀၀၀ဦးအား တာဝန်မှရပ်ဆိုင်း

**အန်ကာရာ အောက်တိုဘာ ၄**

တူရကီအာဏာသိမ်းမှုနှင့် သက်ဆိုင်သည့် အမေရိကန်အခြေစိုက် ဘုန်းတော်ကြီးဖယ်သာလာ့ဟ်ဂူလန်၏ ကွန်ရက်နှင့် တရားမဝင် ဆက်သွယ်မှုရှိသည်ဟူသော သံသယဖြင့် တူရကီအာဏာပိုင်များက ရဲအရာရှိ ၁၂၈၀၀ဦးကို တာဝန်မှ ရပ်ဆိုင်းလိုက်ကြောင်း အောက်တိုဘာ ၄ ရက်က ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

စုစုပေါင်း ရာထူးမှအနားပေးလိုက်သူများတွင် ၂၅၂၃ဦးမှာ ရဲချုပ်များဖြစ်ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။ ဇူလိုင်လ တူရကီအာဏာသိမ်းမှုမအောင်မြင်ပြီးနောက်တူရကီအာဏာပိုင်များက အရပ်ဘက်ဝန်ထမ်း ၁၀၀၀၀၀ ကျော်ကိုလည်း တာဝန်မှ အနားပေးလိုက်ကြောင်း သိရသည်။

အနားပေးလိုက်သူများတွင် ဆရာများ၊ တရားသူကြီးများ၊ အစိုးရရှေ့နေများနှင့် အခြားသူများပါဝင်ကြောင်း သိရသည်။

**(ရိုက်တာ)**

# ထရန့်ဖောင်ဒေးရှင်းအား နယူးယောက်တွင် ရန်ပုံငွေရှာဖွေခြင်းရပ်တန့်ရန် အမိန့်တစ်ရပ်ထုတ်ပြန်

**နယူးယောက် အောက်တိုဘာ ၄**

နယူးယောက်ရှေ့နေချုပ်ရုံးက ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့်၏ ကုသိုလ်ဖြစ်ဖောင်ဒေးရှင်းအား နယူးယောက်တွင် ရန်ပုံငွေရှာဖွေခြင်းကို ချက်ချင်းရပ်ရန်အမိန့်တစ်ရပ်ထုတ်ပြန်လိုက်သည်။

အကယ်၍ ရှေ့တိုးလုပ်ဆောင်မည်ဆိုပါက လိမ်လည်မှုလုပ်ဆောင်ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ထရန့်အတွက် ရှေ့တိုးမလားနောက်ဆုတ်မလားဆိုသည့် ထိုးနှက်ချက်သည် ၎င်း၏ရွေးကောက်ပွဲလှုပ်ရှားမှုများအတွက် ဒယိမ်းဒယိုင်ဖြစ်စေသည်။ နှစ်ပေါင်း ၂၀ ကျော်ကြာအောင် အခွန်မပေးဆောင်ရသေးကြောင်း အကြံပြုချက်နှင့်ပတ်သက်ပြီး ထရန့်နှင့် ၎င်းလက်ထောက်များက ညှိနှိုင်းမှု ပြုချင်နေသည်။

နယူးယောက်ရှေ့နေချုပ် အဲရစ်ချာနီဒါမန်ရုံးက ဒေါ်နယ်ထရန့်ဖောင်ဒေးရှင်းသည် ရရှိလာသော ရန်ပုံငွေကို ရန်ပုံငွေဗျူရိုတွင် စာရင်းသွင်းခြင်းမရှိသောကြောင့် ပြည်နယ်ဥပဒေကို ချိုးဖောက်နေကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# စီးပွားရေးလုပ်ငန်းများအတွက် အီးယူမှဗြိတိန်နုတ်ထွက်မည့်အချိန်အတိအကျသိရန်လိုအပ်

**လန်ဒန် အောက်တိုဘာ ၄**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည်စီးပွားရေးလုပ်ငန်း၌ ယုံကြည်မှုများ ပိုမိုရရှိလာစေရေး အီးယူအဖွဲ့မှ ဗြိတိန်ထွက်ခွာမည့်အချိန်ကို ထုတ်ပြန်ရန် အရေးကြီးကြောင်း အင်္ဂါနေ့ကပြောကြားခဲ့သည်။ မတ်လနှောင်းပိုင်းတွင် နုတ်ထွက်ရေးကိစ္စများကို ဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဟု ထရီဆာမေက တနင်္ဂနွေနေ့က ကြေညာခဲ့သည်။

ထိုအချိန်၌ အီးယူနှင့်ဗြိတိန်သို့ နှစ်နှစ်ကြာဆွေးနွေးညှိနှိုင်းမှုများ စတင်နေပြီဖြစ်သည်။ စတာလင်ပေါင်တန်ဖိုးသည် ဒေါ်လာထက်ကျဆင်းလာခဲ့ပြီးနောက် ယခုကဲ့သို့သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံရှိ စီးပွားရေးသမားများနှင့် ပြည်သူများမှာ ရှင်းရှင်းလင်းလင်းသိရန်လိုအပ်ကြောင်း တီဗွီအစီအစဉ်တစ်ခုတွင် ထရီဆာမေက ပြောခဲ့သည်။

**(ရိုက်တာ)**

# ဆီးရီးယားအပစ်အခတ်ရပ်စဲရေး အမေရိကန်နှင့်ရုရှားတို့ဆွေးနွေးညှိနှိုင်းမှု ဆိုင်းငံ့

**ဒမတ်စကတ် အောက်တိုဘာ ၄**

ဆီးရီးယားနိုင်ငံ၌ အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်နိုင်ငံသည် ရုရှားတို့နှင့်စေ့စပ်ညှိနှိုင်းမှုများဆောင်ရွက်နေရာမှ ယခုအခါ ဆိုင်းငံ့လိုက်ပြီဟု နိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ကြေညာခဲ့သည်။ အလက်ပိုမြို့အတွင်း ရုရှားတို့၏ စစ်ရေးအရပါဝင်မှုများကို အမေရိကန်တို့က ပြစ်တင်ဝေဖန်ထားသည်။

ဆီးရီးယားပဋိပက္ခအတွင်းရုရှားတို့၏ လှုပ်ရှားမှုများကို အမေရိကန်တို့ဘက်မှ မကျေမနပ် ဖြစ်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးမစ္စတာဂျွန်ကယ်ရီက လွန်ခဲ့သောသီတင်းပတ်၌ ယခုလိုကြေညာရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ငါးနှစ်ကြာဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရေးစိန်ခေါ်မှုများစွာ ရှိနေသေးသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရုရှားနှင့်အစိုးရတပ်များသည် အရပ်သားများကိုပစ်မှတ်ထားတိုက်ခိုက်လျက်ရှိကြောင်း၊ ဆေးရုံကဲ့သို့သော အခြေခံအဆောက်အအုံများကို တိုက်ခိုက်နေကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးပို့မှုကိုလည်း တားဆီးလျက်ရှိကြောင်း စွပ်စွဲခဲ့သည်။

ဝါရှင်တန်၏ ဆုံးဖြတ်ချက်အပေါ် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ အမေရိကန်တို့သည် ရုရှားတို့အပေါ်သို့ အပြစ်ပုံချခြင်းသာ ဖြစ်ကြောင်းတုံ့ပြန်ပြောဆိုခဲ့သည်ဟု သိရသည်။

**(ဆင်ဟွာ)**



# မြေထဲပင်လယ်အတွင်းက ကယ်ဆယ်ရေးလုပ်သားများရဲ့ ကြိုးပမ်းအားထုတ်မှုများ

**ချူးစန္ဒီနွေး** ..................................

**မြေထဲပင်လယ်ထဲမှာ သင်္ဘောပျက်တာကြောင့်ပဲဖြစ်ဖြစ်၊ အခြားသော အကြောင်းတွေကြောင့်ပဲဖြစ်ဖြစ် ဒုက္ခရောက်နေတဲ့ လူတွေကို ကယ်တင်ရတဲ့အလုပ်ဟာ စောင့်ဆိုင်းရတဲ့ ကစားနည်းတစ်ခုလိုပါပဲလို့ ဆိုရမှာဖြစ်ပါတယ်။ အကူအညီလိုအပ်နေတဲ့လူတွေဆီကို သွားရောက်ကယ်တင်ဖို့ဆိုတာ အစီအစဉ်တွေ စနစ်တကျရှိဖို့ လိုအပ်သလို စိတ်ရှည်သည်းခံတတ်ဖို့လည်း လိုအပ်ပါတယ်။ ကလေးသူငယ်များ ကယ်တင်စောင့်ရှောက်ရေးအဖွဲ့ကတော့ မြေထဲပင်လယ်အတွင်းမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ စေတနာ့ဝန်ထမ်းအဖွဲ့ပဲဖြစ်ပါတယ်။ ယခုနှစ်အတွင်း မြေထဲပင်လယ်ထဲမှာ သေဆုံးခဲ့ရတဲ့ လူအရေအတွက်ကတော့ လူပေါင်း ၃၀၀၀ ကျော်လာပြီ ဖြစ်ပါတယ်။**

ဒီအချက်အလက်တွေကတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းတွေရဲ့မှတ်တမ်းများအရ သိရတာပဲဖြစ်ပါတယ်။ လူပေါင်း ၃၀၀၀၀၀ မှာ ဥရောပကို ရောက်ရှိနိုင်ရေး အန္တရာယ်ကြီးမားတဲ့ မြေထဲပင်လယ်အတွင်းသို့ အသက်အာမခံချက်မရှိတဲ့ သင်္ဘောများ၊ လှေများဖြင့် စွန့်စားဖြတ်ကျော်ကြပါတယ်။ ငတ်မွတ်ခေါင်းပါးမှုတွေ၊ နိုင်ငံရေးအရ ညှဉ်းပန်းနှိပ်စက်ခံရမှုတွေနဲ့ စစ်ပွဲတွေကို ရှောင်ရှားဖို့အတွက် အရှေ့အလယ်ပိုင်းနဲ့ အာဖရိကဒုက္ခသည်တွေဟာ ဥရောပကို ဝင်ရောက်ဖို့ ကြိုးပမ်းကြပါတယ်။ အဲဒီအထဲက တစ်ဝက်လောက်ဟာ အီတလီနိုင်ငံကို ရောက်ရှိလာခဲ့ပါတယ်။ မနက်မိုးလင်းပြီဆိုတာနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နိုင်ဖို့ နံနက် ၆ နာရီခွဲကစပြီး ကယ်ဆယ်ရေးလုပ်သားတွေဟာ စောင့်ကြည့်မှုတွေကို စတင်လုပ်ဆောင်ကြပါတယ်။ ရွှေ့ပြောင်းအခြေချသူတွေ စီးနင်းလာတဲ့ သင်္ဘောတွေကို စောင့်ကြည့်ရပါတယ်။ သူတို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ပင်လယ်ရေပြင်မှာ ဒုက္ခရောက်နေတာပဲဖြစ်ဖြစ်၊ သင်္ဘောနစ်မြုပ်တော့မယ့် အန္တရာယ်နဲ့ တွေ့ကြုံနေရတာပဲဖြစ်ဖြစ် ဒုက္ခရောက်နေတဲ့သူ မည်သူကိုမဆို ကယ်တင်ပေးဖို့ပါပဲ။ ကယ်ဆယ်ရေးလုပ်သားတွေဟာ ပင်လယ်ပြင်အကြောင်း၊ လေတိုက်နှုန်းနဲ့ လေတွေကလည်း တိုက်ခတ်နေတယ်။ ဒါ့ကြောင့်ကမ်းကပ်ဖို့အတွက် မလွယ်မကူဖြစ်နေတဲ့အချိန်မှာ လှေတွေမှာပါရှိတဲ့ အင်ဂျင်တွေဟာလည်း အားကောင်းတဲ့ အင်ဂျင်တွေမဟုတ်ပြန်ဘူး။ ကယ်ဆယ်ရေးလုပ်ငန်းတွေကို အန္တရာယ်ကင်းကင်းနဲ့ ဆောင်ရွက်နိုင်ဖို့ဆိုရင် ပင်လယ်ပြင်ဟာလှိုင်းထန်ပြီး ကြမ်းတမ်းနေလို့မဖြစ်ပါဘူး။ တကယ်လို့ ပင်လယ်ပြင်ဟာမုန်တိုင်းထန်နေမယ်ဆိုရင်တော့ ကယ်ဆယ်ဖို့သွားရောက်တဲ့လူတွေပါ ဒုက္ခလှလှတွေ့တော့မှာပါ။ လူ ၁၃ ဦးပါဝင်တဲ့ ကယ်ဆယ်ရေးအဖွဲ့ကတော့ လှေကျင့်မှုတွေကို သူတို့ကိုယ်တိုင်ပဲ လှေကျင့်ဆောင်ရွက်နေပါတယ်။ လှေကျင့်မှုတွေ မစတင်မီမှာတော့အသက်ကယ်အင်္ကျီတွေနဲ့ထောက်ပံ့ရေးပစ္စည်းတွေကို စစ်တယ်။ ပြီးတော့ကယ်ဆယ် ရေး လှေငယ်တွေကိုထုတ်ပြီး ပင်လယ်ပြင်မှာလှေကျင့်မှုတွေပြုလုပ်ကြတယ်။ သူတို့ရဲ့အဖွဲ့ခေါင်းဆောင်နဲ့ သင်္ဘောကပ္ပတိန်ကတော့ လေတိုက်နှုန်းနဲ့ လှိုင်းတွေကို အကြိမ်ကြိမ်တွက်ချက်စစ်ဆေးတယ်။ ဒါကတော့ သူတို့ရဲ့ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ဖို့ လှေကျင့်မှုတွေမှာ အားစိုက်ထုတ်မှုတွေပဲဖြစ်ပါတယ်။ ပင်လယ်ပြင်ကို စောင့်ကြည့်မှုတွေကတော့မနက်တိုင်း ၆ နာရီခွဲဆိုရင်စပါပြီ။ ပင်လယ်ပြင်မှာဒုက္ခရောက်သူ မရှိအခြေအနေတွေငြိမ်သက်နေရင်တောင် စောင့်ကြည့်မှုတွေကတော့ အမြဲမပြတ်အချိန်မှန်ဆောင်ရွက်နေတာပါပဲ။ လူတွေကို အန္တရာယ်ပေးနိုင်






ကယ်ဆယ်တဲ့နေရာမှာ မှန်ကန်စွာ ချမှတ်ရမယ့် ဆုံးဖြတ်ချက်တွေ၊ အခြေအနေတွေကို နားလည်မှုရှိဖို့ လိုအပ်ပါတယ်။ ဒုက္ခသည်တွေကို အပြည့်အသိပ်တင်လာတဲ့ရော်ဘာလှေငယ်တွေဟာ လစ်ဗျားကမ်းရိုးတန်းကို ညအခါမှာ ဆိုက်ကပ်လာတယ်။ တောင်ဘက်အရပ်ကနေ လောက်တယ်လို့ ထင်ရက်စရာမရှိတဲ့ သာယာလှပတဲ့ ပင်လယ်ပြင်ကြီးဟာ တစ်ခါတစ်ရံမှာတော့ ဒုက္ခအကြီးအကျယ်ပေးတတ်ပါတယ်။ ဒါကိုလည်း ကယ်ဆယ်ရေးလုပ်သားတွေက နားလည်ထားပြီးသားပါ။ တစ်ခါမှာတော့ လစ်ဗျားကမ်းရိုးတန်းကနေ မိုင် ၃၀ အကွာမှာ အချက်ပေးမှုတစ်ခု တွေ့ရှိလာရပါတယ်။ အဝေးကနေ ကမ်းဘက်ကို ဦးတည်လာတဲ့ လှေငယ်ကို ရေးရေးလေးမြင်နေရပါတယ်။ ကယ်ဆယ်ရေးလုပ်သားတွေကတော့ ဒီလှေပေါ်မှာ လူပေါင်း ၁၀၀ လောက်ပါမယ်လို့ ယူဆခဲ့ကြပါတယ်။ အဝေးကနေလှမ်းကြည့်လိုက်ရင် လိမ္မော်ရောင်ကို မမြင်ရဘူး။ ဒါဆိုရင်တော့ လှေပေါ်မှာပါလာတဲ့သူတွေ အသက်ကယ်အင်္ကျီဝတ်မလာတာ သေချာသွားပါပြီ။ ကယ်ဆယ်ရေးလုပ်ငန်းတွေကိုတစ်နာရီကျော်ကြာအောင် ဆောင်ရွက်ခဲ့ရပါတယ်။ အနီးကပ်ကြည့်လိုက်ရတော့ လှေပေါ်မှာ လူ ၁၀၀ နီးပါးကို အပြည့်အသိပ်တင်လာတာ တွေ့လိုက်ရတာပါပဲ။

ပြီးတော့ လှေဟာလည်း ပလတ်စတစ်နဲ့ လုပ်ထားတဲ့ ရော်ဘာလှေပါ။ ဒီလှေနဲ့များသူတို့တွေ ဘယ်လိုလုပ်ပြီးအီတလီထိရောက်အောင်သွားကြမှာလဲ အတွေးနဲ့ပင်စဉ်းစားကြည့်လို့မရနိုင်ပါဘူး။ ကယ်ဆယ်ရေးလုပ်သားတစ်ဦးကတော့ ရော်ဘာလှေဟာလူသတ်လက်နက်တစ်မျိုး ဖြစ်နေပါ့လားလို့စိတ်နာနာနဲ့ ပြောနေပါတယ်။ ယခုတစ်ခေါက် ကယ်ဆယ်လိုက်ရတဲ့ သင်္ဘောပေါ်မှာပါလာတဲ့သူတွေ အားလုံးကတော့ အမျိုးသားတွေချည်းပဲဖြစ်ပါတယ်။

သိပ်မကြာခင်မှာပဲ နောက်ထပ်ကယ်ဆယ်ရေးတစ်ခုထပ်လုပ်ရပြန်ပါပြီ။ ဒီတစ်ခါမှာတော့ လှေပေါ်မှာပါလာတဲ့အယောက်၁၀၀ လုံးဟာအမျိုးသမီးတွေချည်းပါပဲ။ အများစုကတော့ ဆိုမာလီယာက လာကြတာပါ။ သူတို့ထဲက အချို့ကိုကြည့်ရတာ မျှော်လင့်ချက်တွေ တစ်စစီကွဲပျက်တဲ့ပုံပါပဲ။ အဲဒီအထဲက ၁၆နှစ်အရွယ်မိန်းကလေးကတော့ အတင်းအကျပ် ဖိအားပေးလက်ထပ်တာကို မခံနိုင်လို့ထွက်ပြေးလာတဲ့သူပါ။ သူထွက်ပြေးလာတာ ၁၀လနီးပါးရှိပါပြီ။ သူ့မှာလည်း ရည်မှန်းချက်ရှိပါတယ်။ သူ့ရည်မှန်းချက်က ဆေးပညာကိုသင်ယူမယ်။ ပြီးရင် ဆိုမာလီယာကို ပြန်မယ်။ သူသွားဖို့ရည်ရွယ်ထားတဲ့အီတလီနိုင်ငံမှာတော့ သူ့အသက် ၁၈နှစ်ပြည့်တဲ့အထိ နေခွင့်ရှိပါတယ်။ အသက် ၁၈နှစ် ပြည့်ပြီး နောက်နှစ်ကျရင်ကော ဘာတွေဆက်ဖြစ်လာမှာလဲ။ အီတလီကို ဒုက္ခသည်အသစ်တွေ ရောက်လာပြီဆိုရင် သူတို့ ပထမဦးဆုံး လုပ်တာကတော့ သူတို့ထက်အရင် အီတလီကိုရောက်နေတဲ့ ဒုက္ခသည်တွေနဲ့ ရင်းနှီးမှုရအောင်လုပ်တာပါပဲ။ အီတလီမှာရှိတဲ့ လူတို့ရဲ့ အနာဂတ်ကတော့ မသေချာမရေရာပါဘူး။ ဒါပေမယ့်လည်း ရော်ဘာလှေတွေ ထပ်ပြီးဝင်လေသမျှကယ်ဆယ်ရေးတွေကတော့ ထပ်လုပ်နေရဦးမှာပါပဲ။ ပင်လယ်ပြင်ကို စောင့်ကြည့်မှုတွေ ဆက်လုပ်နေရဦးမှာပါပဲ။ ဒါတွေ ရပ်တန့်ပစ်လိုက်လို့ မရသေးပါဘူး။ ဒါကြောင့်မို့ မြေထဲပင်လယ်ကိုစွန့်စားဖြတ်ကျော်လာတဲ့ ဒုက္ခသည်တွေနဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေကို စောင့်ကြည့်ကယ်ဆယ်ရတဲ့ အလုပ်ဟာ တကယ်တမ်းစဉ်းစားကြည့်ရင် စောင့်ကြည့်ရတဲ့ ကစားနည်းတစ်ခုလိုပါပဲ။

**ကိုးကား-ဘီဘီစီ (၄-၁၀-၂၀၁၆)**

**လှေဟာလည်း ပလတ်စတစ်နဲ့ လုပ်ထားတဲ့ ရော်ဘာလှေပါ။ ဒီလှေနဲ့များသူတို့တွေ ဘယ်လိုလုပ်ပြီး အီတလီထိရောက်အောင်သွားကြမှာလဲ အတွေးနဲ့ပင် စဉ်းစားကြည့်လို့ မရနိုင် ပါဘူး။ ကယ်ဆယ်ရေး လုပ်သားတစ်ဦးကတော့ ရော်ဘာလှေဟာ လူသတ်လက်နက်တစ်မျိုးဖြစ်နေပါ့လားလို့ စိတ်နာနာနဲ့ ပြော . . .**

## ဥရောပသမဂ္ဂစာရင်းစစ်ဟောင်းကယ်ဂျူလိတ် အက်စတိုးနီးယားနိုင်ငံ၏ပထမဆုံး အမျိုးသမီးသမ္မတဖြစ်လာ

**မောင်တင်**



**တယ်လင်း အောက်တိုဘာ ၄**

ယခင်ဥရောပသမဂ္ဂစာရင်းစစ် ကာစတီကယ်ဂျူလိတ်ကို အောက်တိုဘာ ၃ရက်က ပါလီမန်တွင် အက်စတိုးနီယားနိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ ပါလီမန်အမတ် ၁၀၁ ဦးအနက် ၈၁ ဦးက ၎င်းအား သမ္မတဖြစ်ရေးအတွက် ထောက်ခံမဲပေးခဲ့ကြောင်းသိရသည်။

ကယ်ဂျူလိတ်သည် ဥရောပသမဂ္ဂစာရင်းစစ်ရုံးတွင် အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ကြောင်း သိရပြီး နိုင်ငံ၏သမ္မတဖြစ်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အခြားဝင်ရောက်ယှဉ်ပြိုင်သူများမှာ အက်စတိုးနီးယားသမ္မတရွေးကောက်ပွဲတွင် ရွေးချယ်မခံရဘဲ ကယ်ဂျူလိတ်တစ်ဦးသာ နိုင်ငံ၏သမ္မတအဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

အသက် ၄၆နှစ်ရှိ ကယ်ဂျူလိတ်သည် နိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်မည်ဖြစ်သည်။ **(ဆင်ဟွာ)**



# စလင်းမြို့နယ်အတွင်း မိုးများ၍ ကားလမ်းများရေကျော်

**စလင်း အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း စလင်းမှ ချောက်မြို့သို့သွားရာအဝေးပြေးကားလမ်းများသည် အောက်တိုဘာလဆန်းမှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းအချို့နေရာများတွင် ရေကျော်ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါလမ်းများအပေါ် ရေကျော်ရေလွှမ်းမှုကြောင့် ဆူးလေချောင်းတွင် ကားများ၊ ဆိုင်ကယ်များကို လူတွဲဖြင့် ထိန်းသိမ်းဖြတ်ကျော်ရ၍ ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀၊ လူ လေးဦးထမ်း၍ ဖြတ်ကျော်ရကြောင်း၊ ရေကျရန် နာရီအတော်ကြာစောင့်ဆိုင်းခဲ့ရသဖြင့် ခရီးသွားလာသူများ ယာယီအဟန့်အတားဖြစ်နေကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## အောက်တိုဘာ ၄ ရက် အဂ်ါနေ့ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၅၅၀၀ |
| ၂။ | ညို့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၅၀၀ မှ ၁၉၀၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၁၉၅၀၀ |
| ၄။ | မြီးတို(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၅၀၀ မှ ၂၅၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၅၀၀ မှ ၂၆၀၀၀ |
| ၆။ | နှံ့သီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၁၇၅၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၇၀၀၀၀ |
| ၈။ | ပဲစင်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၅၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၅၀ မှ ၁၆၇၀ |
| ၁၀။ | ဆွန်တာပဲ | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈၆၅ မှ ၉၂၅ |
| ၁၁။ | ထောပတ်ပဲ | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၃၀ မှ ၇၅၀ |
| ၁၂။ | ပဲကြီးပဲ | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၆၅ မှ ၁၅၆၀ |
| ၁၃။ | ကုလားပဲလုံး | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ |
| ၁၄။ | ပြောင်းဆံ | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၉၅ မှ ၄၁၀ |
| ၁၅။ | ပဲလွန်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၅၀ မှ ၁၁၃၅ |
| ၁၆။ | ကြက်သွန်နီ | ဆိပ်ဖြူ၊မိတ္ထီလာ၊မုံရွာ၊ပျော်ဘွယ်၊မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၅ မှ ၇၀၀ |
| ၁၇။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၈၅၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

# ဆိပ်ဖြူမြို့နယ်တွင် ရေဘေးရှောင် ကျွဲနွားများအတွက် အာဟာရအစာအိတ်များ ထောက်ပံ့ပေးအပ်




**ဆိပ်ဖြူ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရေဘေးရှောင် ကျွဲနွားများအတွက် အာဟာရ အစာအိတ်များ ထောက်ပံ့ပေးခြင်းကို အောက်တိုဘာ ၃ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးက အမှာစကားပြောကြားပေးခဲ့ပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာအေးမင်းဇော်က ရေဘေးရှောင် ကျွဲနွားများအတွက် အာဟာရအစာအိတ်များထောက်ပံ့ပေးခြင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပေးခဲ့သည်။

ထို့နောက် ရေဝတီမြစ်ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်၊ကျေးရွာများမှ ရေဘေးရှောင် ကျွဲနွားပိုင်ရှင်များအား အာဟာရ အစာအိတ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့ပေါ်ရပ်ကွက် (၁)ရပ်ကွက်နှင့် ကျေးရွာ ရှစ်ရွာမှ နွားတစ်ကောင်လျှင် ၈ ဒသမ ၅၅ ကီလိုဂရမ်နှုန်းဖြင့် ရေဘေးရှောင် နွားအကောင်ရေ ၇၃၁ ကောင်အတွက် ၅၀ ကီလိုဂရမ်ပါ အာဟာရ အစာအိတ် ၁၂၅ အိတ်ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




# မြစ်ကြီးနားမြို့ပေါ် စစ်ဘေးရှောင်စခန်းများသို့ ဒုတိယအကြိမ် ဆန်အိတ်များထောက်ပံ့ပေးအပ်

**မြစ်ကြီးနား အောက်တိုဘာ ၄**

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ မြစ်ကြီးနားမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်းများသို့ ယနေ့ မွန်းလွဲပိုင်းတွင် ဒုတိယအကြိမ် ဆန်အိတ်များထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ပလနရပ်ကွက်ရှိ ကတ်သလစ်အသင်းတော် စစ်ဘေးရှောင်စခန်းနှင့် တပ်ကုန်းရပ်ကွက် အင်ဂျန်တုံ စစ်ဘေးရှောင်စခန်းများသို့သွားရောက်ပြီး မိသားစုများအား နှစ်သိမ့် အားပေးကာ ဆန်အိတ် ၂၀ စီနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ပညာဆက်လက်သင်ကြားနိုင်ရေး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ဘားအံမြို့တွင် မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းညှိနှိုင်း

**ဘားအံ အောက်တိုဘာ ၄**

ကရင်ပြည်နယ်အတွင်း ယခင်မငြိမ်းချမ်းစဉ်ကာလက လက်နက်ကိုင်ပဋိပက္ခများကြောင့် ကြွင်းကျန်မှုရှိပါက မြေမြှုပ်မိုင်းများနှင့် ပေါက်ကွဲတတ်သော ပစ္စည်းများအန္တရာယ်ကို ရှောင်ရှားနိုင်ရန်အတွက် ကြိုတင်စီစဉ်သည့်အနေဖြင့် မိုင်းအန္တရာယ်အသိပညာပေးသင်တန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန UNICEF (Myanmar)နှင့် Dan Church Aid(Myanmar)တို့မှ ဆောင်ရွက်သော မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းခြင်းကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက ဘားအံမြို့တော်ဝင်ရတနာဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့က ကရင်ပြည်နယ်အတွင်း မြို့နယ်ရှစ်မြို့နယ်ရှိ ကျေးရွာ ၂၇ ရွာတွင် ၂၇ ကြိမ်နှင့် မြိုင်ကြီးငူဒေသစစ်ဘေးရှောင်စခန်းနှစ်ခုတွင် ခုနစ်ကြိမ် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်သူလူထုအတွင်း မိုင်းအန္တရာယ်ဖြစ်စေနိုင်မှု ကင်းဝေးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။ **နေမျိုးလွင်**

# ကျွန်းစုတွင် စာရင်းပေးသွင်းပြီး မူးယစ်ဆေးဝါးဖြတ်သူများလာ


**ကျွန်းစု အောက်တိုဘာ ၄**

ကျွန်းစုမြို့နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲနေ၍ မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းကာ ဆေးဖြတ်သူများမှာ တဖြည်းဖြည်း ပိုမိုများပြားလာလျက်ရှိရာ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ရေမြစ်ကြီးကျေးရွာ အုပ်စု လင်းလွန်းကျေးရွာမှ ရာအိမ်မှူး ဒေါ်နော်ပန်းငွေဖြူ၊ ကျန်းမာရေးဆရာမ ဒေါ်နော်လဲ့လဲ့ဝင်းနှင့် ရပ်မိရပ်ဖများဦးဆောင်မှုဖြင့် လင်းလွန်းကျေးရွာသားများမှ မိမိသဘောဆန္ဒ အလျောက် ဆေးဖြတ်သူအမျိုးသား ၂၅ ဦးသည် ကျွန်းစုမြို့နယ် ရဲတပ်ဖွဲ့သို့ စာရင်းပေးသွင်းကာ စခန်းမှူး ဒုရဲမှူးညွန့်ဝင်းနှင့်အတူ ပြည်သူ့ဆေးရုံ၌ လာရောက်ဆေးဖြတ်ကြကြောင်း သိရသည်။

အဆိုပါ လာရောက်ဆေးဖြတ်သူများကို မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ မြို့နယ်ဆရာဝန်မကြီး ဒေါက်တာ ဒေါ်ယမင်းစိုးတို့က ဆေးဝါးသုံးစွဲမှုဆိုင်ရာ ဆိုးကျိုးများနှင့် ဥပဒေများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး ဆေးကုသမှုခံယူနိုင်ရေးကို မြို့နယ်ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ အနီးကပ်ကြပ်မတ်ကုသရန် လူနာများကို ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူစေပြီး ကျန်ဆေးဖြတ်လူနာများကို အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညှိရိပ်သာအဆောင်၌ နေထိုင်၍ ဆေးကုသမှုများကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ကျွန်းစုမြို့နယ်အနေဖြင့် ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံ၊ ကံမော်တိုက်နယ် ပြည်သူ့ဆေးရုံနှင့် မြိတ်မြို့ ပြည်သူ့ဆေးရုံတို့တွင် စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျေးရွာများမှ အမှန်တကယ် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းပြီး မူးယစ်ဆေးဝါးဖြတ်သူ ၁၅၃ ဦးအထိရှိလာပြီဖြစ်ကြောင်း ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့မှ စာရင်းအရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ဆီဘောက်ဆာယာဉ်ဖြင့် တရားမဝင်ကျွန်းသစ်များ သယ်ဆောင်လာသူများအား အရေးယူ




**နေပြည်တော် အောက်တိုဘာ ၄**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ အောက်တိုဘာ ၃ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က သင်တောကျေးရွာ ရန်ကုန်-ပြည်ကားလမ်းပေါ်ရှိ မက်စ်မြန်မာ တိုးဂိတ်၌ သွားရောက်စောင့်ဆိုင်းနေစဉ် ပြည်ဘက်မှ ရန်ကုန်ဘက်သို့ တွံတေးမြို့နယ် အဝတ်တန်းစာဖြူစုကျေးရွာနေ လေးမောင်(၂၇နှစ်) မောင်းနှင်ပြီး လှိုင်သာယာမြို့နယ်နေ ပြည့်ဖြိုးလွင်(၂၁နှစ်) လိုက်ပါလာသည့် YGN 6B/ ---- ဆီဘောက်ဆာယာဉ်ကို ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ တိုးဂိတ်နှင့် လေးဖာလုံခန့်အကွာ Petro-7 စက်သုံးဆီအရောင်းဆိုင်ရှေ့၌ ယာဉ်ကို ရပ်တန့်ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ထွက်ပြေးသွားခဲ့ကြသည်။ ၎င်းတို့အား လိုက်လံဖမ်းဆီးရာ လေးမောင်က အရိုးအသွား ရှစ်လက်မခန့်ရှိ ဓားဖြင့် ထိုးသဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဝဲလက်ဖျံတွင် နှစ်လက်မခန့် ပြတ်ရှဒဏ်ရာများ ရရှိကာ ၎င်းတို့နှစ်ဦးအား လက်ရဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ယာဉ်ကိုရှာဖွေရာ ယာဉ်ရှေ့ခန်းအတွင်းမှ အရိုးအသွား ၁၈ လက်မခန့်ရှိ ရဲဒင်းတစ်လက်နှင့် ဓားမြှောင်တစ်ချောင်း၊ ဆီဘောက်ဆာအတွင်းမှ ကျွန်းသစ်ခွဲသား သုံးတန်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# အမျိုးသမီးတစ်ဦး မတ်ပဲဆေးပြားသောက်ပြီးသေဆုံး

**မင်းလှ အောက်တိုဘာ ၄**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်မင်းလှမြို့နယ် အင်းဘုတ်ကုန်းကျေးရွာ အုပ်စု အင်းဘုတ်ကုန်းကျေးရွာ၌ အောက်တိုဘာ ၄ ရက် နံနက် ၂ နာရီခန့်က မတ်ပဲဆေးပြားသောက်ပြီး အမျိုးသမီးတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မအေးချမ်းမိုး(၂၀ နှစ်)သည် ခင်ပွန်းဖြစ်သူနှင့်ကွဲနေပြီး ကျန်းမာရေး မကောင်းသဖြင့် ပဲများသိုလှောင်ရာတွင် ပိုးမထိုးစေရန်အသုံးပြုသော မတ်ပဲဆေးပြားများသောက်သဖြင့် မိဘဆွေမျိုးများက မင်းလှပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားကြောင်းသိရသည်။ အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ပေါက်စ-မင်းလှ**

# ပြိုင်ကားတစ်စီး တိမ်းမှောက်၍ မီးလောင်

**နေပြည်တော် အောက်တိုဘာ ၄**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် နဘဲကြူးကျေးရွာ ဇရပ်အနီး မုံရွာ-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၄၁/၄-၅)ကြားတွင် အောက်တိုဘာ ၃ ရက် နံနက် ၄ နာရီ မိနစ် ၅၀ က ယာဉ်တစ်စီးတိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွားသဖြင့် မြင်းမူမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါကားလမ်းအတိုင်း မန္တလေးဘက်မှ မုံရွာဘက်သို့ ချောင်းဦးမြို့နယ် ခင်ပွန်းရွာနေ ဌေးမောင်(၄၆နှစ်)မောင်းနှင် လာသည့် MDY 4C/---- TOYOTA အနီရောင် ပြိုင်ကားသည် ရှေ့ယာဘက် ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ကွန်ကရစ်တိုင်များကို ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသဖြင့် ယာဉ်မောင်းဌေးမောင်အား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ယာဉ်မတော်တဆမှုဖြစ်ရာမှ မလေးရှားသို့တရားမဝင်ထွက်ခွာမည့်သူများ ဖမ်းမိ

**ကော့သောင်း အောက်တိုဘာ ၄**
ကော့သောင်း-ဘုတ်ပြင်းပြည်ထောင်စုလမ်းမကြီးလမ်းပိုင်း ကော့သောင်းမြို့အပိုင် ၁၅ မိုင် ကျေးရွာအနီးကိုယ်ပိုင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဖြစ်ကာ လမ်းဘေး ဆီအုန်းပင်ကို ဝင်ရောက်တိုက်မိမှု စက်တင်ဘာ ၃၀ ရက်က ဖြစ်ပွားခဲ့ကြောင်း



သိရသည်။

ဖြစ်စဉ်မှာ အလီဘိုင် တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ၏စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ ယာဉ်မောင်း အောင်နိုင်ဝင်း(ခ)မူစတာဖွာ အမှတ် (၃၈) မြေညီ(ဝဲ) ၁၁၉ လမ်း ရေတွင်းကုန်းရပ် မင်္ဂလာတောင်ညွန့်မြို့နယ်နေသူသည် ၎င်း၏ဇနီးဖြစ်သူ ခင်လှလှစိုးနှင့်အတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့ နာနီကျေးရွာနေသူများဖြစ်သည့် မိုဟာမက်ရဖီပါ ခြောက်ဦးအား မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန် တစ်ဦးလျှင် ငွေကျပ် သိန်း ၃၀ရယူ၍ 7E/---- ပရိုဘောက်ယာဉ်ဖြင့် တင်ဆောင်မောင်းနှင်လာစဉ် ကော့သောင်းမြို့ ၁၅ မိုင်ကျေးရွာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ထိုးကျကာ ဆီအုန်းပင်ကို တိုက်မိမှုဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ပေါ်ပါသူ ရှစ်ဦးအနက် အောင်နိုင်ဝင်း၊ ခင်လှလှစိုး၊ မာမက်ဟူစိန်၊ မိုဟာမက်ရဖီတို့ ဒဏ်ရာများရရှိခဲ့ပြီး အလီဘိုင်၏ အစီအစဉ်ဖြင့် ကော့သောင်းပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း၊ ကျန် သုံးဦးအား အလီဘိုင်က ခေါ်ဆောင်ထွက်ပြေးသွားခဲ့ကြောင်းသိရသည်။ ၎င်းဖြစ်စဉ်နှင့်ပတ်သက်ပြီး ကော့သောင်းရဲတပ်ဖွဲ့က ဆက်လက်စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။
**ကျော်စိုး(ကော့သောင်း)**

# ကွမ်းသီးများ မီးဖြင့်ကြပ်တိုက်ရာမှ နေအိမ်မီးလောင်

**မြိတ် အောက်တိုဘာ ၄**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ကတ္တလူကျေးရွာတွင် အောက်တိုဘာ ၃ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ကွမ်းသီးများအား အခြောက်ခံမီးဖြင့်ကြပ်တိုက်ထားရာမှ ကွမ်းသီးများမီးစွဲလောင်ပြီး နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ကျွန်းစုမြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ကတ္တလူကျေးရွာ နဝရတ်ရေအိုင်အနီးရှိ ဒေါ်သန်းမြင့်(မြိတ်မြို့နေသူ) ပိုင်သည့် နှစ်ထပ်နေအိမ်၌ ဦးသောင်းဌေး(၄၂နှစ်)နှင့် ဇနီးဖြစ်သူ မချိုမာလွင်(၃၆နှစ်)တို့ နေထိုင်လျက်ရှိရာ မချိုမာလွင်သည် နေအိမ်ခြေရင်းဘက် လှေကားအနီးတွင် ကွမ်းသီးများ အခြောက်ခံ ကြပ်တိုက်သည့်နေရာတွင် ကွမ်းသီးများကို မီးဖြင့်ကြပ်တိုက်ထားစဉ် ယင်းနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် ကွမ်းသီးများ မီးစွဲလောင်ရာမှတစ်ဆင့် နေအိမ်ခြေရင်း ပျဉ်ကာကို မီးကူးစက်၍ အမိုး၊ ခနီများမီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေအိမ်သို့ အနီးဝန်းကျင်မှ ပြည်သူများ၊ ကတ္တလူကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်သန်းနှင့် ကျေးရွာမီးသတ်တပ်ဖွဲ့ဝင်များ၊ ရွာသူ ရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

# ရေတင်ရန် မီးကြိုးဆက်ရာမှ ဓာတ်လိုက်၍ လူတစ်ဦးသေဆုံး

**သထုံ အောက်တိုဘာ ၄**
မွန်ပြည်နယ် သထုံမြို့ ဘင်လှိုင်ရပ်ကွက် ဝါးတောလမ်း၌ အောက်တိုဘာ ၄ ရက် နံနက်က အိမ်တွင် ရေတင်ရန်အတွက် မီးခွေကိုဖြတ်၍ မီးကြိုးချင်းဆက်ရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုထူးထူး (၂၆ နှစ်) ဘင်လှိုင်ရပ်ကွက်နေသူသည် ရေတင်ရန် ရေမော်တာကို မီးကြိုးခွေဖြင့်ဆက်ကာ မီးပလပ်ခုံတွင် ထိုးပြီး မီးမလာ၍ ပြုပြင်ရာ ဓာတ်လိုက်ပြီးလဲကျသဖြင့် ခရိုင်ဆေးရုံကြီးသို့ တင်ပို့ရာမှ လမ်း၌သေဆုံးသွားခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းအရ သိရသည်။
**သက်ဦး(သထုံ)**

# မုတ်သုံလေအားအသင့်အတင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။
(မိုး/ဇလ)

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးစိုင်းခမ်းလှိုင် ၁၃/တကန(နိုင်)၀၁၅၀၇၅ပိုင် ယာဉ်အမှတ် 4J-6768 ၏ ပါမစ်လိုင်စင် ID၊ Custom Statement ယာဉ်စစ်ဆေးချက် အမှုတွဲများအားလုံး ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၆၆၂၉၆၉

**အခန်းများငှားမည်**
ကန်ပတ်လမ်း၊ CHATRIUM HOTEL အနီးရှိ ဖိုးစိန်ကွန်ဒို
ဖုန်း-၀၉-၄၀၁၅၅၅၈၇၄၊ ၀၉-၅၅၀၆၅၄၈

ဦးနှင်းဦး(ထားဝယ်)
ထိပ်တန်း
အခြေခံ စက်ပြင်ယာဉ်မောင်းသင်တန်း
ခေတ်မီ Manual/Auto ကားများဖြင့် စိတ်တိုင်းကျ သင်ကြားပေးသည်။
(၄၁)ရပ်ကွက်၊ဗိုလ်မှူးပထူးလမ်း၊မြောက်အုံ ယာဉ်မောင်းသင်လေ့ကျင့်ရေးကွင်း
တိုက်(၃၄)၊ဟာမာကြည်အိမ်ရာ၊ဟာမာကြည်လမ်းမကြီး သာကေတ(အပိုင်း)အနီး
၀၁-၅၄၁၈၆၆
၀၉-၇၃၀၅၄၉၂၇
၀၉-၄၃၁၉၁၉၂၀
၀၉-၄၂၁၀၂၁၅၉၂
၀၉-၂၆၂၁၅၀၃၄၇

**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်ရှိ မြို့နယ်များတွင် ရုံးနှင့်ဝန်ထမ်းနေအိမ်အဆောက်အအုံ စုစုပေါင်း ၁၈လုံး ဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့်၊ လွှတ်တော်ရုံးဝင်း)တွင် လာရောက် ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၁၀-၂၀၁၆ရက်
**တင်ဒါဖွင့်ဖောက်မည့်ရက်** - ၅-၁၁-၂၀၁၆ ရက်
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၁-၂၃၀၁၉၇၅၊ ၂၃၀၇၅၃၉**

**မိဘအမည်မှန်**
မိုးကောက်မြို့၊ အထက-ခွဲ မိုင်းခတ် န၀မတန်းမှ မဆန်ဆီ၊ အဋ္ဌမတန်းမှ မအေမွေးနှင့် နွယ်လန်း အလက-ခွဲ သတ္တမတန်းမှ မောင်ဆန်ခေးတို့၏ မိဘအမည်မှန်မှာ ဦးမောင်အိုက်နှင့် ဒေါ်ငင်းဟောင်း ဖြစ်ပါသည်။
**ဦးမောင်အိုက်-ဒေါ်ငင်းဟောင်း**

**ဖခင်အမည်မှန်**
မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်ကြီးရပ်ကွက်၊ ထ(ခွဲ) အလက (၁၇) အဋ္ဌမတန်းမှ မဖူးဖူးလှိုင်နှင့် ဆဋ္ဌမတန်းမှ မောင်ဝင်းမင်းထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းဝင်း ၉/မနမ(နိုင်)၁၀၁၃၃၈ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**
ဦးတင်မောင်ကြည်၏သား သာကေတမြို့နယ် အလင်းရောင်ကျောင်းတိုက်နေ မောင်မျိုးမင်းထွန်း (၁၅)နှစ်နှင့် ဦးသိန်းဝင်း(ခ)ဦးဆေးလုံး၏ သား ဒဂုံဆိပ်ကမ်းမြို့နယ်၊(၆၇)ရပ်ကွက်၊ ဒုဋ္ဌဝတီလမ်းနေ မောင်ပတ္တမြား မာန်ပြည့် (၁၄)နှစ်တို့သည် နေအိမ်မှ ကျူရှင်သွားမည်ဟု ဆို၍ ထွက်သွားရာမှ ယနေ့ထိ ပြန်လည်ရောက်ရှိလာခြင်းမရှိသည့်အတွက် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ သွေးဆောင်ဖြားယောင်းခေါ်ဆောင်ထားပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။
**ဦးတင်မောင်ကြည်၊ ဦးသိန်းဝင်း(ခ)ဦးဆေးလုံး**
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၂၄၆၄၃၀၅၊ ၀၉-၉၇၄၃၇၇၉၄၂**

**ကန့်ကွက်နိုင်ပါကြောင်း**
ပြည်မြို့၊ ဆေးရေးတန်း၊ ဆံတော်ရပ်နေ ဒေါ်ခင်သန်းတင် LPM-၀၀၀၇၈၃ အမည်ပေါက်ပိုင်ဆိုင်သော ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးရုံအမှတ် (၇)ရုံ၊ ဆိုင်အမှတ်(၄၃/၄၅)အား ပြည်မြို့၊ အမှတ်(၅/၅၂)၊ ဇလမ်း (နဝင်းကွက်သစ်) နဝင်းနယ်မြေနေ ဦးမျိုးကျော်ခိုင် ၇/ပမန(နိုင်)၀၀၃၈၉၈က ဝယ်ယူမည်ဖြစ်ပါသဖြင့် ၎င်းဈေးဆိုင်ခန်းအား ကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ဦးမျိုးကျော်ခိုင်**
**၇/ပမန(နိုင်)၀၀၃၈၉၈**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၇ယ/၄၈၆၇၃ ယာဉ်လက်ဝယ်ရှိသူ ဦးဝိမလ ၁/ဝမန(နိုင်)၀၀၀၀၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)**

**အမည်မှန်**
ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အုန်နှဲ ဘုတ်မြောက်ရွာ၊ အမကကျောင်း ပထမတန်းမှ မောင်ဝေမင်းဟိန်း၏ အမည်မှန်မှာ မောင်ပိုင်လင်းခန့်ဖြစ်ပြီး ၎င်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးမြင့်မော် ၅/ဝလန(နိုင်)၁၅၀၆၇၁ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
နောင်ချိုမြို့နယ်၊ ကံကြီးကျေးရွာအုပ်စု၊ ကံကြီး အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအိုက်မောင်(ခ)ဦးစန်းမောင် ဖြစ်ပါကြောင်း။ **ဦးအိုက်မောင်(ခ)ဦးစန်းမောင်**

ဦးရဲမင်းဝိုင်း(သင်္ချာ)၁၀တန်း ၅လပြတ်
အကြောင်း၊အမျိုးမျိုးကြောင့်ယခုမှစတင်လေ့လာမည့်သူများအတွက် အောင်မှတ်ရရန် အကောင်းဆုံးကြိုးစားသင်ကြားပေးပါမည်။
(၁၀)ဦး ဘာသာစုံစာသင်ဝိုင်း၊ နေ့စဉ်တက်ရမည်(လစဉ် ၇၅၀၀၀)
ညနေတန်းခွဲ ၅း၀၀/၇း၀၀ (လစဉ် ၄၀၀၀၀)
၀၉၇၃၁၆၁၃၄၀/၀၉၄၂၀၁၂၉၃၇၇
ဂတန်း၊ သင်္ချာ/အင်္ဂလိပ်စာ တန်းခွဲသစ်
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်

# အောင်ပွဲရ မြန်မာမြားပစ်အားကစားအဖွဲ့နှင့် ဗိုဗီနမ်အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ


အောင်ပွဲရအားကစားသမားများအား ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်

**ရန်ကုန် အောက်တိုဘာ ၄**

မလေးရှားနိုင်ငံတွင်ကျင်းပခဲ့သော PKS Unisza Open 2016 နှင့် 3rd National Circuit ပြိုင်ပွဲတွင် မြန်မာမြားပစ်အားကစားအဖွဲ့ဝင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောက်တိုဘာ ၁ ရက် ပြိုင်ပွဲများအပြီးတွင် မြန်မာမြားပစ်အဖွဲ့ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိကာ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မြန်မာမြားပစ်အသင်းအတွက် ဆုတံဆိပ်များကို Mix Team ခိုင်လင်းဦးနှင့် စန်းယုထွေးတို့အသင်းက မလေးရှား Mix Team အသင်းအား သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကာ ပထမရွှေတံဆိပ် တစ်ခု၊ စန်းယုထွေး Recurve တစ်ဦးချင်း မြား ၇၂ ချောင်း အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် တစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုကို ရယူပေးခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဆော်ဒီအာရေးဗီးယားနှင့် အိမ်ရှင်မလေးရှားနှင့် မြားပစ်ကလပ်အသင်းပေါင်း ၅၂ သင်းတို့မှ Compound အမျိုးသမီး ၄၅ ဦး၊ အမျိုးသား ၉၁ ဦး၊ Recurve အမျိုးသမီး ၇၀၊ အမျိုးသား ၁၀၂ ဦး စုစုပေါင်း ၃၀၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အရှေ့တောင်အာရှတွင် ပြိုင်ပွဲဝင်ဦးရေ အများဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာမြားပစ်အဖွဲ့ခေါင်းဆောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးနှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား/သင်တန်းသူများ၊ မိဘဆွေမျိုး မိတ်ဆွေများ လာရောက်ကြိုဆိုခဲ့ကြသည်။

အလားတူ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှသဲသောင်ပြင် ဗိုဗီနမ်အားကစားပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အားကစားအဖွဲ့သည် ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးနှစ်ခုဖြင့် နိုင်ငံအလိုက် ဒုတိယနေရာရရှိခဲ့သည်။

အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သော Mixed Events Weapon Self - Defence အမျိုးသား/အမျိုးသမီး ပြိုင်ပွဲတွင် မောင်ခိုင်ဇင်ဝင်း၊ မဆုလဲ့ဖြိုးတို့က ကြေးတံဆိပ်တစ်ခုဖြင့် လည်းကောင်း၊ Men's Five Gate Form အမျိုးသားတစ်ကိုယ်တော် လက်သိုင်းတွင် မြန်မာအသင်းမှ မောင်ဘိုဘိုက လည်းကောင်း၊ Women's Dragon Tiger Form အမျိုးသမီးတစ်ကိုယ်တော် လက်သိုင်းပြိုင်ပွဲတွင် မခိုင်ဝါဖူးက လည်းကောင်း အကောင်းဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

အောက်တိုဘာ ၂ ရက် နောက်ဆုံးပွဲစဉ်များတွင် Men's Dual Machete Form အမျိုးသားနှစ်ယောက်တွဲ လက်နက်မဲ့ပြိုင်ပွဲတွင် မောင်မနားကွီးနှင့် မောင်ဘိုဘိုတို့က ရွှေတံဆိပ်တစ်ခုဖြင့် လည်းကောင်း၊ Dual Swort Form အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မနှင်းသီတာနှင့် မခိုင်ဝါဖူးတို့က ငွေတံဆိပ်တစ်ခုဖြင့် လည်းကောင်း၊ Men's Dual Form အမျိုးသားနှစ်ယောက်တွဲ လက်နက်ပါပြိုင်ပွဲတွင် မောင်ခိုင်ဇင်ဝင်း၊ မောင်ဖြိုးမင်းစိုးတို့က ကြေးတံဆိပ်တစ်ခုဖြင့် အသီးသီးဆွတ်ခူးရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာဗိုဗီနမ် အားကစားအဖွဲ့သည် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် နိုင်ငံအလိုက် ဒုတိယရရှိခဲ့ပြီး ယမန်နေ့ည ၆နာရီ ၁၀ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား/သင်တန်းသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ယွပ်ဆိုင်းအိန်၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ကျောင်းအုပ်ကြီး ဦးအောင်ဌေး၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ မိဘဆွေမျိုးမိတ်ဆွေများက ရှမ်းအိုးစည်အက၊ အိုးစည်ဒိုးပတ်အကများဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။ **တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများအသင်း နှစ်ပတ်လည် မဂ္ဂဇင်းထုတ်မည်

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာ့အားကစားသမိုင်းလောကတွင် ကျော်ကြားပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသော မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများအသင်းမှ နှစ်ပတ်လည်နေ့အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်သောကြောင့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများအနေဖြင့် မိမိတို့ကျင်လည်ခဲ့သော အိုလံပစ်ပြိုင်ပွဲများ၊ ကျွန်းဆွယ်ပြိုင်ပွဲများ၊ အာရှပြိုင်ပွဲများ၊ အရှေ့တောင်အာရှပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများနှင့် အားကစားသမားဘဝတွင်ကြုံတွေ့ခဲ့ရသော အတွေ့အကြုံ၊ လွမ်းမောရယ်ရွှင်ဖွယ်၊ အမှတ်ထင်ထင်ဖြစ်ရပ်များကို ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများဖြင့် ရင်ဖွင့်ရေးသားသော "စာမူ" များကို ဖိတ်ခေါ်ထားသည်။

မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများသည် အထက်ပါ စာမူများကို နိုဝင်ဘာ ၃၀ ရက်မတိုင်မီ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ် ရန်ကုန်မြို့ရှိ အသင်းရုံးခန်းသို့ လိပ်မူပို့ပေးပါရန်နှင့် အသေးစိတ်အချက်အလက် သိရှိလိုပါက ဖုန်း ၀၉-၈၃၂၃၄၅၆၊ ၀၉-၂၆၀၂၂၇၀၉၉၊ ၀၉-၅၁၇၃၃၇၈၊ ၀၁-၅၇၇၃၇၅၊ ၀၉-၅၁၅၉၅၉၄၊ ၀၉-၄၉၃၀၀၅၂၆ မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီသို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆိုက်ပရပ်စ် ယူ-၂၁ လက်ရွေးစင်အသင်း ယနေ့ခြေစမ်းမည်

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဆိုက်ပရပ်စ်နိုင်ငံ၌ လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဆိုက်ပရပ်စ် ယူ-၂၁ လက်ရွေးစင်အသင်းနှင့် အောက်တိုဘာ ၅ ရက် (ယနေ့) မြန်မာစံတော်ချိန် ည ၇ နာရီတွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ်တွင် ခုနစ်ပွဲမြောက် ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး နောက်ဆုံးကစားခဲ့သည့်ပွဲများတွင် ရလဒ်ကောင်းများ ရယူထားနိုင်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆိုက်ပရပ်စ်နိုင်ငံတွင် ဒုတိယမြောက်ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး အောက်တိုဘာ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဆိုက်ပရပ်စ်ကလပ် Enosis အသင်းနှင့်ပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဆိုက်ပရပ်စ် ယူ-၂၁ အသင်းသည် ၂၀၁၈ ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့်အသင်းဖြစ်ပြီး ခြေစစ်ပွဲနောက်ဆုံးပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ ဆိုက်ပရပ်စ် ယူ-၂၁ အသင်းသည် ဥရောပခြေစစ်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ အုပ်စုအောက်ဆုံးသို့ရောက်ရှိကာ တစ်ပွဲကစားရန် ကျန်သေးသော်လည်း ခြေစစ်ပွဲအောင်မြင်တော့မည် မဟုတ်ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ်တွင် ခြောက်ပွဲကစားအပြီး၌ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလ ဒုတိယပတ်အထိ ဆိုက်ပရပ်စ်နိုင်ငံတွင် လေ့ကျင့်မည်ဖြစ်ပြီး အောက်တိုဘာ ၁၃ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၁၃၇၈ခုနှစ်(၂၀၁၆)ခုနှစ်၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်ပွဲတော်ကြီးတွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လုပ်ကိုင်လိုသူများက အိတ်ဖွင့်တင်ဒါလျှောက်လွှာများ တင်သွင်းနိုင်ကြောင်း ကြေညာလိုက်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဖြင့် အဆိုပြုရန်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် |
|---|---|
| (၁) | ကုမ္ပဏီအပါအဝင်စားသောက်ကုန်၊ အလှကုန်၊ အိမ်အသုံးအဆောင်နှင့်ယမကာဆိုင်ခန်းလုပ်ငန်း |
| (၂) | ယာဉ်ရပ်နားစခန်းနေရာလုပ်ငန်း |
| (၃) | ပျံကျဈေးကောက်လုပ်ငန်း |
| (၄) | အရောင်းပြခန်းကြော်ငြာလုပ်ငန်း(LED)ဘုတ်အပါအဝင် |
| (၅) | ချားရဟတ်နှင့် ၁၂ပွဲဈေးဆိုင်လုပ်ငန်း |
| (၆) | ရေချိုးခန်း၊ သန့်စင်ခန်းလုပ်ငန်း |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၁၀-၂၀၁၆
**တင်ဒါပိတ်မည့်ရက်** - ၁၄-၁၀-၂၀၁၆
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အတွင်းရေးမှူးတန်ဆောင်တိုင်ပွဲတော်ကျင်းပရေး၊ ဘဏ္ဍာရေးကော်မတီ(ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး)တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာရေးကော်မတီ**
**၂၀၁၆ခုနှစ် တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး၊ တောင်ကြီးမြို့**

ဒီဗယ်၊ တတ်သီ စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

## ဖခင်အမည်မှန်

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေမြင်တင် အထက နဝမတန်း (D)မှ မဇင်ထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၁၄/သပန(နိုင်)၀၇၇၅၄၆ ဖြစ်ပါကြောင်း။
**ဦးမြင့်ရွှေ**

## ဖခင်အမည်မှန်

ရေဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ သဲဖြူကျေးရွာ အလက(ခွဲ) သတ္တမတန်းမှ မောင်လွှမ်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၁၄/သပန(နိုင်)၀၇၇၅၄၆ ဖြစ်ပါကြောင်း။
**ဦးမြင့်ရွှေ**

## ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ မေခအိမ်ရာ (ယခင် ဘဝမြင့်အိမ်ရာ)အတွင်းရှိ မေဃဝတီတောရကျောင်းဆရာတော်ကြီး သိရီဘဒ္ဒန္တ ဦးရေဝတမဟာထေရ်၏ ခန္ဓာချုပ်ငြိမ်းခြင်း (၁၂)နှစ်ပြည့် ဂုဏ်ရည်မှန်းဆပူဇော်ပွဲ အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

၉-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဆရာတော်အရှင်ဝါသေဋ္ဌာဘိဝံသ (ကျောက်တစ်လုံးဆရာတော် ဝနဝါသီ) မဟာထေရ်က တရားရေအေးတိုက်ကျွေး၍ နံနက် ၁၁နာရီတွင် ပင့်သံဃာ ၅၄ ပါးတို့အား ဆွမ်း၊ ခဲဖွယ်လျှုဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ကြွရောက်လာကြသော ဧည့်သည်တော်များအား ထောပတ်ထမင်း သက်သက်လွတ်ဟင်းလျာများဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ/ဒါယိကာမများအား အတူတကွ ရေစက်ချတရားနာကြွရောက်ပါရန် အသိပေး ဖိတ်ကြားအပ်ပါသည်။

**အကျိုးတော်ဆောင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**အင်္ဂပူမြို့နယ် တရားရုံးတော်**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၁၀**

ဒေါ်အုန်းကြည် **နှင့်** ၁။ ဒေါ်ကြည်စိန် ၂။ ဒေါ်ဝင်းကြည် ၃။ ဦးလှစိုး
၄။ သန်းသန်းစိုး ၅။ ဦးသိန်းစိုး ၆။ ဦးခင်စိုး
၇။ သန်းသန်းအေး ၈။ ကိုမြစိုး ၉။ ဒေါ်သန်းဌေး
၁၀။ ဒေါ်မြရီ ၁၁။ ဒေါ်စန်းနွဲ့ ၁၂။ ဦးတင်စိုး
၁၃။ ဦးမြင့်စိုး ၁၄။ ဒေါ်စိန်မာမာ ၁၅။ ဦးညွန့်ဝင်း
၁၆။ ဒေါ်ပုပု

**တရားလို** **တရားပြိုင်များ**

ယခင်နေရပ်လိပ်စာ အင်္ဂပူမြို့နယ် ထူးကြီးမြို့ အမှတ်(၁)ရပ်ကွက်၊ မြို့မလမ်း (ယခုနေရပ်လိပ်စာမသိ)ရပ်နေ ဦးလှသိန်း၏ သားသမီးများဖြစ်ကြသော (၁) ဦးလှစိုး၊ (၂) သန်းသန်းစိုး၊ (၃) ဦးသိန်းစိုး၊ (၄) ဦးခင်စိုး၊ (၅) သန်းသန်းအေး၊ (၆) ကိုမြစိုးတို့ သိစေရမည်။

သင့်အပေါ်၌ ဒေါ်အုန်းကြည်(ဘ)ဦးတင်က အမွေပုံစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ခုနှစ် အောက်တိုဘာ ၂၀ရက်(၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။
**(ဇော်မင်း)**
**မြို့နယ်တရားသူကြီး**
**အင်္ဂပူမြို့နယ်တရားရုံး**

## အမည်ပြောင်း

ဆောမြို့ကြီးကျေးရွာနေ ဦးမိုးညို၏သား မောင်ရန်နိုင်မိုး ၈/ကထန(နိုင်)၀၀၉၆၀၇အား မောင်ရဲရင့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ရဲရင့်အောင်**

## အမည်ပြောင်း

ဆောမြို့ကြီးကျေးရွာနေ ဦးမြင့်ကိုကို ၈/ဆမန(နိုင်)၀၁၃၆၁၄၏ သား မောင်မျိုးမင်းကိုအား မောင်မင်းခန့်ကိုဟု ပြောင်းလဲခေါ်ပါရန်။
**မောင်မင်းခန့်ကို**

## အမည်ပြောင်း

ဆောမြို့ကြီးကျေးရွာနေ ဦးသန်းမိုး ၈/ဆမန(နိုင်)၀၀၃၇၇၂၏ သမီး မဆုမြတ်မိုးအား မစုနှင်းတိုးဟု ပြောင်းလဲခေါ်ပါရန်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ယ/၉၁၉၉၄ Luojia 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးမော်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8201 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



# ကမ္ဘာ့စားနပ်ရိက္ခာနေ့ (၂၀၁၆)

**ဒေါက်တာမျိုးကြွယ် (AUAA)၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**



မိုးရွာသွန်းမှုများ၍ရေကြီးမှုကြောင့် ကလေးမြို့တွင် နစ်မြုပ်နေပုံ

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်သော ကုလသမဂ္ဂ အစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ (World Food Day) ဆောင်ပုဒ်မှာ (Climate is changing, Food and Agriculture must too) "ရာသီဥတုပြောင်းလဲလျက်ရှိနေပါသည်။ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ်သည်လည်း လိုက်လျောညီထွေဖြစ်အောင်ပြောင်းလဲရပါလိမ့်မည်" ဟူ၍ဖြစ်ပါသည်။ သီးနှံအထွက်နှုန်းမလျော့နည်းစေဘဲ၊ ပတ်ဝန်းကျင်သယံဇာတများကိုလည်း မပျက်စီးစေဘဲ ကြာရှည်ခံအောင် (Sustainable) စုပေါင်း၍ ထိန်းသိမ်းရပါမည်။

နှစ်စဉ်ထုတ်ပြန်ချက်တွေအရ မြန်မာနိုင်ငံဟာ ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်နိုင်တဲ့ထိပ်ဆုံး ၁၀ နိုင်ငံစာရင်းမှာ ဒုတိယနိုင်ငံအဖြစ်တည်ရှိနေပါသည်။ စိုက်ပျိုးရေးကိုအဓိကအခြေပြုသော မြန်မာနိုင်ငံသည် မိုးခေါင်၊ ရေကြီးမှုများကြောင့် လူဦးရေအားလုံး၏ ၆၀ ရာခိုင်နှုန်းရှိသည့် ကျေးလက်ဒေသနေ တောင်သူလယ်သမားများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်စေပါသည်။ မြန်မာနိုင်ငံ၏ ရေသွင်းဧရိယာမှာလည်း စုစုပေါင်းစိုက်ဧရိယာအားလုံး၏ ၁၆ ဒသမ၂ ရာခိုင်နှုန်းသာလျှင် ရှိပါသေးသည်။ အခြားနိုင်ငံများ၏ ရေသွင်းဧရိယာများမှာ ဘင်္ဂလားဒေ့ရှ်တွင် စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်း၊ တရုတ် ၄၈ ရာခိုင်နှုန်း၊ ထိုင်း ၃၄ ရာခိုင်နှုန်းနှင့် ဗီယက်နမ် ၄၉ ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စု ၁၀၀ ရာခိုင်နှုန်း ရှိပါသည်။ မိုးလေဝသပညာရှင် ဦးထွန်းလွင်ကလည်း မြန်မာနိုင်ငံတွင် မိုးလေဝသပညာရှင်၊ စိုက်ပျိုးရေးပညာရှင်ကဲ့သို့ ကျွမ်းကျင်သူများရှိနေသော်လည်း စိုက်ပျိုးရေး မိုးလေဝသ(Agro- meteorology) ဘာသာရပ်ကို ကျွမ်းကျင်သော ပညာရှင် များစွာလိုအပ်လျက်ရှိနေသည်ဟု ပြောကြားပါသည်။

ဤဘာသာရပ်ကို တက္ကသိုလ်များမှလည်း ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ပေးအပ်ပြီး စိုက်ပျိုးမွေးမြူရေးနှင့် တွဲဖက်၍ မိုးလေဝသကြိုတင်ခန့်မှန်းခြင်း၊ သင့်တော်သောသီးနှံများ ထုတ်လုပ်ပေးခြင်း၊ သင့်တော်သောစိုက်ချိန်များ၊ သီးနှံပုံစံများ ပြောင်းလဲသတ်မှတ်ပေးခြင်းတို့ကို ပြုလုပ်ရပါမည်။ မိုးလေဝသပညာ (Meteorology) ၊ ရာသီဥတုပညာ (Climatology)တို့မှာ ရူပဗေဒ၊ သင်္ချာပညာတို့ကို အခြေခံသောသဘာဝ (Natural Science) ဖြစ်ပါသည်။ စိုက်ပျိုးရေးသိပ္ပံပညာ (Agricultural Science) မှာ ဇီဝသိပ္ပံ (Biological Science) သို့မဟုတ် သက်ရှိသိပ္ပံ (Life Science) ကို အခြေခံပါသည်။ ထိုဘာသာရပ်နှစ်ခုကို ဆက်စပ်လေ့လာရပါမည်။ စိုက်ပျိုးရေးပညာမှာ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်ပါသည်။ သီးနှံများစိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းသိုလှောင်၊ ကြိတ်ခွဲ ရောင်းချသည်အထိ တစ်ချက်မျှအမှားမခံပါ။ တောင်သူ လယ်ယာလုပ်ကိုင်သူများအဖို့ မိုးခေါင်သွားပြန်လျှင် လည်း အပင်အစိုဓာတ်မရ၊ စိုက်ပျိုးပြီး ရေကြီးနစ်မြုပ်သွားပြန်လျှင်လည်း ရေကျပြီးနောက် ပြန်စိုက်ရန် အရင်းအနှီး ထပ်မံရှာဖွေဖို့ လိုအပ်နေပါသည်။

သဘာဝအတိုင်းမဟုတ်ဘဲ မိုးခေါင်ရေကြီးအပူချိန်များ၊ သာမန်ထက်ပို၍ အေးပါက သီးနှံပင်များပေါ်တွင် ကျရောက်နိုင်သော ပိုးမွှားရောဂါများ ဆိုးဆိုးရွားရွားကျရောက်ဖျက်ဆီးနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)၊ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးဆိုင်ရာ သုတေသနအစီအစဉ် (Research Program on Climate Change, Agriculture and Food Security) နှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များပူးပေါင်း၍ မြန်မာနိုင်ငံအတွက် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးဆိုင်ရာမဟာဗျူဟာကို (Myanmar Climate- Smart Agriculture Strategy) ၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့ပါသည်။

ကမ္ဘာကြီးပူနွေးမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးမိုးရေချိန်နည်းပါးမှု (Scarcity of rainfall)၊ မိုးရွာရက်မမှန်မှု (Irregular rainfall)၊ အပူချိန်ပြင်းမှု (Heat stress)၊ မိုးခေါင်ခြောက်သွေ့မှု (Drought)၊ ရေကြီးမှု (Flooding)၊ ပင်လယ်ရေများ စိုက်ခင်းအတွင်းဝင်ရောက်မှု (Sea water intrusion)၊ မြေပြိုကျခြင်း (Land degradation)၊ သဲကန္တာရများ ဖြစ်ပေါ်လာခြင်း (Desertification)၊ သစ်တောများပြုန်းတီးခြင်း (Deforestation) နှင့် အခြားသဘာဝဘေးအန္တရာယ်များ (Other natural disasters) များစွာဖြစ်ပေါ်လာနိုင်ပါသည်။

ထို့အတွက် စိုက်ပျိုးရေးဆိုင်ရာပြင်ဆင်မှုများမှာ ပတ်ဝန်းကျင်နှင့် ရာသီဥတုအလိုက် သီးနှံစိုက်ပျိုးရေးဒေသ (Agro-ecological regions) အလိုက် သင့်လျော်သော သီးနှံမျိုးများမွေးထုတ်ပေးခြင်း၊ စိုက်ပျိုးမိုးလေဝသစခန်းများမှရရှိသော အချက်အလက်များမှ (Data)တောင်သူများ လိုက်နာနိုင်သော စိုက်နည်းစနစ်များချမှတ်ပေးခြင်း၊ ရေငတ်ဒဏ်၊ ကြာရှည်ရေကြီးနစ်မြုပ်ဒဏ်ခံနိုင်သော သီးနှံမျိုးစေ့များထုတ်လုပ်ရန် သုတေသနပြုလုပ်ခြင်း၊ စပါးခင်းများ၊ တိရစ္ဆာန်များမွေးမြူခြင်းကြောင့် ထွက်ရှိလာသော မီသိန်းဓာတ်ငွေ့လျော့ပါးအောင်ပြုလုပ်ခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် အချက်အလက်များမှ မျှဝေလျက် စိုက်ပျိုးရေးပညာရှင်များ ဗဟုသုတတိုးပွားအောင်ပြုလုပ် ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော စိုက်ပျိုးရေး ပညာ (Conservation Agriculture) များ ရှာဖွေဖော်ထုတ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့်အတူ ဓာတုဆေးဝါးများမသုံးသောစိုက်ပျိုးရေး (Organic Farming) ကဲ့သို့ တချို့သီးနှံများ၊ ဥပမာ - ကော်ဖီ၊ လက်ဖက်၊ ငှက်ပျောတို့ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် နိုင်ငံခြားသို့ တင်ပို့နိုင်အောင် ပြုလုပ်လာပါက မိုးလေဝသအခြေခံ ခေတ်မီစိုက်ပျိုးရေးပညာ (Climate-Smart Agriculture) သာမက ရာသီဥတု၊ ရေဖူလုံမှု၊ ကာဗွန်၊ နိုက်ထရိုဂျင်၊ စွမ်းအင်နှင့် ကျွမ်းကျင်ဗဟုသုတ ခေတ်မီမှု (Weather smart, Water Smart, Carbon & Nitrogen Smart, Energy Smart, Knowledge Smart) တို့ပါ ရရှိနိုင်ကြောင်း ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

**ဦးထွန်းလွင်ကလည်း မြန်မာနိုင်ငံတွင် မိုးလေဝသပညာရှင်၊ စိုက်ပျိုးရေးပညာရှင်ကဲ့သို့ ကျွမ်းကျင်သူများရှိနေသော်လည်း စိုက်ပျိုးရေး မိုးလေဝသ (Agro- meteorology) ဘာသာရပ်ကို ကျွမ်းကျင်သော ပညာရှင်များစွာ လိုအပ်လျက်ရှိနေသည်ဟု ပြောကြား**

## တောင်သူပညာပေးဆွေးနွေးပွဲနှင့် မြေဩဇာကြဲပက်ပွဲ မိုးနဲမြို့၌ကျင်းပ

**မိုးနဲ အောက်တိုဘာ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ရွှေရင်အေး မျိုးကောင်းမျိုးသန့် စံပြကွက်၌ တောင်သူပညာပေးဆွေးနွေးခြင်းနှင့် မြေဩဇာကြဲပက်ပွဲ အခမ်းအနားကို နမ့်မော်ဆွမ့်ကျေးရွာအုပ်စု ကွင်းအမှတ်(၃၆) ဦးပိုင်အမှတ် ၉/၁၊ တောင်သူ ဦးတိယ၏လယ်ကွင်း၌ စက်တင်ဘာလနောက်ဆုံးပတ်က ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးငိုဘွယ်က မြေဩဇာအချိုးကျ သုံးစွဲရေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးကို အသိပညာပေးဆွေးနွေးသည်။ ထို့နောက် တောင်သူများ၏ ရွှေရင်အေး မျိုးကောင်းမျိုးသန့် စံပြစိုက်ကွင်းအတွင်း မြေဩဇာကြဲပက်နေမှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးဟိုနှပ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် စပါး စိုက်တောင်သူ ၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**




## သုံးခွမြို့၌ အရဏ်ဆွမ်းများတစ်နှစ်ပတ်လုံးလောင်းလှူ

**သုံးခွ အောက်တိုဘာ ၄**

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်၍ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူရေစက်လက်နှင့်မကွာ လှူဒါန်းကြသူများဖြစ်ကြသည့်အားလျော်စွာ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင်သီတင်းသုံးလျက်ရှိသော သံဃာတော်များအရုဏ်ဆွမ်းဟင်းအဆင်ပြေစေရန် ခုနစ်နေ့မဟာသံဃိက၊ သံဃာဒါန အရုဏ်ဆွမ်းလောင်းအသင်းဓမ္မာရုံများကို မြန်မာသက္ကရာဇ် (၁၂၉၂) ခုနှစ်မှစ၍ ဖွဲ့စည်းတည်ထောင်ကာ ခေတ်အဆက်ဆက် အစဉ်အလာမပျက် အရုဏ်ဆွမ်းများလောင်းလှူလာသည်မှာ ယခုဆိုလျှင် (၈၆)နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

သုံးခွမြို့တွင် အရုဏ်ဆွမ်းလောင်းအသင်း ဓမ္မာရုံများကို (တနင်္ဂနွေမှစနေနေ့ထိ) (၁၊၂၊ ၄၊ ၅၊ ၆၊ ၉၊ ၁၂)ရပ်ကွက်များတွင် ဖွဲ့စည်းတည်ထောင်ကာ နေ့စဉ်ရက်ဆက်နေ့များအလိုက် တစ်နှစ်ပတ်လုံးလောင်းလှူလျက်ရှိသည်။ သုံးခွမြို့ပေါ် (၁၂)ရပ်ကွက်တွင် ဘုန်းတော်ကြီးကျောင်း ၃၅ကျောင်း၌ သံဃာတော်ပေါင်း ၃၀၀ ကျော်သီတင်းသုံးလျက်ရှိသည်။ ခုနစ်နေ့ အရုဏ်ဆွမ်းလောင်းအသင်းတစ်သင်းချင်းစီအား တိုက်ရိုက်ဖြစ်စေ၊ ခုနစ်နေ့အသင်းအားလုံးသို့ဖြစ်စေ အလှူငွေများလှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ရတနာနဒီမှသည် ရေနီမြောင်းသို့(သို့မဟုတ်) ချောင်းတောင်ဘက်ကလူ

## ဆူးငှက်

နန်းမြို့ရိုး ဦးထိပ်တံတားမှ ထွက်လျှင်ထွက်ချင်း တိုက်တော်ကျောင်းဝင်းသည် ကြီးမားလှသော သစ်ပင်ကြီးများ အုပ်မိုးကာစိမ်းစိုခံ့ထည်လျက်ရှိ၏။ အထူးသဖြင့် မန်ကျည်းပင် အိုကြီးများအရိပ်က ယှက်မိုးနေသည်။

တကယ်တော့ ဦးထိပ်တံတားဆီမှအရှေ့သို့ ဖြောင့်မတ်စွာ ဦးတည်သွားသောလမ်းသည် ရန်ကင်းတောင် အနောက်စောင်းတန်းဦးဆီ ဦးတိုက်၏။ ရှေးယခင်ကတော့ ထိုလမ်းသည် ရှင်ဘုရင်၊ မိဖုရား ရန်ကင်းတောင်ဆီ ဘုရားဖူးထွက်ရာလမ်းဖြစ်ပေလိမ့်မည်။ ရွှေနန်းတော်ကြီးမှသည် လှမ်းမျှော် ဦးခိုက်ကန်တော့နိုင်ရန် ရန်ကင်းတောင်ခြေရင်းတွင် မြကျောက်စေတီတော်ကြီး တည်ထားကိုးကွယ်ခြင်းသည် ထိုလမ်းပေါ်မှရရှိလာသော ရှင်ဘုရင့်စိတ်ကူးဖြစ်ပေလိမ့်မည်။ အားကိုးမြတ်နိုးဖွယ် စကြာဒေဝီမိဖုရားကြီးအား တမ်းတသတိရငှာ ရန်ကင်းတောင်တော်တွင် တည်ထားသည့် လွမ်းစေတီကို ရွှေနန်းတော်ကြီးမှလည်း ဖူးမြင်၊ ဤလမ်းမကြီးပေါ်မှလည်း ဖူးမြင်နိုင်ရန် မင်းတုန်းမင်းကြီး ကြံဆောင်ခဲ့ပေသည်။ ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ ထီးနန်းစိုးစံသည့် နန်းသက်ဘဝမှာ ထီးနန်းသိမ်းပိုက်ရေး၊ နန်းတွင်းရေး၊ နိုင်ငံခြားနှင့် ဆက်ဆံရေးကိစ္စရပ်များသာမက သာသနာပြုကိစ္စရပ်များအထိ တိုင်ပင်နှီးနှောရသော ပုဂ္ဂိုလ်သုံးဦးရှိခဲ့ပါ၏။ ဤပုဂ္ဂိုလ်များကား စကြာဒေဝီမိဖုရားခေါင်ကြီး၊ ညီတော်ကနောင်မင်းသားနှင့် ယောအတွင်းဝန် ဦးဖိုးလှိုင်တို့ဖြစ်သည်။ မင်းတုန်းမင်း၏ အိမ်နိမ့်စံဘဝမှာပင် အထိန်းတော် ဟင်္သာတမြို့စား မယ်ရွှဲ၏ညီမ မဘဲအိမ်ကို ခေါ်ပြတိုက်ခြင်း အမှုနှင့်ပတ်သက်၍ နောင်တော်ပုဂံမင်း၏ အမှုရှာရန် ပြုသည်ကို တိမ်းရှောင်ရန် သင့်မသင့် အစ်မတော် စကြာဒေဝီမိဖုရားနှင့်ပင် ဆွေးနွေးတိုင်ပင်ရသည် မဟုတ်ပါလော။ မိဖုရားကြီးက နေပြည်တော်နှင့်ပတ်သက်၍ ဗေဒင်ကိန်းခန်းတွက်ချက်ကြည့်ရာ ပုဂံမင်းထီးနန်းကုန်ချိန်ရောက်နေပြီဖြစ်၍ ရွှေဘိုမြို့သို့ ချီတက်ကြံစည်တော်မူပါဟု အခါတော်ပေးလျက် ဗေဒင်သုံးပုံတတ်ကျွမ်းသော မွေးစားသား ဦးဖိုးလှိုင်အား မင်းတုန်းမင်းက ကနောင်မင်းသားတို့နှင့် အတူ လိုက်ပါစေလေသည်။

ဤကဲ့သို့ အားကိုးဖွယ်၊ မှီခိုဖွယ်၊ ဆွေးနွေးတိုင်ပင်ဖွယ်သော စကြာဒေဝီမိဖုရားကြီးကား ဗေဒင်သုံးပုံလည်း ကျွမ်းကျင်၊ လောကီရေးရာများလည်း နှံ့စပ်သိမြင်၊ တိုင်းရေးပြည်ရာကိစ္စများ၌လည်း ကူညီတိုင်ပင်ဖော်ရရှိခဲ့ရာမှ ကောဇာသက္ကရာဇ် ၁၂၃၈ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့တွင် ကံတော်ကုန်ရှာလေသည်။ မင်းတုန်းမင်းကြီးမှာ ချစ်မြတ်နိုးလှစွာသော မိဖုရားကြီးကံတော်ကုန်သောအခါ စိတ်နှလုံးဖြေမဆည်နိုင်ဘဲ ထိထိခိုက်ခိုက်ကြေကြေကွဲကွဲ ခံစားတော်မူရှာသည်။ မိဖုရားကြီး၏ အလောင်းတော်ကို မြောက်ဥယျာဉ်တော်၌ အုတ်ပြာသာဒ်နှင့် ဂူသွင်းသင်္ဂြိုဟ်ပြီးနောက် အလောင်းတော်ထားရာ မြောက်ဥယျာဉ်တော်၌ပင် ယာယီတဲနန်းနှင့် သုံးလတိုင် ညီလာခံဝင်တော်မူသည်။

နှလုံးစိတ်ဝမ်း မချမ်းမြေ့နိုင်ဘဲ မိဖုရားခေါင်ကြီး၏ အုတ်ပြာသာဒ်အနီး၌ ယာယီတဲနန်းနှင့် စံမြန်းနေစဉ် သမီးတော် စလင်းစုဖုရား ကလေးသည် မင်းတရားကြီးအနီးမှာ အနီးကပ် ခစားနေတော်မူလျက် စိတ်ထောင်းကိုယ်ကြေနေသော ခမည်းတော်၏ ကျန်းမာရေးအတွက် ဆေးဝါးများကို ဂရုတစိုက်ဆက်သခြင်း၊ မမဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း တရားသဘောများကို နှလုံးသွင်းနိုင်စေရန် ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်စသော တရားတော်များကို ရွတ်ဖတ်ပြခြင်းစသည့် ဝေယျာဝစ္စများဖြင့် ခမည်းတော်မင်းတုန်းမင်းကြီးအား ဖြေသိမ့်စေလျက် မြောက်ဥယျာဉ်ယာယီစံနန်းတော်မှ မှန်နန်းဆောင်သို့ ပြန်လည်ကြွရောက်စံမြန်းတော်မူရန် လျှောက်ထားတောင်းပန်ခဲ့လေ၏။

မင်းတုန်းမင်းကြီး မှန်နန်းဆောင်သို့ ပြန်လည်ရောက်ရှိတော်မူ၍ စိတ်နှလုံးပြန်လည် တည်ငြိမ်လာသောအခါ စိတ်ပြေလက်ပျောက်အလို့ငှာ နန်းစဉ်သုံး မှန်ပြောင်းတော်ဖြင့် နန်းမြို့တော်၏ အရှေ့ဘက်၌ တည်ရှိသော ရှမ်းရိုးမတောင်တန်းကြီးများနှင့် ရန်ကင်းတောင်တော်ရှိစေတီများအား မှန်နန်းဆောင်တော်မှ လှမ်း၍ဖူးမြော်လေ့ရှိသည်။ ဤသို့ ဖူးမြော်ရင်း တရားဓမ္မသံဝေဂသဘောကို ဆင်ခြင်တော်မူ၍ ဘုရားရှင်၏ အနန္တကျေးဇူးဂုဏ်ကိုအောက်မေ့ကာ ရန်ကင်းတောင်တော် အလယ်ဗဟိုအမြင့်ဆုံးနေရာ၌ စေတီတော်တစ်ဆူတည်ထားတော်မူခဲ့လေသည်။ ယင်းစေတီကား စကြာဒေဝီမိဖုရားခေါင်ကြီးကို လွမ်းဆွတ်သတိရမှုဖြင့် "လွမ်းစေတီ" ဟု ခေါ်ဝေါ်ခဲ့ကြ၏။

လွမ်းစေတီကား နန်းမြို့ရိုးအရှေ့ဦးထိပ်တံတားဆီမှ အရှေ့ဆီတစ်ဖြောင့်တန်း ဦးတည်သွားသော လမ်းမကြီးမှသည် ရန်ကင်းတောင်ဆီ ဦးတိုက်ကာ သွားရောက်နိုင်သော ရန်ကင်းတောင်တော်၌ တည်ရှိပါသည်။

ထို့ကြောင့် ထိုလမ်းမကြီးသည် အစမှသည် အဆုံးဆီအထိ မန္တလေးရွှေမြို့တော်မှ ဘုရင်နှင့်မိဖုရား၏ သံယောဇဉ်ယှက်နွယ်ရာ ပေါင်းကူးခြင်း ဖြစ်ခဲ့သည်မဟုတ်ပါလော...။

မန္တလေးသားအများစုကတော့ ထိုလမ်းမကြီးကို နန်းရှေ့လမ်းမကြီးဟုပဲ ခေါ်ဝေါ်ကြသည်။ မြို့ပြမှတ်တမ်းအရတော့ ထိုလမ်းမသည် "၁၉" လမ်းပဲဖြစ်ပါသည်။ မည်သို့ဆိုစေ နန်းရှေ့လမ်းမကြီးဟုဆိုလျှင် အားလုံးက သိပါပြီ။

ဦးထိပ်တံတားကြီးက အရှေ့ဆီအထွက် တိုက်တော်ဘုန်းကြီးကျောင်းဝင်းကြီးကတော့ ရှင်ဘုရင်၊ မိဖုရား၊ မှူးမတ်များ ကောင်းမှု ကျောင်းတိုက်ကြီးများစွာအနက် ရွှေမြို့တော်ကြီးခေတ်ကတည်းက တည်ရှိခဲ့သည့် ကျောင်းတိုက်ကြီးတစ်တိုက်မို့ ရှေးအုတ်ကြီးများဖြင့် ဆောက်လုပ်ထားသော တံတိုင်းအိုကြီးက တိုက်တော်၏သက်တမ်းကို လှစ်ပြနေသည်။ တိုက်တော်၏ အမည်အပြည့်အစုံမှာ "မဟာဝိသုတာရာမတိုက် မဟာတုလ္လတ် ဘုံစံကျောင်း" ဖြစ်၏။ မဟာဝိသုတာရာမတိုက်တော်ကား မင်းတုန်းမင်းကြီး ကောင်းမှုတော်ဖြစ်၍ ကျောင်းရံ ၂၀ ကျော်နှင့် ကြီးကျယ်ခမ်းနားလှသော ကျောင်းတိုက်ကြီးဖြစ်သည်။ သံဃာ့ဦးကိုင် သာသနာပိုင်ဆရာတော် ဦးဉေယျ သီတင်းသုံးခဲ့ရာ တိုက်တော်ဖြစ်၏။

တိုက်တော်၏ တောင်ဘက် နန်းရှေ့လမ်းမကြီးပေါ်တွင် ယခင်က ပြည်သူ့ရဲ ကြိုးမဲ့ကြေးနန်းစခန်းရှိခဲ့ပါ၏။ အခုတော့ မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့စခန်းဖြစ်သည်။ ဦးထိပ်တံတားမှအထွက် နန်းရှေ့လမ်းမကြီး၏ ညာဘက်ခြမ်းတွင် ယခုအခါ အရိပ်ကောင်းသော သစ်ပင်ကြီးများအောက်၌ စားသောက်ဆိုင်များဖြင့် တန်းစီစည်ကားနေပါ၏။

တိုက်တော်၏ အရှေ့ဘက်တွင် နန်းရှေ့မီးသတ်စခန်းရှိသည်။ မီးသတ်စခန်း၏ အရှေ့ဘက်မှာက နန်းရှေ့ဈေးကြီးရှိသည်။ မန္တလေးရတနာပုံမြို့သစ်တည်ထားပြီးနောက် နန်းမြို့တော်၊ ရွှေမြို့တော် လေးပြင်လေးရပ်တို့၌ အိမ်ခြေများရှိလာသည်နှင့် တစ်ပြိုင်နက်ဈေးများလည်းရှိလာပါသည်။ ရှေးမှတ်တမ်းများအရ မန္တလေးမြို့ပေါ် ဈေးများအပြင် ပတ်ဝန်းကျင်ဈေးများဖြင့် ဈေးပေါင်း ၃၀ ခန့် ရှိသည်ဟု ဆို၏။ တချို့က နံနက်ခင်းဈေး၊ တချို့က ညနေဈေး၊ တချို့က တစ်နေကုန်ဈေးများ ဖြစ်ကြသည်။ တချို့ဈေးသည်များက နံနက်ခင်းဈေးမှ ညနေခင်းဈေးသို့ ကူးလူးရောင်းချကြ၏။ ၁၈၆၆ ခုနှစ် မတိုင်မီ မန္တလေးမြို့တော် ပုရပိုဒ်မြေပုံ၌ (၁)ဈေးချို၊ (၂) ယိုးဒယားဈေး၊ (၃) မလွန်ဈေး၊ (၄)ညွန့်ပေါင်းဈေး၊ (၅)ရဟိုင်းဈေး၊ (၆)ညောင်ပင်ဈေး စသည့်နေရာများ မှတ်သားထားသည်ဆို၏။ သာယာဝတီဗျိုင်းကလေးခေါ် မောင်မောင်ဘ၏ "မင်းတုန်းမင်းတရားကြီး၏ ဥပနိသျှ" လက်ရေးစာမှလည်း ရှေးခေတ်ဈေးအမည်များကို မှတ်သားလေ့လာနိုင်ကြသည်။

ရှေးခေတ်မှတ်တမ်းများအရ မှတ်သားထားသော ဈေးများနာမည်တွင် နန်းတော်ရှေ့ဈေးကလေးဟူသော အမည်လည်း ပါရှိသည်။ နန်းတော်ရှေ့မြောက်ဘက်ရှိ ဈေးဟုဆို၏။ သို့သော် ယခုမရှိတော့ပြီ။

လက်ရှိ နန်းရှေ့ဈေးသစ်ကြီးမှာ ၁၉၉၆ ခု၊ မေလက တည်ဆောက်ခဲ့ပြီး ၁၉၉၇ ခုနှစ်၊ ဧပြီလတွင် ဖွင့်လှစ်ခဲ့သည်။ အလျား ၂၄၇ ပေ၊ အနံ ပေ ၁၄၀ရှိသော အာရ်စီသုံးထပ်ဈေးကြီးဖြစ်ပြီး ၂၅၂၈၀ စတုရန်းပေရှိကာ ဆိုင်ခန်းစုစုပေါင်း ၃၈၄ ခန်းရှိပါသည်။ ယခင်ဈေးဟောင်းကတည်းက စည်ကားခဲ့သော တစ်နေကုန်ဈေးကြီးဖြစ်ပါသည်။ ဈေးဟောင်းရှိစဉ် ဈေးအတွင်းရှိ ဦးဘကျော့လက်ဖက်ရည်ဆိုင်မှာ ထင်ရှားခဲ့သည်။ ယခုဈေးသစ်ကြီးပြီးစီးသွားသောအခါ မြေညီထပ်၌ ကုန်မာဆိုင်များ၊ ကုန်ခြောက်ဆိုင်များ၊ အလှကုန်ဆိုင်များ၊ ရွှေထည်ငွေထည်ဆိုင်များ၊ စတိုးဆိုင်များ ဖွင့်လှစ်ထားရှိပြီး ပထမထပ်တွင် သားငါးနှင့်ကုန်စိမ်းသီးနှံများ၊ စားသောက်ကုန်များ တည်ခင်းရောင်းချကြပါသည်။

နန်းတော်ရှေ့တွင် မင်္ဂလာဥယျာဉ်တော်ရှိခဲ့ဖူးပါ၏။ မန္တလေးနေပြည်တော်တွင် ဥယျာဉ်တော် ၂၁ ရပ် အကြောင်းဘွဲ့ ရှေးဟောင်းပတ်ပျိုးသီချင်းခံကြီးကို မင်းကြီးမဟာဇေယျသူဘွဲ့ခံ ပညာရှိအမတ်ကြီး ညောင်လှမြို့စား နိုင်ငံခြားဝန်ထောက်မင်း ဦးချိန်သည် အမှာတော်ရေးရာထူးနှင့် အမှုထမ်းစဉ်က မင်းတုန်းမင်းထံ ဆက်သွင်းရာ ရွှေထီးသနားတော်မြတ်ခံရပါသည်။

"စံရာရွှေနန်း၊ မြမန်း၌ာနေ၊ ပျော်မွေ့ဖွယ်ပီပီ" အစချီ ဥယျာဉ်တော် ၂၁ ရပ်အကြောင်းကို ဖွဲ့ဆိုထားသော ပတ်ပျိုးသီချင်းခံကြီးဖြစ်သည်။ ယင်းပတ်ပျိုးသီချင်းခံကြီးအရ မန္တလေးမြို့အရှေ့ဘက်တွင် (၁) မဟာဟေမာဇလဥယျာဉ်တော်၊ (၂) မဟာအာသောကဥယျာဉ်တော်၊ (၃) ကဋ္ဌနကေသီဥယျာဉ်တော်၊ (၄) သီရိဘုမနဥယျာဉ်တော်၊ (၅) မဟာသီရိဘုဋ္ဌနဥယျာဉ်တော်၊ (၆) မဟာသီရိမလ္လိကဥယျာဉ်တော်၊ (၇) မဟာသိဒ္ဓိဇလ ဥယျာဉ်တော်၊ (၈) မဟာဇေယဇလဥယျာဉ်တော်၊(၉) မဟာသီရိမန္ဒာဝဥယျာဉ်တော်၊(၁၀) မင်္ဂလာဥယျာဉ်တော်၊ (၁၁) မဟာသီရိဟေမဝန်ဥယျာဉ်တော်၊ (၁၂) သီရိမနော်ပထမဥယျာဉ်တော်၊ (၁၃) မဟာပဒုမဥယျာဉ်တော်၊ (၁၄) မဟာမေဃနာဥယျာဉ်တော်၊(၁၅)သီရိမဟာသာရဥယျာဉ်တော်၊(၁၆) မဟာမုဒ္ဒိကဥယျာဉ်တော်၊ (၁၇) မဟာဒေဝတာဥယျာဉ်တော်၊ (၁၈) မဟာသီတလဥယျာဉ်တော်၊ (၁၉) မဟာဂီရိစိတြဥယျာဉ်တော်၊(၂၀) သီရိမနော်ရမ်ဥယျာဉ်တော်၊(၂၁) မဟာဂီရိနန္ဒဝန်ဥယျာဉ်တော်ဟူ၍ ဖြစ်ပါသည်။



***("ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်ပေးမည့် ပထမဦးဆုံးသော အိန္ဒိယဘဏ်ခွဲ မြန်မာနိုင်ငံ၌ စတင်ဖွင့်လှစ်




ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသော State of India Bank (SBI) ဖွင့်ပွဲအခမ်းအနား

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန်  အောက်တိုဘာ ၄**

ပြုပြင်ပြောင်းလဲလာသော မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍစုံတွင် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးမှုနှင့်အတူ ဘဏ်လုပ်ငန်းဆိုင်ရာနှင့် နှစ်နိုင်ငံကုန်သွယ်မှုကို အထောက်အကူဖြစ်စေမည့် မြန်မာနိုင်ငံရဲ့ပထမဦးဆုံးသော State of India Bank (SBI) အိန္ဒိယဘဏ်ခွဲတစ်ခုကို ယနေ့စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ အိန္ဒိယနိုင်ငံ အခြေစိုက်ဘဏ်တစ်ခုဖြစ်သော State of India Bank (SBI) ၏ ဘဏ်ခွဲကို ရန်ကုန်မြို့သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ Union Financial Center တွင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၃ ရက်နံနက် ၁၁ နာရီခွဲက ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်သော အဆိုပါဘဏ်လုပ်ငန်းဆိုင်ရာ ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

"ကျွန်မတို့အနေနဲ့ ဒီ State of India Bank (SBI) ကို မြန်မာနိုင်ငံမှာ ပထမဦးဆုံး ဖွင့်လှစ်တာဖြစ်ပါတယ်။ ဖွင့်လှစ်တဲ့ရည်ရွယ်ချက်ကလည်း မြန်မာ- အိန္ဒိယ ဘဏ်လုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ နှစ်နိုင်ငံကုန်သွယ်မှုပြုရာမှာ အဆင်ပြေလွယ်ကူစေဖို့ ဖွင့်လှစ်ခဲ့တာဖြစ်တယ်။ လောလောဆယ်အနေနဲ့ကတော့ ဒီ State of India Bank (SBI) ဘဏ်ကို ဖွင့်လှစ်ပေးသွားဦးမှာဖြစ်ပြီး နောက်ပိုင်းမှာတော့ လိုအပ်ရင် လိုအပ်သလို ဘဏ်ခွဲလေးတွေ ထပ်မံဖွင့်သွားဖို့လည်းရှိပါတယ်။ ဒီဘဏ်ကနေ မြန်မာနိုင်ငံမှာ အိန္ဒိယနိုင်ငံကနေ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်တွေကို အတတ်နိုင်ဆုံး ဘဏ်လုပ်ငန်းဆိုင်းရာ ကူညီထောက်ပံ့မှုတွေ ပြုလုပ်သွားမှာပါ" ဟု State of India Bank (SBI) မှ Chairman Arundhati Bhattacharya က စာနယ်ဇင်း ရှင်းလင်းပွဲတွင် ပြောသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအနေဖြင့် ဖွင့်လှစ်မည့် State of India Bank (SBI)သည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ခွင့်ပြုချက်ရရှိပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သည့် Deposit Account ဖွင့်ခြင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအတွက် ချေးငွေထုတ်ပေးခြင်း၊ ကုန်သွယ်မှုနှင့် ပတ်သက်သည့် ငွေပေးချေမှုဆိုင်ရာလုပ်ငန်းများနှင့် ငွေလွှဲခြင်း၊ နိုင်ငံခြားငွေလဲလှယ်ခြင်းစသည့် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ State of India Bank (SBI)သည် နိုင်ငံပေါင်း ၃၇ နိုင်ငံတွင် ဘဏ်ခွဲပေါင်း ၁၉၈ ခု ဖွင့်လှစ်ထားပြီး သုံးစွဲသူ ၂၂ မီလီယံရှိပြီဖြစ်သည်။ ယခုအခါ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဦးဆုံးလာရောက်ဖွင့်လှစ်သော ဘဏ်ခွဲတစ်ခုဖြစ်ပြီး ကနဦး ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၇၅ သန်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလို နိုင်ငံတကာကနေ ကျွန်တော်တို့နိုင်ငံကို ဘဏ်တွေလာရောက်ဖွင့်လှစ်တာ ကောင်းပါတယ်။ အထူးသဖြင့် ကုန်သွယ်မှုရှိတဲ့နိုင်ငံဘဏ်တွေ လာဖွင့်ရင်တော့ ပိုအကောင်းဆုံးပေါ့။ တချို့က နှစ်နိုင်ငံကုန်သွယ်မှု အဆင်ပြေစေဖို့လာဖွင့်တဲ့အခါ နှစ်နိုင်ငံငွေကြေးသုံးစွဲရတာ အဆင်ပြေစေတယ်။ ဒါမှလည်း နိုင်ငံစီးပွားရေး တိုးတက်ပြီး ကုန်စည်စီးဆင်းမှု အရင်ကထက် ပိုမိုလျင်မြန်လာမှာပါ။ ကျွန်တော်တို့အနေနဲ့ကတော့ အခုလို နိုင်ငံတကာက ဘဏ်ခွဲတွေလာဖွင့်တာကို ဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်"ဟု ပြည်တွင်း ကားရောင်းဝယ်ကုမ္ပဏီတစ်ခုမှ ဦးသန်းစိုးက ပြောသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှစပြီး နိုင်ငံခြားဘဏ်များကို ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံတွင် စက်တင်ဘာ ၂၇ ရက်က နောက်ဆုံး ခွင့်ပြုလိုက်သည့် ယင်း SBI အပါအဝင် နိုင်ငံခြားဘဏ်လုပ်ငန်း ၁၃ ခု ကို ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ လုပ်ဆောင်နိုင်ရန် ခွင့်ပြုခဲ့ပြီး ဖြစ်သည်။ မြန်မာ- အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုသည် ၁၉၇၀ ခုနှစ်ကစတင်ခဲ့ရာ ယခုအခါ နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၂၈ မီလီယံရှိခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အဆပေါင်းများစွာ တိုးတက်လာကာ အမေရိကန်ဒေါ်လာ ၂ဒသမ ၀၅၂ ဘီလီယံအထိ မြင့်တက်လာကြောင်း သိရသည်။

## လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း (ဆင့်ပွား)သင်တန်းဆင်း

**မော်လမြိုင် အောက်တိုဘာ ၄**

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးကကြီးမှူးကျင်းပသော လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း (ဆင့်ပွား)သင်တန်းအမှတ်စဉ် (၄/ ၂၀၁၆)ဆင်းပွဲကို စက်တင်ဘာ ၃၀ ရက်က မွန်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲ (အတ္ထရံ) သင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်မြင့်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဝင်း၊ မိတ်ဖက်အဖွဲ့အစည်းများမှအရာရှိများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့ပေါ်ရှိ နယ်မြေရဲစခန်းမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ စုစုပေါင်းအင်အား ၆၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

## သတင်းတိုများ

### အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

ဂန့်ဂေါမြို့နယ်အတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/ ၂၀၁၆)ကို ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု ၁၄ ခုမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ကြကာ သင်တန်းကာလမှာ အောက်တိုဘာ ၃ ရက်မှ ၂၈ ရက်အထိဖြစ်သည်။

(၁၀၁)

### ကျေးရွာသုံးစိုက်ခင်းမှ ထင်းများအခမဲ့ဖြန့်ဝေပေး

နွားထိုးကြီးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဘူးကိုင်းကျေးရွာအုပ်စု ခံစပ်ကုန်း(အရှေ့)ကျေးရွာအနီး၌ ၂၀၀၂ ခုနှစ်က တည်ထောင်စိုက်ပျိုးခဲ့သည့် ကျေးရွာသုံးစိုက်ခင်း ၅၀ ဧကအတွင်းမှ ထွက်ရှိသော ထင်းများကို ဒေသခံကျေးရွာနေပြည်သူများအား ခရိုင်စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အောက်တိုဘာ ၃ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင် စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူးနှင့် ဝန်ထမ်းများ၊ နွားထိုးကြီးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများက အဆိုပါစိုက်ခင်းများမှ ထွက်ရှိသော ထင်းများကို ခံစပ်ကုန်း(အရှေ့)ကျေးရွာနေ ပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး ထင်း ၃၀ ဒသမ ၀၅ တန်ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

ပြည်သူများလျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဟောပြောပွဲကို သံတွဲခရိုင် မအီမြို့နယ်ခွဲ လမူးမော်ကျေးရွာ အထကခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ ဟောပြော ပွဲကို မအီမြို့လျှပ်စစ်ဌာနမှ တာဝန်ယူကြီးမှူးဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်သုံးစွဲရာ၌ ရှောင်ရန် ဆောင်ရန် ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့မီးသတ်ဦးစီးမှူး ဦးဆန်းလှိုင်က လျှပ်စစ်သည် ပြည်သူကို အကျိုးရှိသကဲ့သို့ အန္တရာယ်လည်း ပေးနိုင်ကြောင်း၊ တစ်နိုင်ငံလုံး၏ မီးလောင်မှု ၈ ဒသမ ၆ ရာခိုင်နှုန်းမှာ လျှပ်စစ်ဝိုင်ယာများကြောင့် ဖြစ်ကြောင်းနှင့် သတိရှိရန်လိုအပ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး လက်ကမ်းစာစောင်နှင့် နံရံကပ်စာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**



**ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ်အဖြစ် ရေဦးမြို့ပေါ် အခြေခံပညာကျောင်းအားလုံးမှ မူလတန်းကျောင်းသား ကျောင်းသူများအား လှူတော်ကိုယ်စားလှယ်များနှင့် ဒေသခံအလှူရှင်များစုပေါင်း၍ နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးမည်ဖြစ်ရာ စက်တင်ဘာ ၂၉ ရက်က အထက(၁)ကျောင်းမှ မူလတန်းကျောင်းသားများအား နွားနို့တိုက်ကျွေးနေစဉ်။** (ရေဦးမြို့၌ အခြေခံပညာကျောင်းပေါင်း ခုနစ်ကျောင်းတွင် မူလတန်းကျောင်းသား ကျောင်းသူ ၁၅၈၄ ဦးရှိပြီး စက်တင်ဘာ ၂၉ ရက်မှစ၍ တစ်ရက်လျှင် တစ်ကျောင်းနှုန်းဖြင့် ခုနစ်ရက်တိုင် အလှည့်ကျ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

## အစားထိုးသီးနှံ မြေပဲမျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်

**တီးတိန်  အောက်တိုဘာ ၃**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ်၌ အစားထိုးသီးနှံစိုက်ပျိုးရန် ဆောင်းမြေပဲမျိုးစေ့၊ ဓာတ်မြေဩဇာများအခမဲ့ ဖြန့်ဝေပေးအပ်ပွဲနှင့် တောင်သူပညာပေးဟောပြောပွဲကို စက်တင်ဘာလနောက်ဆုံးပတ်က မြို့နယ် တက်ဇန်ကျေးရွာ၌ ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်နှင့်အဖွဲ့က မြို့နယ်အတွင်းရှိ မိုးစပါး(GAP)တစ်ကွင်းတစ်စပ်စိုက်ပျိုးသည့် တက်ဇန်ကွင်းအတွက် တောင်သူ ၁၀ ဦးတို့အား ပုလဲဓာတ်မြေဩဇာအိတ် ၃၀၊ ဆောင်း မြေပဲစိုက်ပျိုးသည့် တွာလ်ဇန်ကွင်းအတွက် တောင်သူ ၂၀ တို့အား ဆောင်းမြေပဲမျိုးစေ့ တင်း ၂၅၀ တို့ကို ဖြန့်ဝေပေးခဲ့ကြသည်။

တီးတိန်မြို့နယ်တွင် အစားထိုးသီးနှံများအဖြစ် ဆောင်းမြေပဲသီးနှံမျိုးစေ့များ၊ ဓာတ်မြေဩဇာများကို တောင်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ ဝမ်းစာဖူလုံရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပြီး တောင်သူများ၏ စိုက်ပျိုးနည်းစနစ်များမှန်ကန်ရေး၊ သီးနှံပိုးမွှားများအန္တရာယ်ကာကွယ်နိုင်ရေး၊ သီးနှံအထွက်တိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာနိုင်ရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာများ ဆက်လက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **ဂျူနိုင်း**

# ဧရာဝတီမြစ်အတွင်းမှ ငါးကြီးငါးကောင်းများ ဖမ်းမိသေးသော်လည်း ယခင်ကထက် လျော့နည်းလာ

**ကသာ အောက်တိုဘာ ၄**
ဧရာဝတီမြစ်ရေကျဆင်းလာသဖြင့် ကသာမြို့နယ်အတွင်း ဧရာဝတီမြစ်ထဲမှ ငါးကြီးငါးကောင်းများ ဖမ်းဆီးရ၍ ရေလုပ်သားများက ဈေးကွက်ရှိရာ ကသာမြို့နယ် ငါးဒိုင်များသို့ တင်သွင်းရောင်းချလာကြကြောင်း သိရသည်။

အဆိုပါ ငါးကြီးငါးကောင်းများကို ဧရာဝတီမြစ်ကမ်းစပ်နားတွင် ဖမ်းမိကြောင်းနှင့် ငါးဝင်ရောက်စေရန် မြှုံးအတွင်း ငါးကြိုက်နှစ်သက်သည့်အစာများဖြစ်သော ပဲလုံးများထည့်သွင်းထားပြီး ရေလမ်းကြောင်းစီးရာတွင်ချ၍ ဖမ်းဆီးကြောင်း၊ ငါးများတိုးဝင်ပါက အလိုအလျောက် ထွက်ပေါက်ပိတ်စေသော ချပ်မြှုံးကြီးများဖြင့် ထောင်ဖမ်းခြင်းဖြစ်ပြီး ယခုထက်ကြီးသည့်ငါးများကို ယခင်က ဖမ်းဆီးခဲ့ရာတွင် လူတစ်ရပ်ကျော်ခန့်မြင့်မားသည့် ပေါ်သေမြှုံး(ခေါ်)ဆင်သေမြှုံးကို အသုံးပြု၍ ဖမ်းဆီးကြကြောင်း ရေလုပ်သားတစ်ဦးက ပြောသည်။

ယခင်က ငါးဖမ်းရှာဖွေရာတွင် ရိုးရိုးဖမ်းသူများသာ ရှိခဲ့သည့်အတွက် ငါးသယံဇာတပျက်စီးမှုဆိုးရွားစွာမရှိခဲ့ကြောင်း၊ ခေတ်ကာလပြောင်းလဲလာပြီး နောက်ပိုင်းတွင် ငါးဖမ်းရာ၌ များများသေစေနိုင်သော ငါးဆေးခတ်ဖမ်းခြင်း၊ တားမြစ်ချိန်ငါးပိုက်တန်းခြင်း၊ ဘက်ထရီရှော့ခ်တိုက်ခြင်း၊ ပိုက်ကြီးဆွဲခြင်း စသည့်နည်းလမ်းများဖြင့် ငါးရှာဖွေကြသည့် စီးပွားရေးသမားများ တိုးလာသည့်အတွက် ဧရာဝတီမြစ်အတွင်းမှ ယခင်က ဖမ်းမိခဲ့သည့် ငါးကြီးငါးကောင်းများဖြစ်သော ငါးရွှေပေါက်၊ ငါးထွေပေါက်၊ ငါးတန်၊ ငါးမောင်းမ၊ ငါးနက်ပြာ၊ ငါးဖန်းမ၊ ငါးဖယ်အောင်၊ ငါးဂိုက်၊ ငါးချောင်း၊ ငါးအုံးတုံးစသည့် ငါးကြီးငါးကောင်းများ အကောင်ရေ လျော့နည်းကျဆင်းလာလျက်ရှိကြောင်း သိရသည်။

တရားမဝင်ငါးဖမ်းရှာဖွေမှုကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်အရေးယူလျက်ရှိသော်လည်း တရားမဝင်ငါးဖမ်းသူများမှာ ဥပဒေကို ကြောက်ရွံ့ခြင်းမရှိဘဲ လုပ်ကိုင်နေကြကြောင်း ရေလုပ်သားတစ်ဦးက အကြံပြုသည်။

ကသာမြို့နယ်အတွင်း ငါးသယံဇာတ ပေါကြွယ်ဝစေရန်နှင့် ငါးသယံဇာတလျော့ကျနေမှုကို ပြန်လည်အစားထိုးရန် လုပ်ငန်းတစ်ရပ်အနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့က ဧရာဝတီမြစ်အတွင်း နှစ်စဉ်ရာသီအလိုက် ငါးသားပေါက်များ ကောင်ရေသိန်းချီလွှတ်ပေးခြင်း၊ တရားမဝင်ငါးဖမ်းသူများကို ဖမ်းဆီးအရေးယူခြင်း၊ ငါးရစ်ငါးသန်ကာလတွင် ငါးဖမ်းဆီးခြင်းမပြုရန် ရေလုပ်သားများအား အသိပညာပေးဟောပြောခြင်း၊ ရေချိုငါးလုပ်ငန်းဥပဒေအကြောင်း ရှင်းလင်းအသိပေးခြင်းတို့ကို ဆောင်ရွက်နေသော်လည်း စီးပွားရေးသမားအချို့ဥပဒေချိုးဖောက်ပြီး ကိုယ်ကျိုးအသုံးချမှုရှိနေခြင်းကြောင့် မြစ်အတွင်း ငါးကြီး ငါးကောင်းဖမ်းယူရရှိမှု ယခင်ကထက် လျော့ကျလာကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# နိုင်လွန်ကတ္တရာစက်ရုံတည်ဆောက်ပြီး လမ်းပိုင်းများ အဆင့်မြှင့်မည်

**ဘားအံ အောက်တိုဘာ ၄**
ဆောက်လုပ်ရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့် ကရင်ပြည်နယ်အစိုးရနှင့် ပြည်နယ်ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ အနီးကပ်ကြီးကြပ်မှုများဖြင့် ကရင်ပြည်နယ်အတွင်း ပြည်သူများ ခရီးသွားလာမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် AC နိုင်လွန်ကတ္တရာစက်ရုံကို ဘားအံမြို့နယ်တွင် ရောင်ခြည်သစ်(First Azure) ဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်ပြီး လမ်းပိုင်းများအဆင့်မြှင့်တင်ရေးလုပ်ငန်းကို ဆောင်ရွက်သွားမည်ဟု သိရသည်။



လမ်းပိုင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် (AC) နိုင်လွန်ကတ္တရာစက်ရုံကို ဘားအံမြို့နယ် လှိုင်ကားကျေးရွာအုပ်စု တောင်ကြားအနီးတွင် တည်ဆောက်သွားမည်ဖြစ်ကာ စက်ရုံတည်ဆောက်ရန် စက်ယန္တရားကြီးများ စက်တင်ဘာ ၂၈ ရက်က စတင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံ တည်ဆောက်ပြီးစီးပါက ရောင်ခြည်သစ်ဆောက်လုပ်ရေးကုမ္ပဏီမှ BOD ရရှိထားသည့် သံလွင်တံတား(ဘားအံ)မှ အိန္ဒုစံပြကျေးရွာလမ်းဆုံအထိ ၄၇ မိုင် ၁ ဖာလုံ လမ်းပိုင်းကို အဆင့်မြှင့်တင်၍ နိုင်လွန်ကတ္တရာခင်းကျင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရောင်ခြည်သစ်ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံ ဦးကျော်ထွန်းဦး၏ ပြောကြားချက်အရ သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# တောင်ကြီးမြို့နယ် မကျီးပင်ကျေးရွာ၌ မြေငှားဂရန်များ ပေးအပ်

**တောင်ကြီး အောက်တိုဘာ ၄**
ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ဘန့်ကွေးကျေးရွာအုပ်စု မကျီးပင်ကျေးရွာနေပြည်သူများအား ကျေးရွာမြေငှားဂရန်များပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက်က ပြုလုပ်ခဲ့သည်။

မြေငှားဂရန်ပေးအပ်ပွဲတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက တောင်ကြီးမြို့နယ်တွင် ၂၀၁၅ ခုနှစ်က တောင်လေးလုံးကျေးရွာအုပ်စု၌ မြေငှားဂရန် ၂၇၁ ခု ပေးအပ်နိုင်ခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်တွင် မကျီးပင်ကျေး၌ မြေငှားဂရန် ၅၈ ခု ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာမြေငှားဂရန်များ ဆောင်ရွက်ပေးရာတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဆောင်ရွက်ရသည့် ကုန်ကျစရိတ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ရသည့် ကုန်ကျစရိတ်များကို ပြည်နယ်အစိုးရအဖွဲ့က ကျခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာမြေငှားဂရန်များ ရရှိခြင်းဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထား၊ မြေငှားဂရန်ရရှိနေထိုင်နိုင်ခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိလာမည်ဖြစ်ကာ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သောအခွန်ငွေများ ရရှိလာမည်ဖြစ်ကြောင်း၊ ကျန်မြေငှားဂရန်များကိုလည်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးက ကျေးရွာမြေငှားဂရန်ပြုလုပ်ရန် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်နှင့် တာဝန်ရှိသူများက ကျေးရွာနေပြည်သူများအား မြေငှားဂရန်များ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**




## သတင်းတိုများ

### မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်အတွင်းမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်နေသည့် ကုန်းရင်းကျေးရွာနှင့် အနောက်တောကျေးရွာများ၌ စီမံကိန်းစာရင်းဇယားထိန်းသိမ်းထားရှိမှု၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားမှုများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ ကျေးရွာများသည် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ ထုတ်ပေးခဲ့ပြီး တစ်နှစ်အတွင်း အတိုးငွေ ကျပ် ၅၄ သိန်းရရှိခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

### ပြည်ခရိုင်ပြန်/ဆက်ရုံး၌ပန်းချီပြိုင်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဂျပန်စေတနာ့ဝန်ထမ်းအဖွဲ့(SVA)နှင့် ပူးပေါင်း၍ ပန်းချီပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲသို့ အောင်မြေသာယာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်ခရိုင်ပြန်ဆက်ဦးစီးအရာရှိ ဒေါ်မူမူတင်၊ ဂျပန်စေတနာ့ဝန်ထမ်းအဖွဲ့(SVA)မှ တာဝန်ရှိသူတစ်ဦးနှင့် အောင်မြေသာယာမူလတန်းလွန်ကျောင်းမှ ဆရာမဒေါ်နီလာမြင့်တို့က ဆုများချီးမြှင့်ခဲ့သည်။ အဆိုပါပြိုင်ပွဲကို ကျောင်းသားကျောင်းသူ ကလေးငယ်များ၏ ပန်းချီပညာ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့ရာ အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ တက်ရောက်ကြပြီး သိက္ခာတော်ရဆရာတော် ဆွင်းခင်းမုန်က ဆုတောင်းမေတ္တာပို့သသည်။ ထို့နောက် မြို့ပေါ်ရှိ အသက် ၈၀ ကျော် ဘိုးဘွား ၁၁၇ ဦးအား လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုင်က လူ့ဒါန်းရရှိမှုအခြေအနေကို ရှင်းလင်းကာ အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **နေစု(ချင်းရိုးမ)**

### ခွေးရူးပြန်ရောဂါအကြောင်းအသိပညာပေးဟောပြော

ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သင်တန်းခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့ရာ မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းငွေထွန်းက ကမ္ဘာ့နိုင်ငံများတွင် ခွေးရူးပြန်ရောဂါ ဖြစ်ပွားပုံ၊ ခွေးရူးပြန်ရောဂါ၏ လက္ခဏာများအကြောင်းနှင့် ကာကွယ်ဆေးထိုးရန် အရေးကြီးပုံများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းမှ ပိုင်ရှင်ရှိသော်လည်း စနစ်တကျမွေးမြူထားခြင်းမရှိသည့် ခွေးများကို ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အိမ်တိုက်ရာရောက် လိုက်လံထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



# နိုင်ပွဲဆက်ဦးမယ့် ဘရာဇီးနဲ့ အမှတ်ပြည့်ယူမယ့် အာဂျင်တီးနားတို့ရဲ့ ၂၀၁၈ ကမ္ဘာ့ဖလား တောင်အမေရိကဇုန်ခြေစစ်ပွဲ

မိုးမြင့်လင်းလက်

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့ တောင်အမေရိကဇုန်ပွဲစဉ်တွေကို အောက်တိုဘာ ၇ ရက်မှာ ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ တောင်အမေရိကဇုန်ရဲ့ ကိုးပွဲမြောက် ခြေစစ်ပွဲဖြစ်ပြီး ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် အခုပွဲမှာလည်း နိုင်ပွဲတွေရဖို့ အားကုန်ထုတ်ရဦးမယ့် ပွဲတွေဖြစ်နေပါတယ်။

### ဘရာဇီးနှင့် ဘိုလီးဗီးယား

တောင်အမေကရိဇုန်မှာ ဘရာဇီးတို့ ရှစ်ပွဲကစားပြီးချိန်မှာ ၁၅ မှတ်နဲ့ ဒုတိယနေရာမှာရှိနေပါတယ်။ ဘိုလီးဗီးယားတို့က ခုနစ်မှတ်သာရရှိနေတာမို့ အခုပွဲဟာ ဘရာဇီးအတွက် အနိုင်သုံးမှတ်ကိုရအောင် မဖြစ်မနေပုံဖော်တော့မှာဖြစ်ပါတယ်။ ဘရာဇီးနဲ့ ဘိုလီးဗီးယားတို့ စုစုပေါင်း ၁၀ ကြိမ်တွေ့ဆုံခဲ့မှုမှတ်တမ်းကို ကြည့်ရင် ဘရာဇီးက ခြောက်ကြိမ်နိုင်ပြီး ဘိုလီးဗီးယားက နှစ်ကြိမ်နိုင်ကာ သရေနှစ်ပွဲဖြစ်ထားပါတယ်။ ဘရာဇီးနည်းပြ တစ်တီဟာ နေမာ၊ ဖာမီနို၊ တော့တင်ဟိုနဲ့ ဂါဘရီရယ်တို့အားနဲ့ ဘိုလီးဗီးယားကိုနိုင်ပွဲရအောင် စွမ်းဆောင်မှာမို့ ဒီပွဲဟာ ဘရာဇီးတို့နိုင်ပွဲပဲ ဖြစ်သွားပါလိမ့်မယ်။

### ပီးရူးနှင့် အာဂျင်တီးနား

အာဂျင်တီးနားတို့လည်း တောင်အမေရိကဇုန်မှာ ရှစ်ပွဲကစားပြီး ၁၅ မှတ်ရရှိနေပါတယ်။ ပီရူးတို့ကတော့ ရှစ်ပွဲကစားပြီးချိန်မှာ ခုနစ်မှတ်သာရရှိထားလို့ ခြေစစ်ပွဲအောင်ဖို့ မလွယ်တော့ပါဘူး။ အာဂျင်တီးနားမှာ မက်ဆီမပါနိုင်ဘဲ အဂူရို၊ ဟီဂူအင်၊ ဒီမာရီယာ၊ လာမယ်လာတို့အားကိုးနဲ့ ပွဲထွက်လာမှာဖြစ်ပြီး ပီရူးကို ဖိအားပေးကစားပါလိမ့်မယ်။ အာဂျင်တီးနားတို့က ပီရူးနဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ပွဲရလဒ်တွေကိုကြည့်ရင် တစ်ပွဲမှမရှုံးဘဲ နိုင်ပွဲတွေချည်းရယူနိုင်ခဲ့တာမို့ အခုပွဲမှာလည်း အာဂျင်တီးနားတို့ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

### ဥရုဂွေးနှင့် ဗင်နီဇွဲလား

ဥရုဂွေးတို့ကတော့ တောင်အမေရိကဇုန်မှာ ရှစ်ပွဲကစားပြီးချိန်မှာ ၁၆ မှတ်ရပြီး ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ တိုက်စစ်မှူးတွေက ဂိုးသွင်းသေချာပြီး ခံစစ်ပိုင်းကလည်း ကျစ်လျစ်ခိုင်မာတဲ့ ဥရုဂွေးဟာ အခုချိန်အထိ နိုင်ပွဲမရသေးတဲ့ ဗင်နီဇွဲလားကို ခြေစွမ်းအသာစီးနဲ့ နိုင်ပွဲကို ထုဆစ်ပုံဖော်ပါလိမ့်မယ်။ ဥရုဂွေးမှာ ဆွာရက်ဇ်၊ ကာဗာနီ၊ စတူအာနီတို့က ပွဲရလဒ်ကို ပြောင်းနိုင်သူတွေဖြစ်တာမို့ အခုပွဲမှာလည်း ဗင်နီဇွဲလားတို့ တစ်မှတ်ရဖို့တောင်မလွယ်ပါဘူး။ ဥရုဂွေးတို့ပဲ ဂိုးပြတ်သွင်းပြီး နိုင်ပွဲဆက်ပါလိမ့်မယ်။

### အီကွေဒေါနှင့် ချီလီ

မျှော်လင့်ချက်ထားလို့ရနေသေးတဲ့ အီကွေဒေါဟာ ဒီပွဲမှာ အနိုင်ကစားပြီး ခြေစစ်ပွဲအောင်ဖို့ ခြေတစ်လှမ်းလှမ်းနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ အီကွေဒေါမှာ ကိုင်စီဒို ခြေစွမ်းပြနိုင်ရင် ရလဒ်ကောင်းနိုင်ပေမယ့် ချီလီမှာလည်း ဆန်းချက်စ်၊ ဗီဒယ်၊ ဗားဂတ်စ်၊ ပီနယ်လာတို့ အုပ်စုက ထိုးဖောက်မှုအားကောင်းတာမို့ အခုပွဲဟာ အီကွေဒေါအတွက် ခက်ခဲမယ့်ပွဲပါ။ ခြေစစ်ပွဲအောင်ဖို့ အီကွေဒေါတို့ ခြေကုန်ဖွင့်လာဖို့ရှိနေပေမယ့် ချီလီရဲ့ မဖြစ်မနေနိုင်ပွဲရယူမယ့် စိတ်ဓာတ်ကိုလည်း အသိအမှတ်ပြုစရာဖြစ်နေတာမို့ ချီလီဘက်က အားပေးရမှာဖြစ်ပါတယ်။

### ပါရာဂွေးနှင့် ကိုလံဘီယာ

ကိုလံဘီယာတို့က ရှစ်ပွဲကစားပြီးချိန်မှာ ၁၃ မှတ်ရှိနေပြီး စတုတ္ထနေရာမှာ ရပ်တည်နေပါတယ်။ ပါရာဂွေးတို့ကလည်း ၁၂ မှတ်နဲ့ ဆဋ္ဌမနေရာမှာရှိနေတာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ပါရာဂွေးနည်းပြ အာချီက ပွဲတိုင်းအမှတ်ရအောင် ကြိုးစားနိုင်ပြီး ပွဲထွက်ကစားသမား အခင်းအကျင်းလည်း မှန်ကန်အောင် ထုတ်သုံးနိုင်သူဖြစ်ပါတယ်။ ကိုလံဘီယာမှာ ဂျိမ်း၊ ကွာဒရာဒို၊ မူရီလိုတို့ ပါဝင်ကစားမှာမို့ ပါရာဂွေးလည်း သိပ်တော့မလွယ်ပါဘူး။ ဒီနှစ်သင်းနောက်ဆုံးလေးပွဲ တွေ့ဆုံမှုကိုကြည့်ရင် ကိုလံဘီယာတို့ အနိုင်ရထားတာမို့ အခုပွဲမှာ ကိုလံဘီယာတို့ပဲ နိုင်ပွဲရဦးမယ်လို့ ယုံကြည်ပါတယ်။ ။

# မန်စီးတီးထက် စပါးက ခြေတစ်လှမ်းသာခဲ့ဟု ဂွာဒီယိုလာပြော


ကောင်းမြတ်သူ-စုစည်းသည်။




တော့တင်ဟမ်ဟော့စပါးအသင်းဟာ မန်စီးတီးအသင်းထက် ခြေတစ်လှမ်းသာခဲ့ကြောင်း မန်စီးတီးနည်းပြ ဂွာဒီယိုလာက ဝန်ခံပြောဆိုလိုက်ပါတယ်။ စပါးအသင်းက အိမ်ကွင်းမှာ မန်စီးတီးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ပွဲအပြီးမှာ ဂွာဒီယိုလာက အထက်ပါအတိုင်း ပြောဆိုခဲ့တာဖြစ်ပါတယ်။ မန်စီးတီးရဲ့အခုပွဲမှာ စပါးကို ရှုံးနိမ့်မှုဟာ မန်စီးတီးကို ဂွာဒီယိုလာကိုင်တွယ်ပြီးတဲ့နောက် ပထမဆုံးရှုံးပွဲလည်း ဖြစ်ခဲ့ပါတယ်။

သူတို့ရဲ့ကစားပုံဟာ ပိုပြီးကောင်းပါတယ်။ ဒါကို ကျွန်တော်တို့ လက်ခံရမှာဖြစ်ပါတယ်။ စပါးအသင်းဟာ မန်စီးတီးအသင်းထက် ခြေတစ်လှမ်းသာနေပါတယ်။ သူတို့ဆီက သင်ခန်းစာယူရမှာဖြစ်တယ်လို့ ဂွာဒီယိုလာက ဆိုပါတယ်။ စပါးအသင်းဟာ ဒီနိုင်ပွဲရလိုက်တဲ့အတွက် အမှတ်ပေးဇယားထိပ်မှာရှိနေတဲ့ မန်စီးတီးရဲ့နောက်ကနေ တစ်မှတ်အကွာနဲ့ ကပ်လိုက်လာနိုင်ပါတယ်။ စပါးဟာ မန်စီးတီးနဲ့ အနီးကပ်ယှဉ်ပြီး ဖလားလုမယ့်အသင်း ဖြစ်လာလိမ့်မယ်လို့လည်း ဂွာဒီယိုလာက ဆိုပါတယ်။

# မကြာမီ လီဗာပူးရဲ့ အောင်ပွဲခံမှုကို ပြသသွားမယ်ဆိုတဲ့ ဂျာဂျင်ကလော့



လွန်ခဲ့တဲ့ တစ်နှစ်က လီဗာပူးနည်းပြ ဖြစ်လာတဲ့ ဂျာဂျင်ကလော့က သူ့ရဲ့အသင်းဟာ မကြာမီကာလအတွင်းမှာ အောင်ပွဲခံမှုကို ပြသနိုင်တော့မယ်လို့ ပြောဆိုလိုက်ပါတယ်။ လီဗာပူးအသင်းဟာ ဆွမ်ဆီးကို ဂျိမ်းစ်မီနာရဲ့ နောက်ကျပယ်နယ်တီဂိုးနဲ့ အနိုင်ရပြီးနောက် ပရီမီယာလိဂ်ဇယားထိပ်ဆုံးရောက် မန်စီးတီးနဲ့ နှစ်မှတ်သာ ကွာဟမှုရှိတော့ပါတယ်။

ကျွန်တော်တို့ရဲ့အသင်း အကောင်းဆုံးခြေစွမ်းကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်လို့ နည်းပြ ဂျာဂျင်ကလော့က ဆိုပါတယ်။ ဂျာမနီနိုင်ငံသား ဂျာဂျင်ကလော့ဟာ လွန်ခဲ့တဲ့တစ်နှစ်က ဘရီဒန်းရော်ဂျာရဲ့ရာထူးကို လွှဲပြောင်းရယူပြီး အသင်းရဲ့အောင်မြင်မှုလမ်းကြောင်းကို ဖော်ဆောင်ပေးခဲ့သူဖြစ်ပါတယ်။ လီဗာပူးအသင်းမှာ နှစ်ပေါင်းများစွာ ကစားလာတဲ့ ကွင်းလယ်ကစားသမား ဂျရတ်မရှိကတည်းက ယိမ်းယိုင်လာခဲ့ရာမှာ အောင်မြင်မှုလမ်းကြောင်းပေါ်ကို ပြန်ရောက်အောင် တည့်မတ်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

# နှစ်နှစ်အတွင်း အင်္ဂလန်အသင်းမှာ ပါဝင်ကစားမယ့် ဂျွန်ဆင်

မကြာမီစတင်တော့မယ့် ကမ္ဘာ့ဖလား အုပ်စုခြေစစ်ပွဲအတွက် အင်္ဂလန်အသင်း ယာယီနည်းပြ ဆောက်ဂိတ်က ကစားသမားများစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်ပါတယ်။ နှစ်နှစ်ကြာ အင်္ဂလန်အသင်းက ခေါ်ယူကစားခဲ့ခြင်းမရှိတဲ့ လီဗာပူး နောက်တန်းကစားသမားဟောင်း ဂလင်းဂျွန်ဆင်ကို ပြန်လည်ခေါ်ယူထားပါတယ်။ ဂျွန်ဆင်ဟာ အင်္ဂလန်အသင်းမှာ ၅၄ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ သို့သော်လည်း ၂၀၁၄ ခုနှစ် ဇွန်လက ကမ္ဘာ့ဖလားမှာ ဥရုဂွေးအသင်းကို ရှုံးနိမ့်ပြီးနောက် အင်္ဂလန်အသင်းမှာ ပါဝင်ကစားခဲ့ခြင်း မရှိခဲ့ဘူး။

သူဟာ ဒဏ်ရာရမှုကြောင့် ခုနစ်လကြာ အနားယူခဲ့ပြီးနောက် ယခုနှစ် ပရီမီယာလိဂ်မှာ စတုတ်စီးတီးအသင်းနဲ့အတူ သုံးပွဲပါဝင်ကစားခဲ့ပါတယ်။ လင်းဂတ်၊ ချန်ဘာလိန်း၊ ဘတ်ထရန်း အစရှိတဲ့ ကစားသမားတွေလည်း အင်္ဂလန်အသင်းမှာ ပါဝင်လာပါတယ်။ ရွန်းနေကတော့ အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ပါဝင်မှာဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မော်လ်တာ၊ ဆလိုဗက်ကီးယားအသင်းတွေနဲ့ကစားရမှာဖြစ်ပါတယ်။ ဝဲလ်ကော့သ်၊ စတာလင်းတို့လည်း အင်္ဂလန်နဲ့အတူ ပွဲထွက်ကစားကြမှာ ဖြစ်ပါတယ်။



# သီတင်းကျွတ်နီးလာချိန်တွင် ဒီဇိုင်းလှပသည့် တရုတ်ရောင်စုံစက္ကူမီးပုံးများကို လူကြိုက်များနေ



**စစ်ကိုင်း အောက်တိုဘာ ၄**

သီတင်းကျွတ် မီးထွန်းပွဲတော်ကြီး နီးလာပြီဖြစ်သဖြင့် စစ်ကိုင်းမြို့ စက္ကူရောင်စုံမီးပုံး အရောင်းဈေးကွက်အတွင်း ဒေသထွက်မီးပုံးများနှင့်အတူ ဒီဇိုင်းလှပသည့် တရုတ်နိုင်ငံထုတ် ရောင်စုံစက္ကူမီးပုံးများလည်း ဝင်ရောက်လာလျက်ရှိကာ ဒီဇိုင်းလှပခြင်းကြောင့် လူကြိုက်များပြီး ဈေးကွက်ရရှိနေကြောင်း သိရသည်။

ယခုမီးထွန်းပွဲတော် အကြိုကာလတွင် ဒေသထွက် ရောင်စုံစက္ကူမီးပုံးများ၊ ကြိုးဆွဲမီးထွန်းအရုပ်များ၊ ဆီမီးခွက်များ ဈေးကွက်သို့ ဝင်ရောက်နေသည်နှင့်အတူ ဒီဇိုင်းလှပသည့် တရုတ်နိုင်ငံထုတ် ရောင်စုံစက္ကူမီးပုံးမျိုးစုံမှာလည်း ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံထုတ် မီးပုံးများမှာ တစ်လုံးလျှင် အနည်းဆုံး ငွေကျပ်နှစ်ထောင်မှစ၍ အရွယ်အစားကိုလိုက်ပြီး ဈေးနှုန်းအမျိုးမျိုးရှိကာ ဒီဇိုင်းလှပသဖြင့် ဆွဲဆောင်မှုအားကောင်းပြီး လူကြိုက်များကြောင်း ဒေသခံ ရောင်စုံစက္ကူမီးပုံးအရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို လဆန်း ၁၄ ရက်ညမှ လပြည့်ကျော် ၁ ရက် ညအထိ သုံးရက်တိုင်တိုင် ကျင်းပလေ့ရှိပြီး စေတီပုထိုးများ၊ ဘုရားကျောင်းကန်များ၊ အိမ်များတွင် ဆီမီးများ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကြကာ အချို့ဒေသများတွင် မီးမျှောပွဲများ၊ မီးပုံးပျံများလွှတ်တင်ခြင်း၊ မီးပုံးများချိတ်ဆွဲခြင်းတို့ကို ပြုလုပ်ကြပြီး ကလေးသူငယ်များကလည်း ရောင်စုံစက္ကူအရုပ်များအတွင်း ဖယောင်းတိုင်မီးများထွန်း၍ ကြိုးတပ်ဆွဲကာ တပျော်တပါး မီးထွန်းပွဲတော်ကို နွှဲပျော်ကြသည်။

ယခုနောက်ပိုင်းတွင်မူ သီတင်းကျွတ်ကာလတွင် မီးထွန်းခြင်းသာမက ပတ်ဝန်းကျင်စိတ်အနှောင့်အယှက်ဖြစ်စေပြီး အခန့်မသင့်လျှင် အန္တရာယ်ဖြစ်နိုင်သော ဗြောက်အိုးဖောက်ခြင်းနှင့် မီးပန်းများ ပစ်လွှတ်ခြင်းတို့ကိုလည်း ရိုးရာတစ်ခုသဖွယ် ပြုလုပ်နေကြပြီဖြစ်၍ သက်ဆိုင်ရာဌာနများက ဗြောက်အိုးဖောက်ခြင်း၊ မီးပန်းများပစ်လွှတ်ခြင်းတို့ကို မပြုလုပ်ကြရန်နှင့် သယ်ဆောင်ရောင်းချခြင်းများ မပြုလုပ်ကြရန်တို့ကိုပါ အသိပေး၍ စစ်ဆေးမှုများ ပြုလုပ်နေရလျက်ရှိသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## သစ်လုံးတင်ယာဉ်ကြီးများကြောင့် ယာဉ်အန္တရာယ်များ ဖြစ်ပေါ်နိုင်

**စစ်ကိုင်း အောက်တိုဘာ ၄**

စစ်ကိုင်းမြို့အထက(၃)လမ်းခွဲမှတစ်ဆင့် ရွှေမင်းဝံ-ပတ္တမြားလမ်းမကြီးပေါ်၌ သစ်လုံးတင်ယာဉ်ကြီးများ နေ့စဉ် အခေါက်ပေါင်းများစွာ ဖြတ်သန်းသွားလာနေကြခြင်းကြောင့် ဒေသခံပြည်သူများ၏ ဆိုင်ကယ်နှင့် ယာဉ်ငယ်များ၊ ကျောင်းသားကျောင်းသူလေးများအတွက် ယာဉ်အန္တရာယ်ရှိနိုင်ပြီး မကြာမီခင်းပြီးတော့မည့် လမ်းမကြီးများလည်း ပျက်စီးနိုင်ကြောင်း စစ်ကိုင်းမြို့ခံများနှင့် လမ်းမကြီးအနီးနေထိုင်သူများ၏ ပြောကြားချက်များအရ သိရသည်။

သစ်လုံးတင်ယာဉ်ကြီးများမှာ မန္တလေး စစ်ကိုင်းသစ်ပုံဆိပ်မှ သစ်လုံးကြီးများ တင်ဆောင်ကာ ရတနာပုံတံတားအဆင်း ကျော်ထက်ကွေ့ အဝိုင်းပတ်မှတစ်ဆင့် အထက(၃)လမ်းခွဲမှ ရွှေမင်းဝံ-ပတ္တမြားစက်မှုဇုန်ရှိ သစ်ကွင်းများသို့ ပို့ဆောင်နေကြခြင်းဖြစ်ကြောင်း၊ နေ့စဉ် အခေါက်ရေများပြားစွာ ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။



အဆိုပါ သစ်လုံးတင်ယာဉ်ကြီးများမှာ ယခင်က အဝိုင်းပတ်မှ သမဝါယမတက္ကသိုလ်လမ်းအတိုင်းရွှေမင်းဝံ-ပတ္တမြားစက်မှုဇုန်သို့ မောင်းနှင်ခဲ့ရာမှ သမဝါယမတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီး ဆောက်လုပ်ပြီးချိန်မှစတင်၍ လမ်းကြောင်းပြောင်းကာ ရတနာပုံတံတားအဆင်းမှ ကျော်ထက်ကွေ့တွင် မြို့တွင်းသို့ဝင်လာပြီး အဝိုင်းပတ်မှ အထက(၃)ကျောင်းအနီး လမ်းခွဲတို့ကို ဖြတ်သန်းမောင်းနှင်လာကြခြင်းဖြစ်ရာ အထက(၃)လမ်းခွဲနေရာမှာ ကျောင်းသားကျောင်းသူများနှင့်ပြည်သူများအများဆုံး ဖြတ်သန်းရာနေရာ တစ်ခုဖြစ်သဖြင့် ယာဉ်ကြီးများ ဆက်လက်ဖြတ်သန်းနေပါက ယာဉ်အန္တရာယ်များ ဖြစ်ပွားလာနိုင်ခြင်းကြောင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းစေရေးအတွက် အဆိုပါ သစ်လုံးတင်ယာဉ်ကြီးများကို တင်းတိပ်လမ်းခွဲမှတစ်ဆင့် ခရိုင်ချင်းဆက်လမ်းပေါ်သို့ ဖြတ်သန်းစေ၍ ပတ္တမြားစက်မှုဇုန်သို့ ပို့ဆောင်စေခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းနိုင်ဖွယ်ရှိကြောင်းလည်း ဒေသခံများက အကြံပြုပြောကြားသည်။ **(ဝဖဖ)**

## မတ္တရာမြို့နယ်တွင် လမ်းများခင်းရန် ပြင်ဆင်လျက်ရှိ

**မတ္တရာ အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် ကျေးရွာအုပ်စု လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များမှ လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုအခြေအနေများကို လုပ်ငန်းကြီးကြပ်မှုအဖွဲ့က အောက်တိုဘာ ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

လုပ်ငန်းကြီးကြပ်မှုအဖွဲ့သည် ကျောင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျောင်းကုန်း-ဆည်ကြီးစု ကျေးရွာချင်းဆက်လမ်း အရှည်ပေ ၉၀၀၀၊ အကျယ် ၁၂ ပေ၊ အထက်တောင်ကိုင်းကျေးရွာအုပ်စုရှိ အထက်တောင်ကိုင်း-ရုံးပင် ကျေးရွာချင်းဆက်လမ်း အရှည် ၂ မိုင်၊ အကျယ် ၁၂ ပေနှင့် ဆိပ်သာကျေးရွာအုပ်စုရှိ ကျောက်တံတားချောင်းဘောင်- ကျွဲကျ ကျေးရွာချင်းဆက်လမ်း အရှည် ၄၂၂၈ ပေ၊ အကျယ် ၁၂ ပေ လမ်းများခင်းရန်အတွက် ကျေးရွာအုပ်စု လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များက လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုများကို စစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ယာဉ်မောင်းသူများ အရက်သောက်ထားခြင်း ရှိ မရှိ စစ်ဆေး

**ကလေး အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရန်အတွက် အဝေးပြေးယာဉ်မောင်းသူများအနေဖြင့် အရက်သေစာသောက်စား၍ ယာဉ်မောင်းနှင်ခြင်းမရှိစေရန် အရက်မူးတိုင်းကိရိယာဖြင့် စက်တင်ဘာ ၂၉ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

ကလေးခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုက ဦးဆောင်ပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန ဒုတိယဦးစီးမှူးနှင့် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့တို့က ယာဉ်မောင်းသူများအား တာဟန်းမီးပွိုင့်နှင့် အဝေးပြေးကားကြီးဝင်းအတွင်း လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ယခုစစ်ဆေးခြင်းမှာ ကလေးမြို့၌ ပညာပေးကာလအဖြစ် ပထမဆုံးအကြိမ် စတင်ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင်လည်း အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးခြင်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကာ ယာဉ်မောင်းများ အရက်သေစာသောက်စားထားသည်ကို တွေ့ရှိပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**



## ရွှေ့လျားပညာပေးယာဉ်ဖြင့် မှုခင်းကျဆင်းရေးပညာပေးအစီအစဉ်များ ကွင်းဆင်းဆောင်ရွက်

**မြစ်သား အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုရဲမှူးမျိုးလွင် ဦးဆောင်သော မှုခင်းအသိပညာပေးယာဉ်သည် စက်တင်ဘာ ၁၈ ရက်မှစတင်၍ မန္တလေးခရိုင်နှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် လှည့်လည်၍ ဒေသခံပြည်သူများအား အသိပညာပေးလျက်ရှိရာ အောက်တိုဘာ ၃ ရက်တွင် မြစ်သားမြို့သို့ ရောက်ရှိလာခဲ့ပြီး



တောက်ပရစ်ကဇာတ်ရုံရှေ့တွင် ရပ်တန့်၍ ဒေသခံပြည်သူများအား မှုခင်းပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မှုခင်းအသိပညာပေးယာဉ် ရပ်တန့်ပြသရာသို့ အထက(ကူမဲ)မှ ကျောင်းသားကျောင်းသူများ၊ မြို့နေပြည်သူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်၊ ကြက်ခြေနီ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များက လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ကျောက်ဆည်ခရိုင်မှာ ယာဉ်မတော်တဆမှုဖြစ်ပွားမှု ဒုတိယအများဆုံးခရိုင်ဖြစ်ရာ အဆိုပါ မှုခင်းပညာပေးယာဉ်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှုများအပြင် အခြားမှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာများ အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်များပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ပြခန်းတာဝန်ခံဦးစီးအဖွဲ့နှင့် နယ်မြေခံ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပြီး လာရောက်လေ့လာကြည့်ရှုကြသူ ၁၀၀၀ ကျော်ကို ရှင်းလင်းပြသအသိပညာပေးနိုင်ခဲ့ကြောင်း၊ မှုခင်းပညာပေးယာဉ်မှာ နောက်ရက်များတွင် ရမည်းသင်း၊ မိတ္ထီလာ၊ ညောင်ဦး၊ မြင်းခြံနှင့် ပြင်ဦးလွင်ခရိုင်များသို့ ဆက်လက်သွားရောက်၍ ပညာပေးပြသမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# သန့်စင်ရော်ဘာများထုတ်လုပ်နိုင်ရေး ရေရှည်စီမံကိန်းဖြင့် ဆောင်ရွက်ပေးစေလို

**ရေး အောက်တိုဘာ ၄**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ရော်ဘာခြံလုပ်ငန်းရှင်များအနေဖြင့် သန့်စင်သောရော်ဘာများ ထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ရော်ဘာထုတ်လုပ်သူပညာရှင်များနှင့် စီးပွားရေးကျွမ်းကျင်သူများ အသေးစိတ် ညှိနှိုင်းတိုင်ပင်သုတေသနပြုလုပ်ကာ ရေရှည်စီမံကိန်းဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း ရော်ဘာခြံလုပ်ငန်းရှင်များ၏ ပြောကြားချက်များအရ သိရသည်။

လက်ရှိအချိန်တွင် ရေးမြို့နယ်အတွင်းမှ ရော်ဘာခြံစိုက်ပျိုးသူများအနေဖြင့် သန့်စင်သောရော်ဘာများ ထုတ်လုပ်နိုင်ရန် နေ့စဉ်လိုအပ်သောစရိတ်ကို ရော်ဘာခြံရှင်အများစုက မဖြည့်စွက်နိုင်၍ အလွယ်တကူ ထုတ်လုပ်နိုင်ပြီး ရောင်းရလွယ်သော အထူပြားများကိုသာ အဆင်သင့်သလို ထုတ်လုပ်နေရကြောင်း ရော်ဘာထုတ်လုပ်နေသူများထံမှ သိရသည်။

ရေးမြို့နယ် ရော်ဘာထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးမောင်ဟင်းက သန့်စင်ပြီးရော်ဘာ ဖြစ်မြောက်သည်အထိ လိုအပ်သော စရိတ်စကများနှင့် အသုံးစရိတ်များကို နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဌာနများက ခေတ္တယာယီ စိုက်ထုတ်၍ဖြစ်စေ၊ ချေးငွေထုတ်ပေး၍ဖြစ်စေ၊ ထုတ်လုပ်ရရှိလာမည့် ရော်ဘာများအတွက် ကြိုတင်ငွေပေး၍ ဝယ်ယူသောစနစ်မျိုးနှင့်ဖြစ်စေ လုပ်ဆောင်ပေးနိုင်လျှင် သန့်စင်သောရော်ဘာများကို ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ ရော်ဘာထုတ်လုပ်ငန်းများမှ သန့်စင်ရော်ဘာများကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့လျှင် နိုင်ငံတကာဈေးကွက်မှ ပိုမိုစိတ်ဝင်စားလာပြီး ဈေးကွက်လည်း ပို၍ကျယ်ပြန့်လာနိုင်ကာ ကမ္ဘာ့ဈေးကွက်နှင့်အညီ တန်ဖိုးရလာခြင်းဖြင့် နိုင်ငံတော်အတွက်လည်း အခွန်ငွေပိုမိုတိုးတက်စေမည်ဖြစ်သလို ရော်ဘာခြံရှင်များအနေဖြင့်လည်း ဈေးကောင်းရရှိနိုင်ခြင်းကြောင့် ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်းလည်း အသင်းဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

မွန်ပြည်နယ်အတွင်းမှ ရော်ဘာထွက်ရှိမှုအများဆုံးဖြစ်သော ရေးမြို့နယ်၏ ပြီးခဲ့သည့်နှစ်က ရော်ဘာထွက်ရှိမှုမှာ ၆၁၀၉၄၄၃၃ ပေါင်ဖြစ်ပြီး ဒုတိယအများဆုံး မြို့နယ်ဖြစ်သော ကျိုက်မရောမြို့နယ်မှ ထွက်ရှိမှုမှာ ၃၅၄၁၉၈၄၈ ပေါင်ဖြစ်ကာ တတိယဖြစ်သော သံဖြူဇရပ်မြို့နယ်မှ ရော်ဘာထွက်ရှိမှုမှာ ၃၆၆၃၇၆၃၁ ပေါင်ဖြစ်၍ မွန်ပြည်နယ်တစ်ခုလုံးမှ ပြီးခဲ့သည့်နှစ်တွင် ရော်ဘာထွက်ရှိမှုမှာ ၁၀၅၁၂၉ ဒသမ ၇၃ တန်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**




ရော်ဘာခြံလုပ်ငန်းတစ်ခုမှ အလွယ်တကူ ထုတ်လုပ်ရောင်းချနေသော ရော်ဘာအထူပြားများ

# ရေဝပ်နေသော မြေနိမ့်ပိုင်းရပ်ကွက်များ၌ ရေနုတ်မြောင်းများတူးဖော်ပေးလျက်ရှိ

**ရေစကြို အောက်တိုဘာ ၄**

ရေစကြိုမြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက မြစ်ရေများဝင်ရောက်ခဲ့ပြီး အဆိုပါရေများ မခန်းခြောက်သေးမီ ဩဂုတ်လကုန်နှင့် စက်တင်ဘာလထဲတွင် မိုးသည်းထန်ခဲ့ခြင်းကြောင့် ရပ်ကွက်အတွင်းလမ်းများ၊ အိမ်ဝင်းများတွင် ရေဝပ်နေသည်မှာ နှစ်လကျော်ပြီဖြစ်၍ အဆိုပါရေများကို ထုတ်ပေးနိုင်ရန်အတွက် မြေနိမ့်ပိုင်းရပ်ကွက်တစ်ခုဖြစ်သော ငါးရာပြည့်ရပ်ကွက်၌ ရေနုတ်မြောင်းများ တူးဖော်လျက်ရှိကြောင်း သိရသည်။



ငါးရာပြည့်ရပ်ကွက်တွင် အောက်တိုဘာ ၂ ရက်မှစ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်ယန္တရားကြီးများအသုံးပြု၍ ရေနုတ်မြောင်းများ တူးဖော်နေခြင်းဖြစ်သည်။ “ငါးရာပြည့်ရပ်ကွက်မှာ မြစ်ရေနဲ့ မိုးရေတွေကြောင့် အိမ်ဝင်းနဲ့ လမ်းတွေမှာ ရေဝပ်နေတာ နှစ်လကျော်ကြာလာပြီး ကျန်းမာရေးအတွက်လည်း စိုးရိမ်ရသလို သွားလာရေးတွေလည်း ခက်ခဲနေတဲ့အတွက် ကျွန်တော်တို့ဌာနက ရေနုတ်မြောင်းတွေတူးပြီး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ လမ်းမကြီးများရဲ့ဝဲ/ယာ ရေနုတ်မြောင်းတူးဖော်မှုကတော့ မိုင်ဝက်လောက်ရှိပါတယ်။ လမ်းဖြတ်တွေကိုတော့ ကွန်ကရစ်တံတားငယ်တွေ တည်ဆောက်ပေးမှာပါ”ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်က ပြောသည်။

ငါးရာပြည့်ရပ်ကွက်တွင် ရေနုတ်မြောင်းတူးဖော်ပေးလျက်ရှိသည့်အပြင် ရေစကြိုမြို့မှ အခြားမြေနိမ့်ပိုင်းရပ်ကွက်တစ်ခုဖြစ်သော နှစ်တောင်ပြည့်ရပ်ကွက်အတွင်း၌လည်း ရေနုတ်မြောင်းများကို မြို့နယ်စည်ပင်သာယာရေးဌာနက ပြီးခဲ့သည့်အပတ်အတွင်းက တူးဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။
**ဖေထွဏ်းဇော်(ရေစကြို)**

# ဘားအံမြို့နယ်အတွင်း ပျောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချခြင်းမရှိစေရန်စစ်ဆေး

**ဘားအံ အောက်တိုဘာ ၄**

ရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးရွာများ၌ ပျောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချခြင်းမရှိစေရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ အောက်တိုဘာ ၂ ရက်မှစတင်ပြီး လိုက်လံစစ်ဆေးကာ ရောင်းချခြင်း၊ သိုလှောင်ထားခြင်းများ မပြုလုပ်ကြရန်လည်း ဆိုင်ရှင်များအား အသိပညာပေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂ ရက်တွင် ဘားကပ်ရဲကင်းမှူး ဒုရဲအုပ်စိုးခိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် တရုတ်လုကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှဦးတို့ပါဝင်သောအဖွဲ့များက တရုတ်လုကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များနှင့် နေအိမ်ဈေးဆိုင်များသို့ သွားရောက်၍ ပျောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချခြင်း ရှိ မရှိ လိုက်လံစစ်ဆေးခဲ့ပြီး အဆိုပါ ပစ္စည်းများကို သိုလှောင်ထားခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ကစားခြင်းများ မပြုလုပ်ကြရန်လည်း ဆိုင်ရှင်များနှင့် ကျေးရွာနေပြည်သူများအား အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



## သတင်းတိုများ

### မိုးစပါး ပန်းပွင့်စုံချိန် စိုက်နည်းစနစ် ပညာပေးကွင်းသရုပ်ပြ

မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာ၌ မိုးစပါး ပန်းပွင့်စုံချိန် စိုက်နည်းစနစ် တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂ ရက်က ပြုလုပ်ခဲ့ရာ မင်းဘူး(စကု)မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနေမျိုးကျော်တို့က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက မိုးစပါးစိုက်နည်းစနစ် စမ်းသပ်ကွက်ဆောင်ရွက်ခြင်းနှင့် ပန်းပွင့်စုံချိန်တွင် ကွင်းသရုပ်ပြပွဲ ပြုလုပ်ခြင်းရည်ရွယ်ချက်များကို ဒေသခံတောင်သူများအား ဆွေးနွေးဟောပြောကာ တက်ရောက်လာသော ဥယျာဉ်ဇင်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့် မြောက်မန်းမြောင်းမကြီးရေသောက် စပါးစိုက်ပျိုးသည့်တောင်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းနိုင်ဝင်းနှင့် တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။
**တင်ထွန်းဦး(မင်းဘူး)**

### သက်ကြီးရွယ်အိုများနေ့အခမ်းအနားကျင်းပ

အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဖျော်ဖြေရေးအခမ်းအနားကို ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာ၌ မြို့နယ် ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီက ကြီးမှူး၍ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကော်မတီနာယက ဦးဝင်းမောင်နှင့် ဥက္ကဋ္ဌ ဦးလှမြင့်၊ ကော်မတီဝင်များနှင့် မြို့နယ်အတွင်းမှ ဘိုးဘွား ၁၀၀ ခန့်အား မြို့နယ်ဂီတအစည်းအရုံးမှ အဆိုတော်များက မြန်မာမှုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့သည်။ ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာကို ၁၉၉၂ ခုနှစ် ဇန်နဝါရီလက ပင်မအလှူရှင်များ၏ မတည်လှူဒါန်းမှုဖြင့် စတင်တည်ထောင်ခဲ့ပြီး လက်ရှိအချိန်တွင် ဘိုးဘွား ၁၇ ဦးရှိနေကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

### လျှပ်စစ်အန္တရာယ်ဟောပြောပွဲနှင့်သရုပ်ပြပွဲပြုလုပ်

ကျောက်ဆည်ခရိုင် လျှပ်စစ်မန်နေဂျာရုံးနှင့် ခရိုင် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ လျှပ်စစ်အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ကျောက်ဆည်မြို့ အထက(၂)ကျောင်း အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ပြုလုပ်ခဲ့ပြီး ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းက ကျောင်းသား ကျောင်းသူများအား လျှပ်စစ်သုံးစွဲရာတွင် သတိပြုသင့်သည်များ၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လိုက်နာသင့်သည့်အချက်များ၊ ရှောင်ရှားရမည့်အချက်များကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်မဖြစ်အောင်သုံးစွဲရေး၊ လျှပ်စစ်ဓာတ်လိုက်နေသူအား အခြားသူတစ်ဦးကသွားရောက်ထိတွေ့ပါက ထိုသူပါ ဓာတ်လိုက်တတ်ပုံနှင့် ဓာတ်လိုက်သူအား ကယ်ဆယ်ရမည့် နည်းလမ်းများ၊ လျှပ်စစ်ဓာတ်လိုက်၍ သတိမေ့/အသက်ရှူရပ်ခြင်းများတွင် အသက်အန္တရာယ် မဖြစ်အောင် ရှေးဦးသူနာပြုစုနည်းဖြင့် ကယ်ဆယ်ပုံများကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းများက လက်တွေ့သရုပ်ပြကာ လျှပ်စစ်အန္တရာယ်အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

## မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**သီပေါ အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်လေးရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ အောက်တိုဘာ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းက သင်တန်းစီမံချက်နှင့် အချိန်ဇယားများ၊ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများကို ရှင်းလင်းမှာကြားသည်။ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၇၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ရေဆင်းဆည်ရေကူဖြည့်သွင်းပေးနိုင်ရေးရှာဖွေကြံဆလျက်ရှိ



**ဇူလိုင်မိုး(မြန်မာ့အလင်း)**

ရေဆင်းဆည်ရေလှောင်တမံသည် ဇေယျာသီရိမြို့နယ် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးသီးနှံများအတွက် အဓိကမှီခိုအားထားရာ ဆည်ရေလှောင်တမံကြီးဖြစ်ပြီး အကျိုးပြုသက်တမ်းမှာလည်း နှစ်ပေါင်း ၄၀ နီးပါးမျှ ကြာမြင့်ပြီဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ်များဆီက ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ရေဆင်းဆည်၏ ပျမ်းမျှစီးဝင်ရေပမာဏမှာ နှစ်စဉ်လျော့နည်းကျဆင်းလာလျက်ရှိသလို ပုံမှန်မိုးရေချိန် ၅၀ လက်မ၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၅၃၄၃၂ ဧက ဖြစ်သော်လည်း ၂၀၁၅ ခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ၃၀ ဒသမ ၃ လက်မသာ ရွာသွန်းခဲ့သဖြင့် စီးဝင်ရေ ၁၃၀၇၈ ဧကသာ ရှိခဲ့ရာ တမံအတွင်း ရေဝင်ရောက်မှု လွန်စွာနည်းပါးခဲ့သည်။

ဆည်အတွင်း ရေငွေ့ပျံမှုနှင့် အခြားလေလွင့်ဆုံးရှုံးမှု ရေပမာဏမှာလည်း တစ်နှစ်လျှင် ဧကပေ ၆၀၀၀ ခန့်ဆုံးရှုံးမှုရှိသကဲ့သို့ တစ်ဖက်တွင်လည်း ဆည်ရေဝင်ရောက်မှုနည်းပါးသလို လက်ခံရေနည်းပါးလာသည်နှင့်အတူ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် ရေတွင်းရေကန်များတွင် ရေခန်းခြောက်လာခြင်းကြောင့် ကျေးရွာသောက်သုံးရေနှင့် ကျွဲ၊ နွားတို့အတွက်ပါ အခက်အခဲရှိသဖြင့် ရေဆင်းဆည်ရေလှောင်တမံ၏ ကန်ရေ သေရေလှောင်ပမာဏမှာ ဧကပေ ၁၀၄၀ မျှသာဖြစ်သော်လည်း နှစ်စဉ်ဆည် အတွင်း လက်ခံရေ(ကျန်ရေ)ကို ဧကပေ ၇၀၀၀ အထိထားရှိကြောင်း သိရသည်။ ထို့ကြောင့် မြို့ပြသုံးရေနှင့် ပတ်ဝန်းကျင် ကျေးရွာများ သောက်ရေ၊ သုံးရေအတွက် ဧကပေ ၃၅၀၀၀ အား မဖြစ်မနေ သိုလှောင်ထားရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် မေ ၁၉ ရက်တွင် ရေဆင်းဆည်၏ အနိမ့်ဆုံး ရေအမှတ် ၃၉၇ ဒသမ ၅၊ ပမာဏ ဧကပေ ၈၇၅၀ အထိ လျော့နည်းကျဆင်းခဲ့ရာ ရေဝင်ရောက်မှုအနည်းဆုံးကာလဖြစ်ခဲ့သည်။ ထို့ကြောင့် ယခုနှစ် မိုးစပါးစိုက်ပျိုးသီးနှံများအတွက် ရေကူဖြည့်သွင်းပေးနိုင်ရန် ခက်ခဲလျက်ရှိရာ ရေဆင်းဆည်ရေသောက်တောင်သူများအား ယခုနှစ်တွင် မိုးသီးနှံအဖြစ် စပါးအစား အခြားရေလိုအပ်မှုနည်းပါးသော သီးနှံအမျိုးအစားတို့ကိုအစားထိုးစိုက်ပျိုးကြရန် ကွင်းဆင်းပညာပေးစည်းရုံးခဲ့ကြရသည်။

ထို့ပြင် ရေဆင်းဆည်မှ ဆည်ရေပေးဝေမှုနှင့် စပ်လျဉ်း၍ ရေဆင်းဆည်ရေသောက် တောင်သူများ၊ သတင်းမီဒီယာအဖွဲ့များအားတွေ့ဆုံပြီး ပြည်သူများအား အသိပေးမှုကို စက်တင်ဘာလ ၉ ရက်နေ့က ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ပြီး ရေဆင်းဆည် ရေဝင်ရောက်မှု အခြေအနေနှင့် လတ်တလောကာလ ဆည်မှရေထုတ်လွှတ်ပေးနိုင်ခြင်း မရှိသေးသည့် အခြေအနေများကို အသိပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယခုအခါ ရေဆင်းဆည်တွင် ဝင်လာသမျှ ဆည်ရေကို သိုလှောင်ထိန်းသိမ်းထားလျက်ရှိရာ ၂၀၁၆ ခုနှစ် စက်တင်ဘာလ လကုန်အထိ စုစုပေါင်း ဧကပေ ၃၁၀၀၀ သိုလှောင်ထားနိုင်ပြီဖြစ်သော်လည်း မြို့ပြသုံးရေနှင့် ပတ်ဝန်းကျင် ကျေးရွာများ သောက်သုံးရေအတွက် အမှန်တကယ် သိုလှောင်ထိန်းသိမ်းထားရမည့် ဧကပေ ၃၅၀၀၀ ဖြစ်ရာ ဧကပေ ၄၀၀၀ ခန့် လိုအပ်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ရေဆင်းဆည်စီးဝင်ရေနည်း၍ ရေဆင်းဆည်ရေလှောင်တမံကြီးအား ရေကူဖြည့်သွင်းပေးနိုင်ရေးနည်းလမ်းစုံဖြင့် စူးစမ်းရှာဖွေကြံဆလျက်ရှိသကဲ့သို့ ရေဆင်းဆည်ရေသောက်ဧရိယာအတွင်းတွင်လည်း တိုက်ရိုက်ရေကူ ဖြည့်သွင်းပေးခြင်းနည်းလမ်းများ တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## မှူခင်းသတင်းတိုထွာ

**နေပြည်တော်**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အုတ်ဆုံကျေးရွာနေ ဦးတင်မောင်အေး(၄၉) နှစ်၏ နေအိမ်ခြံဝင်းအတွင်း တရားမဝင် သစ်စက်ထောင်၍ သစ်လုပ်ငန်းလုပ်ကိုင်နေကြောင်းသတင်းအရ အောက်တိုဘာ ၁ ရက် ညနေက ထီးချိုင့်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့ကသွားရောက်ဖမ်းဆီးခဲ့ရာ ၎င်းအား သစ်စက်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင် ပိတောက်သစ်ခွဲစားရှေတုံး ၁၀ တုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ထီးချိုင့်မြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**ဆားလင်းကြီး**

ညောင်ပင်ကြီး-ယင်းမာပင်သွား ကားလမ်းအတိုင်း အရှေ့မှအနောက်သို့ ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာနေ သန့်ဇော်ဦး မောင်းနှင်လာသော လိုက်ထရပ်ယာဉ်နှင့် အနောက်မှ အရှေ့သို့ (အမည်၊ နေရပ်လိပ်စာစုံစမ်းဆဲ) တို့ နှစ်ဦး စီးနင်းမောင်းနှင်လာသည့် ဆိုင်ကယ်တို့သည် မိုင်တိုင်အမှတ် (၄/၇) နှင့် (၄/၈)အကြား၌ အောက်တိုဘာ ၁ ရက် ည ၇ နာရီက မျက်နှာချင်းဆိုင်တိုက်မိကြရာ ဆိုင်ကယ်စီးနင်းလာသူများမှာ ဒဏ်ရာများ ရရှိခဲ့ကာ မုံရွာမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

**သုံးခွ**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာတွင် အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးကြောင်း သိရသည်။

သေဆုံးသူမှာ ဝင်းဝင်းခိုင်(၃၈ နှစ်) သိုက်တူးကန်ကျေးရွာအနောက်ကွင်း သုံးခွမြို့နယ်နေသူဖြစ်ပြီး ၎င်းသည် စက်တင်ဘာ ၃၀ ရက်မွန်းလွဲပိုင်းက သိုက်တူးကန်ကျေးရွာ တောင်ကွင်းနေ အစ်ကိုဖြစ်သူထံသွားမည်ဟု ခင်ပွန်းဖြစ်သူအားပြော၍ နေအိမ်မှထွက်သွားပြီး ပြန်မလာသဖြင့် လိုက်လံရှာဖွေရာမှ ရိုးအကျယ်ပေ ၃၀၀ အနက် ၁၀ ပေခန့်ရှိ ရိုးပြတ်အတွင်း ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိရဘဲ ရေနစ်သေဆုံးသည့် လက္ခဏာဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ဟဲပုကျေးရွာအနောက်ဘက် စက်လှေဆိပ်တွင် စက်တင်ဘာလနောက်ဆုံးပတ်က လုံးတုံနယ်မြေရဲစခန်းမှူး ရဲအုပ်ဗျက်ဆန်းနှင့်တပ်ဖွဲ့ဝင်များသည် ဟဲပုကျေးရွာ အနောက်ဘက် စက်လှေဆိပ်၌ မူးယစ် ဆေးဝါးသတင်းအရ နန့်မွန်းကျေးရွာနေ မနီလာစိုးအား ရှာဖွေခဲ့ရာ ဘိန်းဖြူမှုန့် စုစုပေါင်းအလေးချိန် ၈၉ ဒသမ ၂ ဂရမ်ခန့်နှင့် စိတ်ကြွ ရူးသွပ်ဆေးပြားပေါင်း ၁၂၀၅ ပြား စုစုပေါင်း ငွေကျပ် ၉၈ သိန်းကျော်တို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ၎င်းအား လုံးတုံနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**နီတိုး**

# မွန်ပြည်နယ်၌ တရားမဝင်ရောင်းချနေသော စက်သုံးဆီဆိုင်များရှိနေဆဲ

**ရေး အောက်တိုဘာ ၄**



မွန်ပြည်နယ် ရေးမြို့နယ်အတွင်း လက်ရှိရောင်းချနေသော စက်သုံးဆီဆိုင်များအနက် တရားဝင်ရောင်းချခွင့်ရှိသောဆိုင်မှာ ၁၄ ဆိုင်ရှိပြီး တရားမဝင်ရောင်းချနေသော ဆိုင်မှာ ၃၀ မှ ၄၀ ဝန်းကျင်ခန့်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

"အရင်တုန်းက စက်သုံးဆီဆိုင်တွေကို တစ်ဆိုင်နဲ့တစ်ဆိုင် ၁ မိုင်အကွာအဝေးမှာ ရောင်းချရန် ညွှန်ကြားချက်ရှိတယ်။ ဥပဒေနဲ့အညီ ရောင်းချဖို့ လုပ်ငန်းလိုင်စင် လျှောက်ထားရာမှာ တစ်နှစ်လောက်ကြာတယ်။ ယနေ့အချိန်အထိ သက်ဆိုင်ရာ အဖွဲ့အစည်းတွေထံက ထူးခြားမှုလည်းမရှိ၊ အကြောင်းပြန်တာလည်းမရှိသေးတော့ အခုလို တရားမဝင် စက်သုံးဆီဆိုင်တွေကို အရေးယူတော့မယ်ဆိုတော့ လုပ်ငန်းလိုင်စင်တွေကို အမြန်ဆုံးချပေးစေချင်ပါတယ်" ဟု စက်သုံးဆီဆိုင် လျှောက်ထားဆဲ ရောင်းချနေသူ ဦးမြင့်အောင်က ပြောသည်။

အသေးစားစက်သုံးဆီဆိုင်များတွင် ဘက်ထရီပန့်နှင့်ရောင်းချရာတွင် မီးဘေးအန္တရာယ်ကို ပိုပြီးစိုးရိမ်ရသဖြင့် တရားမဝင် စက်သုံးဆီဆိုင်များကို ပညာပေးကာလတွင် တရားဝင်လျှောက်ထားနိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီဖြစ်ရန်နှင့် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်မညီသော ဆိုင်များကို ဖျက်သိမ်းသွားနိုင်ရန်အတွက် ပညာပေးကာလကို အောက်တိုဘာ ၁၅ ရက်အထိသတ်မှတ်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က ပြောသည်။

အဆိုပါ လိုက်နာခြင်းမရှိသော တရားမဝင်စက်သုံးဆီဆိုင်များကိုပညာပေးကာလ ကျော်လွန်ခဲ့ပါက အရေးယူသွားမည်ဖြစ်ကြောင်း၊ ပညာပေးကာလကုန်ဆုံးချိန် အောက်တိုဘာလလယ်မှစတင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စက်သုံးဆီဆိုင်လုပ်ငန်းရှင်များအသင်းနှင့်သက်ဆိုင်ရာတာဝန်ရှိသူတို့ပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များ ကွင်းဆင်းကာ စစ်ဆေးအရေးယူမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

# ကံကြီးရွာ မိဘမဲ့ကလေးများအတွက် တိုးချဲ့နှားနေဆောင်နှင့် အိပ်ဆောင် ဆောက်လုပ်လျက်ရှိ

**ကျောက်ထု အောက်တိုဘာ ၄**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ကံကြီးကျေးရွာအုပ်စု ပရဟိတကျောင်းနာယက ဘဒ္ဒန္တသုမန၏ ဦးဆောင်မှုဖြင့် မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း ဖွင့်လှစ်ထားရှိရာ ကျောင်းကြီးကြပ်မှုကော်မတီက ကျောင်းသားများအတွက် တိုးချဲ့နားနေဆောင်နှင့် အိပ်ဆောင်ကို စီစဉ်ဆောက်လုပ်လျက်ရှိသည်။

နားနေဆောင်နှင့် အိပ်ဆောင်ကို အလျား ပေ ၆၀၊ အနံ ၂၈ ပေ၊ အမြင့် ၁၃ ပေရှိ အုတ်ညှပ်၊ သွပ်မိုးဖြင့်ဆောက်လုပ်မည်ဖြစ်ကြောင်းနှင့် ငွေကျပ် ၁၁၄ သိန်းကုန်ကျမည်ဟု သိရသည်။

အဆိုပါ မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတကျောင်းကို ကံကြီးကျေးရွာအုပ်စု၌ မိဘမဲ့ကလေးများစောင့်ရှောက်ရေးအတွက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ၅၀ တို့ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဦးအေးလင်း ဖုန်း-၀၉-၂၆၂၇၁၇၇၄၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(၁၀၁)**

# MPT အုပ်စုဝင်ဆင်းကတ်များ စလင်းတွင် မှတ်ပုံတင်ပြုလုပ်ပေး

**စလင်း အောက်တိုဘာ ၄**


မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် MPT အုပ်စုဝင် ဆင်းကတ်များကို ပိတ်ရက်မရှိ တရားဝင်သုံးစွဲနိုင်ရန် မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိသည်။

စလင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးတွင် MPT အုပ်စုဝင် ဆင်းကတ်များ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းကို နေ့စဉ်ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိပြီး ဆင်းကတ်များမှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ယာဉ်မောင်းလိုင်စင်၊ ကျောင်းသားကတ်၊ ဝန်ထမ်းကတ်စသည့် ခိုင်လုံသောစိစစ်ရေးကတ်မိတ္တူပါရှိပြီး မှတ်ပုံတင်လိုသည့် ဆင်းကတ်ပါရှိရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များ ပြည့်စုံပါက အကန့်အသတ်မရှိ မှတ်ပုံတင်နိုင်ကြောင်း ဆက်သွယ်ရေးတာဝန်ခံက ပြောသည်။

ယခင် ငါးသိန်း၊ နှစ်သိန်းတန် ဆင်းကတ်များသည် မူလအမည်ပေါက် တင်ထားခြင်းမဟုတ်ပါက ထပ်မံမှတ်ပုံတင်ရန်လိုအပ်ပြီး မှတ်ပုံတင်ခြင်းလုပ်ငန်း ရပ်ဆိုင်းမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ဖုန်းဘေလ်မကုန်ဘဲ Facebook မှာ
အချိန်ပြည့်ရှိနေဖို့ MPT ရဲ့ Facebook Flex
GO TO FREE
Like, Comment, Share, Post, Upload, Chat
FREE
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday













## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် HSE/2951 Toyota Hiace ယာဉ်အမည်ပေါက်သူ မေတ္တာရောင်ခြည်နာမှုကူညီရေးအသင်းက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၆)၊ ဦးပိုင်အမှတ်(၄၄)၊ ၄၇×၄၈လမ်းကြား၊ ငကြွဲ×ခိုင်ရွှေဝါလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်အောင်ကျော်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၀၃/၂၀၁၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လီဆင်ကြူ(ခ)ခင်ကြူ ၁/မကတ(နိုင်)၀၀၈၃၆၂မှ တောဂရန်တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၇)၊ ဦးပိုင်အမှတ်(၉၄-ခ)၊ ၅၇×၅၈လမ်းကြား၊ မဋ္ဌူ×ခတ္တာလမ်းကြားရှိ ဦးထွန်းရင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးထွန်းရင် ၉/မရမ(နိုင်)၀၇၅၇၁၅မှ မြေချထားစလစ်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စျ(စက်မှု-၂)ရပ်ကွက်၊ အကွက်အမှတ် လလ-၇၈၊ ဦးပိုင်အမှတ် ၅၈၊ ၄၈×၄၉လမ်း၊ မဏ္ဍရာ×တပင်ရွှေထီးလမ်းကြားရှိ ဦးဝင်းမြင့်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကြီးဖြစ်သူ ဦးဝင်းမြင့်(လူပျိုကြီးဘ၀) ဖခင်ဖြစ်သူ ဦးလောချီ၊ မိခင်ဖြစ်သူ ဒေါ်နန်းသန်းတင့်တို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၄၂၁/၂၀၁၅ ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်နန်းအေးဆွေ ၁၃/တကန(နိုင်)၀၈၅၉၄၂ မှ အမှုတွဲအမှတ် ၂၈၅၄/၂၀၁၆-၂၀၁၇ ဖြင့် သစ်/ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၆၈၃၊ ဦးပိုင်အမှတ် ၆၄၊ ၇၃လမ်း၊ ၃၅×၃၆လမ်းကြားရှိ ဟာဂျီကုမာရ်အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဖြစ်သူ ဟာဂျီကုမာရ်(ခ)ဦးတင်အောင်၊ မိခင်ဖြစ်သူ ဒေါ်ငွေရီတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော သားဖြစ်သူ ဦးလှဝင်း(ခ)ဦးဝင်းတင့် ၉/မရတ(နိုင်)၀၇၀၄၇၁မှ ဘိုးဘ အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၃/၅၃ နန္ဒဝန်၊ ဦးပိုင်အမှတ် (မြတ်လေးလမ်း ၂၈)၊ ဧရိယာ ၀ဒသမ ၁၁၀၈ဧကရှိ မြေကွက်ကို ဒေါ်အေးလှအမည်ဖြင့် မြို့မြေအမှုတွဲအမှတ် ၉၃၅/၁၉၉၆ အရ (၁၅-၈-၁၉၉၆)မှ ၁၄-၈-၂၀၂၆ ရက်အထိ နှစ် ၃၀ မြေငှားဂရန်ရရှိထားသော မြေအား ဒေါ်သန်းသန်းဦးမှ ဒေါ်အေးလှထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးအောင်လွင်ထံသို့ ၂၈-၃-၂၀၁၆ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ စာချုပ်အမှတ် ၁၄၇/၂၀၁၆ ဖြင့် တရားဝင်စာချုပ်ချုပ်ဆိုထားသောစာချုပ်(မိတ္တူ/မူရင်း)များတင်ပြကာ ဦးအောင်လွင်မှ ဂရန်အမည်ပြောင်းလျှောက်ထားလာခြင်းအပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူ မည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ နတ်လူထိပ္ပန်ရပ်ကွက်၊ အကွက်အမှတ် ၆၈၆၊ မကျီးကုန်း၊ ဦးပိုင်အမှတ် က-၁/၃၊ ဧရိယာ ၀ဒသမ ၂၉၈ဧကရှိ ဒေါ်ခင်နန်းမွှေးမွှေးဝင်းအမည်ဖြင့် မြေငှားစာချုပ်ရရှိထားသောမြေ၊ ဦးပိုင်အမှတ် က-၁/၁၊ ဧရိယာ ၀ဒသမ ၃၂၂ဧကရှိ ဦးညီညီထွေးအမည်ဖြင့် မြေငှားစာချုပ်ရရှိထားသော မြေနှင့် ဦးပိုင်အမှတ် က-၁/၂၊ ဧရိယာ ၀ဒသမ ၂၉၈ဧကရှိ ဒေါ်ခင်နန်းမွှေးမွှေးဝင်းအမည်ဖြင့် မြေငှားစာချုပ်ရရှိထားသော မြေကွက်များကို စွမ်းအားမြင့် ကုမ္ပဏီလီမိတက်မှ မှတ်ပုံတင်စာချုပ် ချုပ်ဆိုလွှဲပြောင်းဝယ်ယူ၍ မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ပြည့်မြောက်သည့်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မုံရွာမြို့၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၄၂-မြသီတာ)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ ၀ဒသမ ၀၄၈ဧကရှိ မြေကွက်ကို ဒေါ်လေးလေးမင်းမှ မြေငှားစာချုပ်အသစ်ခွင့်ပြုပေးနိုင်ပါရန် တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် လ/န(၃၉)ကျပြီးသော မြေနေရာဖြစ်ပြီး ဦးကျော်ဇေယျမှ ဒေါ်ထားထားမင်းထံသို့ ၃-၃-၁၉၉၇ ရက်တွင် အရပ်စာချုပ်ဖြင့်ရောင်းချခဲ့ပြီး ဒေါ်ထားထားမင်းမှ လက်ရှိအကျိုးခံစားလျက်ရှိကြောင်း တရားရုံးတွင် ကျမ်းကျိန်ဆို၍ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ စာချုပ်အမှတ်(၃၂၄/၂၀၁၆)ဖြင့် တရားဝင်မှတ်ပုံတင်၍ ဒေါ်လေးလေးမင်းထံသို့ ၄-၅-၂၀၁၆ ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ စာချုပ်အမှတ်(၁၇၁/၂၀၁၆)ဖြင့် တရားဝင်စာချုပ်ချုပ်ဆိုထားသောစာချုပ် (မိတ္တူ/မူရင်း)များတင်ပြကာ ဒေါ်လေးလေးမင်းမှ မြေငှားစာချုပ်အသစ်လျှောက်ထားလာခြင်းအပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်တင်ပြနိုင်သူ မည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ် ၂၉၊ ဦးပိုင် အမှတ် ၂၆-ခ(ခဲစင်း)၊ ၇၅×၇၆လမ်းကြား၊ လမ်းသစ်လမ်းမြောက်ဘက်ရှိ ဦးလှ ဂရန်မြေကွက်အား ဖခင် ဦးလှ၊ မိခင် ဒေါ်ခင်သန်းတို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၂၇၆၉/၂၀၁၅ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်မာတူး၊ ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိ၊ ဒေါ်ချယ်ရီ၊ ဦးဘိုနီတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၄၁၄/၂၀၁၆ ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ပေါတင် ၅/ကလတ(နိုင်)၀၀၉၄၅၇မှ ဂရန်စာချုပ်မူရင်းမှာ ဒေါ်ခင်မာတူး ပါ(၅)ဦး လက်ဝယ်တွင် အသိမ်းလွန်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် ခ-၈၊ ဦးပိုင်အမှတ် ၂၉၊ ၄၂×၄၃ လမ်းကြား၊ ၆၆×၆၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဒေါက်တာမောင်မောင်စန်း ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၆၀၄/၂၀၁၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်နုယဉ် ၅/မရန(နိုင်)၀၁၅၄၆၁ မှ မြို့/မြေအမှုတွဲအမှတ်(၂၃၃၄/၂၀၁၆-၂၀၁၇)ဖြင့် အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံမှ ကူးယူထုတ်ပေးခြင်းဖြစ်သည် ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေစာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးဝင်း ၁၀/မလမ(နိုင်)၁၈၀၆၃၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးဝင်း ၁၀/မလမ(နိုင်)၁၈၀၆၃၇ နှင့် ဒေါ်မာလာဝင်း ၁၀/မလမ(နိုင်)၂၃၇၁၄၆ တို့သည် အတူနေ ညီအစ်မရင်းများဖြစ်ပြီး ဒေါ်အေးဝင်းနှင့် အတူနေထိုင်လာခဲ့ကြသူများဖြစ်ပါသည်။ ယခု ၄င်းတို့နေထိုင်လျက်ရှိသော မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ ၇ လမ်း၊ အိမ်အမှတ် ၂၄၃ ဂရန်အမည်ပေါက်နှင့် မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ ၁၁ လမ်း၊ အိမ်အမှတ် ၁၁၇၅၊ (၄၀×၆၀)ပေ မြေကွက်ကိုလည်း ဒေါ်အေးဝင်း တစ်ဦးတည်းပိုင်ဆိုင်လျက်ရှိသော မြေကွက်နှင့်အိမ်များဖြစ်ပါသည်။

ညီမ ဒေါ်မာလာဝင်းသည် ဒေါ်အေးဝင်းနှင့်အတူ နေထိုင်စဉ်ကာလအတွင်း အစ်မဖြစ်သူ ဒေါ်အေးဝင်း ရှာဖွေစုဆောင်းရငွေများအား အလွဲသုံးစားပြုလုပ်ခြင်း၊ ဒေါ်အေးဝင်း၏ ဂုဏ်သိက္ခာ ထိခိုက်စေခြင်း၊ အရှက်ရစေခြင်းများ မကြာခဏပြုလုပ်သဖြင့် ဒေါ်အေးဝင်းအနေဖြင့် အလွန်အမင်း စိတ်ထိခိုက်ခံစားရပါသည်။ ဒေါ်အေးဝင်းမှ ဒေါ်မာလာဝင်းအား အကြိမ်ကြိမ်ပြောဆို ညွှန်ပြဆုံးမသည်ကို နာခံခြင်းမပြုဘဲ ၂၇-၉-၂၀၁၆ ရက်တွင် နေအိမ်မှဆင်းသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ညီမဖြစ်သူ ဒေါ်မာလာဝင်း၏ ကိစ္စအဝဝတို့ကို ယနေ့ ၃၀-၉-၂၀၁၆ ရက်မှစ၍ ကျွန်မတို့မိသားစုနှင့် လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ဒေါ်အေးဝင်းမှ ဒေါ်မာလာဝင်း ကိစ္စအဝဝကို လိုက်လံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ ထို့အပြင် ဒေါ်မာလာဝင်း၏ပိုင်ဆိုင်မှုတစ်စုံတစ်ရာမရှိဘဲ ယခုလက်ရှိ ဖော်ပြပါအိမ်ခြံမြေတို့သည် ဒေါ်အေးဝင်း တစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး ဒေါ်အေးဝင်း၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ခဲ့သည်ရှိသော် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမိုး (LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၄၄၀၃၅**
**အမှတ် ၅၉၈/က၊ တိုးချဲ့ ၂ လမ်း၊**
**မြိုင်သာယာရပ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၉-၂၅၅၈၁၅၂၉၃**

တာမွေ(ယာယီ)ဈေးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ခေတ်မီဈေးသစ်ကြီး တည်ဆောက်သွားမည် စာ-၈

ဒူတက်တေး၏ ပြင်းထန်သော စကားလုံးများကို အမေရိကန် ပြည်ထောင်စုက လျစ်လျူရှုရန် အကောင်းဆုံး လုပ်ဆောင်နေ စာ-၁၀

မြေထဲပင်လယ်အတွင်းက ကယ်ဆယ်ရေးလုပ်သားများရဲ့ ကြိုးပမ်းအားထုတ်မှုများ စာ-၁၁

နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်ပေးမည့် ပထမဦးဆုံးသော အိန္ဒိယဘဏ်ခွဲ မြန်မာနိုင်ငံ၌ စတင်ဖွင့်လှစ် စာ-၁၇


## အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို အောက်တိုဘာ ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ဆောင်ရွက်ရန်လျာထား

စာ-၇




# မြန်မာပို့ကုန်များ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းမည်

**သတင်း- မြင့်မောင်စိုး၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာပို့ကုန်များ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် လွယ်ကူချောမွေ့စွာတင်ပို့နိုင်ရေး လိုအပ်သော ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"တရုတ်ကို မြန်မာနိုင်ငံက ပို့ကုန်တွေတင်ပို့ရာမှာ အဓိကအားဖြင့် လမ်းကြောင်းနှစ်ခု ရှိပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုပြုရာမှာ ပုံမှန်ကုန်သွယ်မှုနဲ့ နယ်စပ်ကုန်သွယ်မှု ဖြစ်ပါတယ်။ ဒီလိုကုန်သွယ်တဲ့နေရာမှာ ကုန်သွယ်မှုအကြား သတ်မှတ်ချက်တွေကွာခြားမှုကြောင့် အချို့ကုန်စည်တွေ ပြည်တွင်းမှ တရားဝင်တင်ပို့သော်လည်း တရုတ်နိုင်ငံဘက်မှ တရားမဝင် သတ်မှတ်တာရှိတဲ့အတွက် နယ်စပ်ကကုန်သွယ်တဲ့နေရာမှာ အရှုံးတွေ အများကြီးရှိပါတယ်။ မြန်မာကုန်သည်တွေဟာ ရသင့်ရထိုက်တဲ့ ပမာဏကိုမရဘူး ဖြစ်နေပါတယ်။ ဒီအတွက် မြန်မာပို့ကုန်တွေ ထိုက်တန်တဲ့အကျိုးအမြတ်ရရှိဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်" ဟု ကုန်သည်/စက်မှုအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးမျိုးသန့်က ပြောကြားသည်။

တရုတ်နိုင်ငံသို့ ပြည်တွင်းမှ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးအတွက် ဂျီနီဗာအခြေစိုက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစင်တာ၏ နည်းပညာပံ့ပိုးသည့်

*စာမျက်နှာ ၅ ကော်လံ ၅* ❁



# တွံတေးမြို့နယ် ရွှေလှေချောင်ကျေးရွာ၌ မြေများနိမ့်ဆင်း၍ ပပ်ကြားအက်များဖြစ်ပေါ်

**တွံတေး အောက်တိုဘာ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရွှေလှေချောင်ကျေးရွာ၌ တိုးမြစ်၊ မအူပင်မြစ်နှင့် တွံတေးတူးမြောင်းတို့ ဆုံရာနေရာ၌ ရေစွယ်ထိုးမှုကြောင့် မြစ်ကမ်းပါးပြိုကျခဲ့သဖြင့် အိမ်ခြေ ၁၃ လုံးကို ကြိုတင်ရွှေ့ပြောင်းပေးခဲ့ရပြီး ယခုအခါ မြစ်ကမ်းဘေးမှ ပေ ၅၀ အကွာ၌ မြေများနိမ့်ဆင်း၍ ပပ်ကြားအက် အရှည်ပေ ၃၀၀ ခန့် အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက ဖြစ်ပေါ်လာကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"မြေတွေ ပပ်ကြားအက်ရတာက ကျွန်မတို့ရွာက တိုးမြစ်နဲ့ တွံတေးတူးမြောင်းဆုံရာမှာရှိပြီး အဲဒီမြစ်နှစ်ခုရဲ့ ရေစွယ်ထိုးမှုကြောင့် ဂလိုင်ဖြစ်ပြီး ပြို ပြိုကျတာပါ။ အခုလိုအက်ကြောင်းတွေပေါ်လာတော့ စိုးရိမ်မိတယ်။ မကြာခင် ပြိုကျတော့မှာပါ။ အခုအက်ကြောင်းက ရွာလယ်လောက်မှာဖြစ်တာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါမြေနိမ့်ဆင်းကာ ပပ်ကြားအက်ကွဲခဲ့မှုကြောင့် အိမ်ခြေလေးလုံး၊ မိသားစုဝင် ၂၀၊ ကွမ်းခြံစိုက်ရန် ပြင်ဆင်ထားပြီး ခြံလေးခြံ၊ ကွမ်းပင် ၁၅၀၀၀ ခန့် ဆုံးရှုံးမှုဖြစ်ကာ အက်ကြောင်းပေါ်လာသဖြင့် ကျေးရွာသဘာဝဘေး ကြိုတင်ကာကွယ်ရေးအဖွဲ့က မိသားစုဝင်များအား ကြိုတင်ရွှေ့ပြောင်းနိုင်ရေး ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**




ရွှေလမင်း ဆေးရုံ

ရွှေလမင်းဆေးရုံ(ဟင်္သာတ)အား မကြာမီအချိန်အတွင်း စတင်ဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်. . .

အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ရုံးကြီးရပ်ကွက်၊ဟင်္သာတမြို့။ ဖုန်း - ၀၄၄-၂၁၃၇၅

ရွှေလမင်းဆေးရုံ(၁) - အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။Hotline : 01-655612

ရွှေလမင်းဆေးရုံ(၂) - အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Hotline : 01-2301949